# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အမျက်ဒေါသ မရှိ**

အမျက်ဒေါသသည် ဆင်းရဲစေ၏။ စိုးရိမ်ပူပန်ရ၏။ ထို့ကြောင့် အမျက်ဒေါသကို ပယ်နိုင်ရန် သည်းခံတတ်သော စိတ်ကို မွေးမြူရာ၏။ အမျက်ဒေါသမရှိ သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံတော်မူသော ရဟန္တာမြတ်တို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့ကြည်ညိုရာ၏။ **ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၄၀၀)**


၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၁ ရက်၊ တနင်္လာနေ့ | အတွဲ (၅၅)၊ အမှတ် (၃၀၁)


# စီ-အယ်လ်-အမ်-ဗွီ၏ အကျိုးတူဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များအောင်မြင်ရေး ပူးပေါင်းမည်




**ရန်ကုန် ဇူလိုင် ၃၁**

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV) လေးနိုင်ငံခရီးစဉ်ဒေသတစ်ခု (Four Countries - One Destination) ကွန်ဖရင့်ကို လေးနိုင်ငံခရီးသွားလုပ်ငန်း ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ဘဏ်လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ပေါင်းစည်းဆောင်ရွက်ခြင်း (Connecting Tourism and Expanding Cooperation in Banking Sector) ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ Melia Yangon Hotel ၌ ယနေ့ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**

နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (BIDV) ရန်ကုန်ရုံးခွဲ ဖွင့်ပွဲကို ကျင်းပရာ BIDV ဥက္ကဋ္ဌ Mr. TRAN BAC HA၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်


*စာမျက်နှာ ၃ ကော်လံ ၁ ✻*


## စေတုတ္တရာ-စလင်း ကားလမ်းပေါ်ရှိ ပဇောချောင်းတံတား ရေတိုက်စား



**စေတုတ္တရာ ဇူလိုင် ၃၁**

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညနေ ၅ နာရီမှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် စေတုတ္တရာ-စလင်းကားလမ်း မိုင်တိုင်အမှတ်(၃၂/၂)နှင့် (၃၂/၃) ကြား (မကြီးစုရွာနှင့် ညောင်အိုင်ရွာအကြား) အရှည်ပေ ၄၀ ရှိ ပဇောချောင်းတံတားနှင့် ကတ္တရာလမ်း ပေ ၄၀ တို့သည် ချောင်းရေတိုက်စားကာ ပြိုကျပျက်စီးခဲ့၍ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခဲ့ရသည်။

အဆိုပါတံတားနှင့် လမ်းပျက်စီးသောနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးစောထူးနှင့်အဖွဲ့ဝင်များသည် ဇူလိုင် ၃၁ ရက်က သွားရောက်၍ ပျက်စီးသွားသော တံတားနှင့်လမ်းတို့ကို အမြန်ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**တင်ထွန်းဦး(မင်းဘူး)**

## မုတ်သုံလေ အားအလွန်ကောင်းနေ

**နေပြည်တော် ဇူလိုင် ၃၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ **(မိုး/ဇလ)**

မြန်မာ့အလင်း

# တင့်တယ်စွာ ပြန်လည်ပေါ်ထွန်းလာမည့် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)

အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ကို ရန်ကုန်မြို့လယ်ကောင်ရှိ အများပြည်သူအလွယ်တကူ ဝင်ထွက်သွားလာနိုင်သည့် နေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်မည့်သတင်း ပေါ်ထွက်လာသောအခါ ချီးမွမ်းထောမနာသြဘာသံများထွက်ပေါ်လာသည်။

ရန်ကုန်မြို့ပြအမွေအနှစ်ဖြစ်ပြီး နှစ်ရာချီသက်တမ်းရှိ ရှေးဟောင်းအဆောက်အအုံတစ်ခုတွင် အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ကို ပြန်လည်အခြေချနိုင်ခြင်းဖြင့် အမျိုးသားအဆင့်နှင့်လျော်ညီစွာ ထိုက်ထိုက်တန်တန်ပြန်လည်နေရာပေးခြင်းဖြစ်၍ ဂုဏ်ယူဝမ်းမြောက်မိသည်။ ၁၉၅၂ ခုနှစ်တွင် ဘားနတ်အခမဲ့ စာကြည့်တိုက်အဖြစ်မှ နိုင်ငံတော်စာကြည့်တိုက်၊ ယင်းမှသည် အမျိုးသား စာကြည့်တိုက်ဘဝသို့ အဆင့်ဆင့်ရောက်ရှိခဲ့သည့် အတိတ်ကာလတစ်လျှောက်လုံးတွင် ကိုယ်ပိုင်အဆောက်အအုံ သီးသီးသန့်သန့် မရှိခဲ့ဘဲ အခြားအဆောက်အအုံများ၊ ရုံးဌာနများနှင့်တွဲ၍ ဖွင့်လှစ်ခဲ့ရသည့် အခြေအနေမှလွန်မြောက်ကာ မိမိတို့၏ အမျိုးသားစာကြည့်တိုက်ဆိုသည်မှာ ဤအရာဖြစ်ပါသည်ဟူ၍ နိုင်ငံတကာနှင့်ယှဉ်၍ ပြသနိုင်ပြီဖြစ်သည်။

အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ကို ပြောင်းရွှေ့ဖွင့်လှစ်မည့် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းပေါ်ရှိ မြန်မာ့ရေနံအဆောက်အအုံတည်ရှိရာနေရာကို ၁၈၅၇ ခုနှစ် ဗြိတိသျှစစ်အင်ဂျင်နီယာအလက်ဇန်းဒါးဖရေဇာ၏ မြို့ကွက်ချပုံစံအရ မြို့လယ်ကောင်ဟု ဆိုနိုင်စေကာမူ မျက်မှောက်ကာလ ပြန့်ကားကြီးထွားလာသော ရန်ကုန်မြို့ကြီး၏ အကျယ်အဝန်းအရဆိုလျှင် ရန်ကုန်အရှေ့ပိုင်း၊ ရန်ကုန်အနောက်ပိုင်း၊ ရန်ကုန်မြောက်ပိုင်းတို့မှ လာရောက်ကြမည့် စာကြည့်တိုက်အသုံးပြုလိုသူများအနေဖြင့် အချိန်များစွာယူကြရမည့် အချက်နှင့်အမျိုးသားစာကြည့်တိုက်အဆောက်အအုံမျက်နှာစာနှင့် ဝန်းကျင်တွင် ပလက်ဖောင်းဈေးသည်များပြည့်ကျပ်စွာ နေရာယူထားကြသည့်အချက်တို့မှလွဲလျှင် အမျိုးသားစာကြည့်တိုက်သည် စာပေဗိမာန်၊ ပုဂ္ဂလိကစာအုပ်ထုတ်ဝေရေးလုပ်ငန်းများ၊ စာအုပ်အရောင်းဆိုင်များစသည့် ရန်ကုန်မြို့၏ စာပေရပ်ဝန်းနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိနေခြင်းဟူသည့် အားသာချက် ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

အမျိုးသားစာကြည့်တိုက်ကြီး ထည်ထည်ဝါဝါ ပေါ်ပေါက်လာပြီးသည့်နောက်တွင် အဓိကအရေးပါသည့်အချက်မှာ စာကြည့်တိုက်ကြီးကို ကျောင်းသူ ကျောင်းသားများ၊ သုတေသီများ၊ စာပေဝါသနာရှင်များအပါအဝင် အများပြည်သူတို့က အမှန်တကယ်ဝင်ထွက်သွားလာအသုံးပြု ဖတ်ရှုလာကြရေးနှင့် စာကြည့်တိုက်၏ဝန်ဆောင်မှုများသည် ပြည်သူကိုဗဟိုပြု၍ ကောင်းမွန်သောဝန်ဆောင်မှုများ ဖြစ်စေရေးတို့ပင် ဖြစ်သည်။ စာကြည့်တိုက်သည် စာအုပ်စာပေများကိုစုဆောင်းကာ သော့ခတ်သိမ်းဆည်းထားသည့် စာအုပ်ဂိုဒေါင်ကြီးသဖွယ်ဖြစ်နေသော အစွန်းတစ်ဖက်နှင့် ထိန်းသိမ်းမှုနှင့် ငှားရမ်းမှုစနစ်လျော့ရဲအားနည်းချက်ကြောင့် စာအုပ်စာတမ်းများ မစုံမလင်ပျောက်ဆုံးရသည့်အခြားအစွန်းတစ်ဖက်တို့ကို ရှောင်လွှဲနိုင်ရမည်ဖြစ်သည်။

အမျိုးသားစာကြည့်တိုက် (ရန်ကုန်) တွင် စုဆောင်းထားသော စာအုပ်စာတမ်းပေါင်း ၁၇၂၅၅၆၊ စာနယ်ဇင်း စုစုပေါင်း ၄၃၅၅၈၀ ကျော်၊ ပေပုရပိုက် ၁၂၃၂၃၊ လက်ရေးစာ ၃၄၅၊ ရှားပါးစာစု ၂၅၄၆၈ နှင့်အခြားစာစုများတို့မှာ သုတေသနပြုလိုသူများ၊ ဗဟုသုတရှာမှီးလိုသူများ၊ အချက်အလက်မှီငြမ်းကိုးကားလိုသူများအတွက် အဖိုးမဖြတ်နိုင်သော ရတနာသိုက်ကြီးသဖွယ်ပင်ဖြစ်ရာ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည့် တာဝန်မှာ စာကြည့်တိုက်ဝန်ထမ်းများသာမက စာကြည့်တိုက်အသုံးပြုသူများအပါအဝင် တစ်မျိုးသားလုံး၏တာဝန်ပင် ဖြစ်သည်။

စာကြည့်တိုက်ဟူသည် မွေ့လျော်ဖွယ်နေရာတစ်ခုမျှသာမဟုတ်၊ လောကသုံးပါးနှင့် အဆက်အဆံပြုသည့်နေရာ၊ အသိသုတတို့ဝေမျှသည့်နေရာ၊ နှလုံးရည် ကိုယ်ရည်ကိုယ်သွေးတို့ ဖွံ့ဖြိုးစေသည့်နေရာ၊ ဉာဏ်ပညာမိုးကုတ်စက်ဝိုင်း ချဲ့ထွင်ရေးအတွက် ကူညီပေးသည့်နေရာဖြစ်သည်ဟု အဆိုရှိသည့်အလျောက် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အဆောက်အအုံကြီး မကြာမီကာလအတွင်း ထည်ဝါခံ့ညားစွာ ပြန်လည်ဖွင့်လှစ်နိုင်မည့်နေ့သစ်ကို ဂုဏ်ယူဝမ်းမြောက်စွာကြိုဆိုပါကြောင်း။ ။




# ကိုရီးယား-မြန်မာ ဂရပ်ဖစ်ဒီဇိုင်းလက်ရာများပြသ

**ရန်ကုန် ဇူလိုင် ၃၁**

ကိုရီးယား-မြန်မာ အစားအသောက်နှင့် ယဉ်ကျေးမှုကို ပုံဖော်ဖန်တီးထားသော ဂရပ်ဖစ်ဒီဇိုင်းလက်ရာများ ပြပွဲကို ဇူလိုင် ၃၀ ရက်နံနက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်း New Treasure Art. Gallery တွင် ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဂရပ်ဖစ်ဒီဇိုင်းပြပွဲတွင် ကိုရီးယားနိုင်ငံမှ ဂရပ်ဖစ်ဒီဇိုင်းပညာရှင် ၄၃ ဦးနှင့်မြန်မာနိုင်ငံမှဂရပ်ဖစ်ဒီဇိုင်းပညာရှင်များ ဖြစ်သည့် ဦးမြင့်မောင်ကျော်၊ စိုးဝင်းငြိမ်း၊ မောင်မောင်အောင်၊ ဝင်းမြင့်ဦး၊ သိန်းရွှေကြည်၊ ကျော်မင်းမောင်၊ ဇော်မောင်တို့၏ လက်ရာပြကွက် ၅၀ ကိုပြသထားကြောင်း သိရသည်။ ယင်းပြကွက်များသည် ဇူလိုင် ၄ ရက်မှ ၁၀ ရက်အထိတောင်ကိုရီးယားနိုင်ငံဘူဆန်မြို့တွင် ပြုလုပ်သည့် The 13th Busan International Design Festival တွင် ပြသခဲ့သည့်ပြကွက်များဖြစ်ကာ ပြပွဲ၌တောင်ကိုရီးယား၊ မြန်မာ၊ တရုတ်၊ ဂျပန်၊ မလေးရှား၊ စင်ကာပူ၊ ထိုင်ဝမ်နှင့် အင်ဒိုနီးရှားတို့မှ ဂရပ်ဖစ်ဒီဇိုင်းပညာရှင် ၁၆၀ တို့၏ လက်ရာများ ပါဝင်ခဲ့ကြောင်း သိရသည်။

ယင်းပြပွဲကို Busan Federation of Designers နှင့် New Treasure Art. Gallery တို့က ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး ပြပွဲကို ဩဂုတ် ၅ ရက်အထိ နံနက် ၁၀နာရီခွဲမှ ညနေ ၆ နာရီအထိ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

**ထင်သာမြင်သာပြုပြင်စရာ**

# ခံနိုင်ဝန်နိမ့်ကျနေသည့်တံတား အမြန်ဆုံးပြုပြင်ပေးစေလို

နေပြည်တော် တပ်ကုန်းမြို့နှင့် အနော်ရထာရပ်ကွက်(ရွာသစ်) ဆက်သွယ်ထားသော နောင်သံ့ခါ(နဝင်းချောင်းကူး) တံတားကြီးသည် နှစ်စဉ်ရေတိုက်စားသဖြင့် ရေလယ်တိုင်များမှာ ပျက်စီးဆွေးမြည့်နေသည်ကို မြင်တွေ့နေရသည်။

အဆိုပါ ချောင်းကူးတံတားသည် ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ၊ ဈေးသည်များ နေ့စဉ်ဖြတ်သန်းသွားလာနေကြသော တံတားတစ်စင်းဖြစ်သည်။ ယခုအခါ ထိုတံတား၏ ခံနိုင်ဝန်မှာ မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားများ၏ ဝန်ကို မထမ်းနိုင်တော့ပါ။ တံတားကြီး၏ ကြံ့ခိုင်မှု အခြေမခိုင်တော့သဖြင့် အန္တရာယ်မဖြစ်မီ တာဝန်ရှိသူများက ပြုပြင်ပေးစေလိုကြောင်း တင်ပြအပ်ပါသည်။

**တင်ထွန်းတာ(တပ်ကုန်း)**



# SIR စိုက်စနစ်ကို ကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြ

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအစုပိုင် ကော်ပိုရေးရှင်းလီမိတက်တို့ ပူးပေါင်း၍ SIR စိုက်စနစ်အား ကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုးပွဲကို ကွမ်းခြံကုန်းမြို့နယ် အင်္ဂလုံးကျေးရွာ တောင်သူဦးသန်းလှ၏ ကွင်းအမှတ် ၃၈၁ ၌ ဇူလိုင်လစတုတ္ထပတ်က ကျင်းပခဲ့သည်။ SIR စိုက်စနစ်ဖြင့် သီးထပ်ရင်ပျိုး ၁၅ ရက်သားပျိုးကို တန်းကြား ၁၁ လက်မ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသခဲ့ကြောင်း သိရသည်။

**၈၀၆၀**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၃၁-၇-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၈၂၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၈၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၄.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၄.၁၃ |
| ထိုင်း | တစ်ဘတ် | ၃၄.၀၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၉၈ |
| တရုတ် | တစ်ယွမ် | ၁၇၇.၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂.၅၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များ၊ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်** (သတင်းစဉ်)

✻ *ရှေ့ဖုံးမှ*

သံအမတ်ကြီး Mr. PHAM THANH DUNG တို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က BIDV ရန်ကုန်ဘဏ်ခွဲမှ အမှုဆောင်အရာရှိချုပ် Mr.Chan Duc Tu ကို ကနဦးဘဏ်ဖွင့်လှစ်ခွင့် လိုင်စင်ပေးအပ်ကာ အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Vu Duc Dam ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် BIDV ဥက္ကဋ္ဌတို့က BIDV ရန်ကုန်ရုံးခွဲ ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့က BIDV ရန်ကုန်ရုံးခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် BIDV ရန်ကုန်ရုံးခွဲမှ တာဝန်ရှိသူတစ်ဦးက ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့အတွက် အမေရိကန်ဒေါ်လာ ၁၃၅၀၀၀ တန်ဖိုးရှိ လူနာတင်ယာဉ်တစ်စီးနှင့် ကွန်ပျူတာများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် Melia Yangon Hotel ဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က အဖွင့်အမှာစကား ပြောကြားပြီး Hoang Anh Gia Lia (HAGL) Corporation CEO Mr.Vo Truong Son နှင့် Melia Hotel International မှ ဒုတိယဥက္ကဋ္ဌ Mr. Bernardo Cabot တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတ၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီးနှင့် တာဝန်ရှိသူတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

Melia Yangon Hotel သည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းပေါ်တွင် တည်ရှိပြီး အသစ်ဖွင့်လှစ်လိုက်သည့် ဈေးဝယ်စင်တာ မြန်မာပလာဇာနှင့် ဆက်စပ်တည်ရှိသည်။ Melia Yangon Hotel ကို ဗီယက်နမ်နိုင်ငံ၏ ထိပ်တန်းအိမ်ခြံမြေ ကုမ္ပဏီဖြစ်သော Hoang Anh Gia Lia (HAGL) group မှ ပိုင်ဆိုင်ပြီး Melia Hotel International သည် ကမ္ဘာအနှံ့ နိုင်ငံပေါင်း ၄၃ နိုင်ငံတွင် ဟိုတယ်ပေါင်း ၃၇၀ကို ဖွင့်လှစ်ထားပြီး ဖြစ်ကြောင်းသိရသည်။

မွန်းလွဲပိုင်းတွင် CLMV နိုင်ငံများ၏ လေးနိုင်ငံခရီးစဉ်ဒေသတစ်ခု ကွန်ဖရင့်ကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမှာစကားပြောကြားရာတွင် “လေးနိုင်ငံခရီးစဉ် ဒေသတစ်ခု အစီအစဉ်သည် ကြီးမားသည့် ထုတ်ကုန်ဈေးကွက်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရရှိရေးအတွက် လွတ်လပ်သော ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်သည့်အတွက် စီ-အယ်လ်-အမ်-ဗွီနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသည့် အခွင့်အလမ်းတစ်ခု ဖြစ်စေပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စီ-အယ်လ်-အမ်-ဗွီ၏ အကျိုးတူ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု ပေးသွားမည်ဟု ကတိကဝတ်ပြုပါကြောင်း၊ အထူးသဖြင့် ခရီးသွားလုပ်ငန်း ဈေးကွက်ဆိုင်ရာ အချိတ်အဆက်များ တည်ထောင်ခြင်း၊ ခရီးစဉ်ဒေသတစ်ခု တည်ထောင်ခြင်းနှင့် တစ်ခုတည်းသော ပြည်ဝင်ခွင့်စနစ်တည်ထောင်ခြင်းများဖြင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မိမိတို့၏ ပူးပေါင်းကြိုးပမ်းမှုဖြင့် စီ-အယ်လ်-အမ်-ဗွီဒေသအတွင်းသာမက ဒေသအပြင် ကမ္ဘာ့နယ်ပယ်အတွင်း ဆွဲဆောင်မှုရှိသော အဓိကကျသည့် ခရီးစဉ် ဒေသကြီးတစ်ခု ဖြစ်လာစေမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ၂၀၁၆-၂၀၁၈ ခုနှစ် စီ-အယ်လ်-အမ်-ဗွီ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ လေးနိုင်ငံခရီးစဉ်ဒေသတစ်ခု အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း ခရီးသွားလုပ်ငန်း အလျင်အမြန်တိုးတက်မှုနှင့်အတူ နိုင်ငံများ၏ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ၊ အဖိုးတန်သမိုင်းနှင့်ယဉ်ကျေးမှု အမွေအနှစ်များပျက်စီးသွားမှု၊ နိုင်ငံလူမျိုးအလိုက် ထူးခြားသည့် လူမှုရေးနှင့် ယဉ်ကျေးမှုအစဉ်အလာကောင်းများ၊ တန်ဖိုးထားမှုများ၊ လွှမ်းမိုးထိခိုက်လာမှု စသည့်အဖျက်သဘော အကျိုးသက်ရောက်မှုများ ရှိလာနိုင်သည်ကို သတိပြုမိရန် လိုအပ်ပါကြောင်း၊

စီ-အယ်လ်-အမ်-ဗွီ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သည် မိမိတို့အချင်းချင်း နီးနီးကပ်ကပ်ဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည့်အတွက် မိမိတို့၏ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်း တိုးတက်မှုများရှိနေသည်ကို တွေ့ရပါကြောင်း၊ ယနေ့ မိမိတို့ တူညီသည့် အကျိုးအတွက် ပေါင်းစည်းညီညွတ်သည့် အင်အားဖြင့် ခရီးသွားလုပ်ငန်း ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးကို ပူးပေါင်းဆောင်ရွက်နေကြပါကြောင်း။

ကောင်းမွန်သည့် တိုးတက်မှုများ စုစည်းရရှိခံစားရပြီး လာမည့်အနာဂတ်နှစ်ပေါင်းများစွာအတွင်း မိမိတို့ ပြည်သူများအတွက် လူနေမှုအဆင့်အတန်း မြှင့်တင်ရေးကို ဆောင်ရွက်ပေးနိုင်မှာ သေချာပါကြောင်း၊ စီ-အယ်လ်-အမ်-ဗွီ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ကြီးအတွင်း ချစ်ကြည်ရင်းနှီးသည့် အစဉ်လာကောင်းများကို ထိန်းသိမ်းရင်း တူညီသောရည်မှန်းချက်များ၊ အကောင်အထည်ဖော်ဆောင်မှုများတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် BIDV ဥက္ကဋ္ဌ Mr. TRAN BAC HA က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များ၊ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များနှင့်အတူအမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

လေးနိုင်ငံခရီးစဉ်ဒေသတစ်ခု ကွန်ဖရင့် ဒုတိယနေ့တွင် လေးနိုင်ငံခရီးသွားလုပ်ငန်းဦးစားပေး ဆောင်ရွက်ချက်များ၏ အလားအလာနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မိတ်ဆက်ပြောကြားခြင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း စံချိန်စံညွှန်းများအရ လေးနိုင်ငံ ဗဟိုဘဏ်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်းဆိုင်ရာများကို ဆွေးနွေးခြင်း၊ CLMV နိုင်ငံများ၏ ထင်ရှားသော ခရီးစဉ် ဒေသများအကြား လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲရေး ဦးစားပေးဆောင်ရွက်ချက်များနှင့် အလားအလာများကို ဆွေးနွေးခြင်း၊ CLMV နိုင်ငံများ အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများကို မြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှု စာချွန်လွှာများကို လက်မှတ်ရေး ထိုးခြင်း (ပုဂ္ဂလိကကဏ္ဍ)၊ လေးနိုင်ငံခရီးသွားလုပ်ငန်း ဝန်ကြီးဌာနများအား လေးနိုင်ငံခရီးစဉ်တစ်ခု ထူထောင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် လေးနိုင်ငံအကြား နှစ်နှစ်တစ်ကြိမ် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပသွားရန် ပူးတွဲကြေညာခြင်းတို့ကို ကဏ္ဍအလိုက် ဆောင်ရွက်ခဲ့ကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Vu Duc Dam အား ရန်ကုန်မြို့ Melia Yangon Hotel ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ- ဗီယက်နမ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ်လုပ်ငန်းကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် Melia Yangon Hotel ၌ ကျင်းပသည့် လေးနိုင်ငံခရီးစဉ်ဒေသတစ်ခု ကွန်ဖရင့်အောင်မြင်စွာ ကျင်းပနိုင်ခြင်း အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်သည်။

မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့သည် လွန်ခဲ့သည့် ခြောက်နှစ်ခန့်မှစ၍ ရင်းနှီးမြှုပ်နှံ မှု၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံ၌ ဗီယက်နမ်နိုင်ငံက အမေရိကန်ဒေါ်လာ ၆၉၃ ဒသမ ၃ မီလီယံ ရင်းနှီးမြှုပ်နှံမှုထားပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် အဆင့် ၁၀ နေရာတွင် ရှိသည်။

၂၀၁၀ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက အဆ ၃၀ ကျော် တိုးတက်လာခဲ့ပြီး ၂၀၁၀ မှ ၂၀၁၅ခုနှစ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှု နှစ်စဉ် ၂၅ ရာခိုင်နှုန်းတိုးတက်နေကြောင်း သိရသည်။ ခရီးသွားလုပ်ငန်းကဏ္ဍတွင်လည်း ၂၀၁၀ ပြည့်နှစ်မှ စတင်ကာ နှစ်စဉ် ၂၄ ရာခိုင်နှုန်းတိုးတက်လျက်ရှိသည်ဟု BIDV ၏ ထုတ်ပြန်ချက်အရ သိရသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Vu Duc Dam တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လေးနိုင်ငံခရီးစဉ် ဒေသတစ်ခု ကွန်ဖရင့်အောင်မြင်စွာ ကျင်းပနိုင်ခြင်း အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်စဉ်** (သတင်းစဉ်)

# လုပ်ငန်းဆောင်ရွက်မှုကို ပြည်သူများ သိရှိနားလည်ပြီး ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်




**နေပြည်တော် ဇူလိုင် ၃၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက စစ်တွေမြို့ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ရခိုင်ပြည်နယ်ရုံးခန်းမ၌ အလုပ်သမားရေးရာဆိုင်ရာ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဝန်ထမ်းများကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် စစ်တွေမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးခန်းမ၌ ပြည်နယ်/ခရိုင် /မြို့နယ် အဆင့်ဝန်ထမ်းများကိုလည်းကောင်း တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ဌာနအလိုက်တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်သူကို ထိရောက်သောဝန်ဆောင်မှုများပေးရေး ၊ ပြည်သူအပေါ်ယဉ်ကျေးပျူငှာစွာဖြင့် ပြည်သူတို့၏ လိုအပ်ချက်ကို ဥပဒေနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ မိမိတို့၏လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ပြည်သူများ သိရှိနားလည်စေရေးအတွက် လိုအပ်သလိုရှင်းလင်းချပြခြင်းဖြင့် ပြည်သူများပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ရေး၊ လုပ်ငန်းဆောင်ရွက်မှုများအပေါ် လာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ လုပ်ငန်းအခက်အခဲများရှိပါကလည်း အဆင့်ဆင့်တင်ပြရန် ညှိနှိုင်းပေါင်းစပ်အဖြေရှာ ဆောင်ရွက်ကြရေးအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အခွန်အများဆုံးထမ်းဆောင်သည့် ကမ္ဘောဇဘဏ်လီမိတက်အား ပြည်တွင်းအခွန်များဦးစီးဌာနက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၃၁**

ကမ္ဘောဇဘဏ်လီမိတက်သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် တစ်နိုင်ငံလုံးတွင် ပထမနေရာမှ ဝင်ငွေခွန်အများဆုံး ထမ်းဆောင်နိုင်ခဲ့သဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

အဆိုပါ ဂုဏ်ပြုမှတ်တမ်းလွှာတွင် "၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် ပထမအများဆုံး ထမ်းဆောင်ခဲ့သော (မြန်မာကုမ္ပဏီ) Kanbawza Bank Ltd. သည် နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာဖြင့် အခွန်ထမ်းဆောင်နိုင်ခဲ့သည့်အပြင် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်လည်း တစ်ထောင့်တစ်နေရာက ပါဝင်ကြိုးပမ်းအားထုတ်ခဲ့မှုအပေါ် ပြည်တွင်းအခွန်များဦးစီးဌာနမှ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် လာမည့် အနာဂတ်ကာလများတွင်လည်း စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုးတိုးတက်ပြီး နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားများကို ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်" ဟု ဖော်ပြထားသည်။

ကမ္ဘောဇဘဏ် လီမိတက်သည် ၂၀၁၁-၂၀၁၂ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်ကျပ် ၆ ဒသမ ဝ၁၅၃၉၇ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ဝင်ငွေခွန်ငွေကျပ် ၁၀ ဒသမ ၈၂၇၇ဝ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ခုနှစ်အတွက် ဝင်ငွေခွန်ငွေကျပ် ၁၇ ဒသမ ဝ၆၂၆၆ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ဝင်ငွေခွန်ငွေကျပ် ၂၂ ဒသမ ဝ၁၃၆၁ ဘီလီယံကို ပေးဆောင်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း ပထမနေရာမှ လေးနှစ်ဆက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်ခဲ့သည်။ ထို့အပြင် ၂၀၁၅-၂၀၁၆ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ကြိုတင်ခွန်ငွေကျပ် ၂၂ ဒသမ ၉၅၉၈၃ ဘီလီယံနှင့် ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ကြိုတင်ခွန်ကျပ်ငွေ ၂၈ ဘီလီယံတို့ကို ပေးသွင်းခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ကြိုတင်ခွန်ငွေကျပ် ၃၂ ဘီလီယံကျော်အား ပေးသွင်းလျက်ရှိသည်။

ကမ္ဘောဇဘဏ် လီမိတက်သည် မြန်မာနိုင်ငံအတွင်း ဘဏ်ခွဲပေါင်း ၄၀၀ ကျော်၊ ATM စက်ပေါင်း ၆၀၀ ကျော်၊ ဝန်ထမ်းစုစုပေါင်း ၁၇၀၀၀ ကျော်ဖြင့် နိုင်ငံ၏ဘဏ္ဍာရေးကဏ္ဍတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်မှုနှင့်အညီ ဘဏ်လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး မကြာမီ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင်လည်း ကိုယ်စားလှယ်ရုံးခွဲကို ဖွင့်လှစ်တော့မည်ဖြစ်သည်။ ထို့အပြင် ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း (KBZ Brighter Future Myanmar Foundation-BFM) ကို တည်ထောင်၍ မြန်မာနိုင်ငံတွင်းရှိ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကာကွယ်စောင့်ရှောက်ရေး၊ Water Project နှင့် အခြားပရဟိတလုပ်ငန်းများကိုလည်း အဆက်မပြတ်ကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။

သဲနိုင်ဦး(မြန်မာစာ)

# ဖားကန့်တွင် ရေမဆေးကျောက်ရှာဖွေသူတစ်ဦး ရေကန်ထဲပြုတ်ကျသေဆုံး

**ဖားကန့် ဇူလိုင် ၃၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်မော်ကျေးရွာအနီးရှိ ရေကန်ထဲသို့ ဇူလိုင် ၂၉ ရက်က လူတစ်ဦး ခြေချော်ပြုတ်ကျခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၉ ရက်မွန်းလွဲပိုင်းက မြို့မရဲစခန်း၏ အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်မော်ကျေးရွာအနီး၌ လူတစ်ဦး ကမ်းပါးယံပေါ်မှ ပြုတ်ကျပျောက်ဆုံးကြောင်း သတင်းအရ မြို့မရဲတပ်ဖွဲ့ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်ဇော်ဦးနှင့်အဖွဲ့က နမ့်မော်ကျေးရွာ ရာအိမ်မှူး ဦးကြည်စိုးအဖွဲ့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ကြသည်။


သေဆုံးသူ ပြုတ်ကျခဲ့သော ရေကန်နှင့် ကမ်းပါးယံကို တွေ့ရစဉ်

ယင်းနေ့ နံနက် ၁၁ နာရီတွင် မောင်ဖြူ (၂၂နှစ်) ရတနာစန်းရှင်လုပ်ကွက် ပျံကျတဲ မော်လကင်ကျေးရွာ ဆိပ်မူအုပ်စု ဖားကန့်မြို့နယ် နေသူသည် နမ့်မော်ကျေးရွာအနီး မြန်မာကြွယ်ဝသောမြေ ကုမ္ပဏီလုပ်ကွက်အတွင်းအမြင့်ပေ ၂၀၀ ခန့်ရှိ ကမ်းပါးယံ၌ ရေမဆေးကျောက်ရှာပြီး အပြန်ခြေချော်၍အောက်ဘက် ရေကန်ထဲသို့ ပြုတ်ကျပျောက်ဆုံးခဲ့သည်။

မိုးများရွာသွန်းနေသဖြင့် အထက်ကမ်းပါးယံမှ မြေစာများပြိုကျနိုင်သည့် အန္တရာယ်ရှိနေ၍ လတ်တလောတွင် ရှာဖွေခြင်း မပြုလုပ်နိုင်သေးကြောင်း သိရသည်။

စိုးနိုင်ဦး(ဖားကန့်)

# ကမ္ဘောဒီးယားသံအမတ်ကြီးအဖြစ် မစ္စတာဆော့ချီအား ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဩဂုတ် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဆော့ချီအား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ဆော့ချီကို ၁၉၇၆ ခုနှစ် ဇွန် ၁၂ ရက်တွင် ပရေဘန်း ဒေသ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်တော်ဝင်တက္ကသိုလ်၊ နိုင်ငံခြားဘာသာသိပ္ပံမှ ပညာရေးဘွဲ့(အင်္ဂလိပ်စာ)ကို လည်းကောင်း၊ ထိုင်းနိုင်ငံ ရန်ခမ်ဟဲန် တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံ(မဟာဘွဲ့) ကိုလည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ၁၉၉၆ခုနှစ်မှစတင်၍ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ယင်းဝန်ကြီးဌာန၌ပင် ရာထူးအဆင့်ဆင့် တိုးမြှင့်ခန့်ထားခြင်းခံခဲ့ရသည်။ ၂၀၁၀-၂၀၁၃ ခုနှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ရှိ ကမ္ဘောဒီးယား ကောင်စစ်ဝန်ချုပ်ရုံး၌ ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်အဖြစ် ယနေ့ထိ တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ဆော့ချီ သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သား သမီး သုံးဦးရှိသည်။

(သတင်းစဉ်)

❍ ကျောဖုံးမှ

အားကစားနည်းဖြင့် မြန်မာလက်ရွေးစင် ရဲထွန်းနောင်က အမျိုးသား ၁၀ မီတာ Air Pistol နှင့် ၆၀ မီတာ Free Pistol ပြိုင်ပွဲများကို လည်းကောင်း၊ မြားပစ်အားကစားနည်းမှ စန်းယုထွေးက (Recurve) ပြိုင်ပွဲ၊ ရန်နောင်စိုးက ဂျူဒိုအားကစားဖြင့် (-100 Kg) တန်းပြိုင်ပွဲ၊ အိအိသက်က ရေကူးအားကစားနည်းဖြင့် အမျိုးသမီး မီတာ 50 Free Style နှင့် သင်မြတ်က အမျိုးသားမီတာ 100 Butterfly ပြိုင်ပွဲများကိုလည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းဖြင့် စန်းနိုင်က အမျိုးသား မီတာ ၅၀၀၀ ပြိုင်ပွဲနှင့် ဆွေလီမြင့်က အမျိုးသမီး မီတာ ၈၀၀ ပြိုင်ပွဲများကို အသီးသီး ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

# အိမ်ပြေးကျောင်းသားနှစ်ဦးအား မိဘရပ်ထံ ပြန်လည်အပ်နှံ

**တောင်ငူ ဇူလိုင် ၃၁**

ဇူလိုင် ၃၀ ရက်က မန္တလေးမှ ရန်ကုန်သို့ထွက်ခွာလာသည့် အမှတ်(၂)အစုန် စာပို့ရထားကို ရေတာရှည်ဘူတာမှ စီးနင်းလိုက်ပါလာသည့် လူငယ်နှစ်ဦးအား မီးရထားလုံခြုံရေး ရထားရဲက မသင်္ကာသဖြင့် မေးမြန်းစုံစမ်းရာ အိမ်ပြေးကျောင်းသားများဖြစ်ကြောင်း သိရှိရသည်။

တောင်ငူဘူတာသို့ ရထားဆိုက်ရောက်ချိန် ည ၁၀နာရီခန့်တွင် ၎င်းတို့နှစ်ဦးကို တောင်ငူရထားရဲစခန်းသို့ ခေါ်ယူ မေးမြန်းစစ်ဆေးခဲ့ရာ အမည်လွှဲ၊ လိပ်စာလွှဲများလိမ်လည်ပေးခဲ့ကြပြီး ဆက်လက်စုံစမ်းရာ မောင်-------(၁၅ နှစ်)နှင့် မောင်-------(၁၄နှစ်)တို့သည် ရေတာရှည်မြို့နယ် ညောင်ပင်သာ ကျေးရွာတွင် နေထိုင်ကြပြီးရေတာရှည် အထက(၁)မှ နဝမတန်းနှင့် အဋ္ဌမတန်းကျောင်းသားများဖြစ်ကြကြောင်း သိရသည်။

၎င်းတို့နှစ်ဦးကို တောင်ငူရထားရဲစခန်းမှ ဒုရဲအုပ်ငွေစိုးနှင့်အဖွဲ့က ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် ၎င်းတို့၏ မိဘများ၊ ညောင်ပင်သာကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်ဦး၊ အတန်းပိုင်ဆရာမ ဒေါ်တင်တင်အေး၊ ဆရာမဒေါ်တင်ဇာစိုးတို့အား ရေတာရှည်ရဲစခန်းသို့ခေါ်ယူပြီး လက်ရောက်အပ်နှံပေးခဲ့ကြကြောင်း သိရသည်။

(၁၁၅)

# မိုးရွာသွန်းပြီးလေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်နှစ်ပင်လဲကျ

**နေပြည်တော် ဇူလိုင် ၃၁**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်တွင် ယနေ့ မွန်းလွဲ ၂ နာရီ ၄၅မိနစ်က မိုးရွာသွန်းပြီး လေပြင်းရုတ်တရက် တိုက်ခတ်ခဲ့ရာ အဆိုပါရပ်ကွက်အတွင်းရှိ အောင်မြေရတနာလမ်း ကံ့ကော်အိမ်ရာ တိုက်အမှတ် (၂၂၅) ကားပါကင်အနီးရှိ မလေးရှားပိတောက်ပင်တစ်ပင် အမြစ်မှ ကျွတ်၍ လဲကျကာ ယင်းအနီး ရပ်ထားသော ဆိုင်ကယ်နှစ်စီးအပါအဝင် မော်တော်ယာဉ်တစ်စီး ထိခိုက်ပျက်စီးမှုများရှိခဲ့သည်။

ထိုသို့ဖြစ်ပွားပြီး သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်နေစဉ်ညနေ ၃ နာရီ မိနစ် ၂၀ က အဆိုပါ ကားပါကင်အနီး အမြင့်ပေ ၅၀ ခန့်ရှိ သစ်ခြောက်ပင်သုံးပင်အနက်မှ တစ်ပင်သည် အမြစ်မှ ကျွတ်၍ ထပ်မံလဲကျပြန်ရာ ယင်းအနီးရှိ တိုက်အမှတ် (၂၂၃) တွင် နေထိုင်သူတစ်ဦး၏ ယာဉ်မှာလည်း အနည်းငယ် ထိခိုက်မှုများရှိခဲ့ကြောင်း သိရသည်။

အဆိုပါသစ်ပင်နှစ်ပင်လေတိုက်၍ နှစ်ကြိမ်လဲကျမှုကြောင့် ပတ်ဝန်းကျင်တွင်နေထိုင်သော ဝန်ထမ်းမိသားစုများ ထိခိုက်မှုမရှိကြောင်းနှင့် ကျန်ရှိသောသစ်ခြောက်ပင်တို့ကိုလည်း သက်ဆိုင်ရာက ရှင်းလင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကိုပေါက်(ဥက္ကာမြေ)

# ရေကြီးမှုကြောင့် ရတနာပုံတက္ကသိုလ် ခေတ္တပိတ်ထားမည်ဟုသိရ

**မန္တလေး ဇူလိုင် ၃၁ -** ရတနာပုံတက္ကသိုလ် ကျောင်းဝင်းအတွင်း ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် ဩဂုတ် ၁ ရက်မှစ၍ ကျောင်းများခေတ္တပိတ်ထားမည်ဖြစ်ကြောင်း၊ ကျောင်းဖွင့်မည့်ရက်အား ထပ်မံအသိပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာမှ ကြေညာသည်။ ထို့အတူ မြစ်ရေများဆက်လက်မြင့်တက်နေမှုကြောင့် ဦးပိန်တံတားဖြတ်သန်းခွင့်ကိုလည်း ယာယီပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

# နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲ တတိယနေ့ အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် ဇူလိုင် ၃၁

**ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ် ဈေးရောင်းပွဲ တတိယနေ့ကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ ဆက်လက်ကျင်းပသည်။**



နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်



ဦးမော်လင်း (မော်လင်း) စာတမ်းဖတ်ကြားစဉ်



ဦးဇော်လင်း (လင်းအေး) စာတမ်းဖတ်ကြားစဉ်



ဦးကိုကိုလှိုင်(ကိုကိုလှိုင်) စာတမ်းဖတ်ကြားစဉ်

စာတမ်းဖတ်ပွဲ တတိယနေ့ နံနက်ပိုင်းတွင် သဘာပတိများအဖြစ် ဦးအောင်ရှင် (မုံရွာအောင်ရှင်)၊ ဦးမြဟန်(မြဟန်) နှင့် ဦးအေးချို(ဦးအေးချို-မဟာဝိဇ္ဇာ) တို့က ဆောင်ရွက်ကြပြီး စာတမ်းရှင် ဦးမောင်မောင်ဦး(ဟိန်းလတ်)က "နိုင်ငံတကာ နိုင်ငံရေးခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိ(ပြည်ပ)"၊ ဦးသန်းအုန်း (မောင်ဇေယျာ)က "မြန်မာ့နိုင်ငံရေး အတ္ထုပ္ပတ္တိစာပေ (၁၉၃၇-၁၉၈၇)"နှင့် ဦးရဲနိုင်အောင်(ကိုဝ)က "နိုင်ငံရေး ဘောဂဗေဒစာပေများ၏ နိုင်ငံရေးအကျိုးသက်ရောက်မှု" စာတမ်းတို့ကို ဖတ်ကြားကြသည်။

မွန်းလွဲပိုင်းတွင် သဘာပတိများအဖြစ် ဒေါက်တာကျော်ဝင်း(ပါမောက္ခ-ငြိမ်း)၊ ဦးကျော်နိုင် (ထက်မြက်)နှင့် ဦးကိုကို(ကို-တက္ကသိုလ်)တို့က ဆောင်ရွက်ကြပြီး စာတမ်းရှင် ဦးမော်လင်း (မော်လင်း)က "မြန်မာ့နိုင်ငံရေးနှင့် စာနယ်ဇင်းများ"၊ ဦးဇော်လင်း(လင်းအေး)က "မြန်မာနိုင်ငံ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများနှင့် နိုင်ငံရေးစာပေ(၁၉၀၀-၁၉၄၀)" နှင့် ဦးကိုကိုလှိုင် (ကိုကိုလှိုင်)က "ခေတ်ပြိုင် နိုင်ငံတကာ နိုင်ငံရေးအတွေးအခေါ်များ" စာတမ်းများကို ဖတ်ကြားကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကြကာ တတိယနေ့ စာတမ်းဖတ်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများက စာတမ်းရှင်များအား ဉာဏ်ပူဇော်ခများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံရေး စာပေ စာတမ်းဖတ်ပွဲ ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က ကျေးဇူးတင်စကား ပြောကြားသည်။

မိုးရာသီ စာအုပ်ဈေးရောင်းပွဲ တတိယနေ့တွင် စာအုပ်တိုက်များမှ စာအုပ်ဆိုင် ၁၇၁ ဆိုင်ကို ဆက်လက် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ စာပေပညာရှင်များ၊ စာပေဝါသနာရှင် ရဟန်းရှင်လူပြည်သူများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများသည် ယနေ့ ရုံးပိတ်ရက်၊ ကျောင်းပိတ် ရက်ဖြစ်သည့်အပြင် လိုချင်သည့် စာအုပ်များကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ဝယ်ယူနိုင်သည့်အတွက် ယခင်နေ့များထက်ပင် အထူးများပြားပြီး ပိုမိုစည်ကားလျက်ရှိကြောင်း တွေ့ရသည်။

တတိယနေ့ စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ စာတမ်းရှင်များ၊ နိုင်ငံရေးနှင့် စာပေနယ်ပယ်များမှ ပညာရှင်များ၊ စာပေဝါသနာရှင်များ၊ နိုင်ငံရေးနှင့် နိုင်ငံရေးစာပေ စိတ်ဝင်စားသူများ၊ ဖိတ်ကြားထားသူများနှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**

**ဓာတ်ပုံ -ဇော်မင်းလတ်**



## အလင်းရောင်စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

**ရန်ကုန် ဇူလိုင် ၃၁**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲ တတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ ဆက်လက်ကျင်းပသည်။

ယနေ့သည် အပြီးသတ်တတိယနေ့ အခမ်းအနားဖြစ်သည့်အတွက် စာပေပညာရှင်များ၊ နိုင်ငံရေးစာပေ စိတ်ပါဝင်စားသူများ၊ တက္ကသိုလ် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၊ စာပေဝါသနာရှင်များ အထူးများပြားလျက်ရှိသည်။ ဈေးရောင်းပွဲတွင် ပုံနှိပ်ထုတ်ဝေသူများ၊ စာပေတိုက်အရောင်းဆိုင်များက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ မြန်မာ့အလင်းသတင်းစာတိုက်ဝန်ထမ်းများ စာပေဗဟုသုတတိုးပွားစေရန် ဖွင့်လှစ်ထားသည့် အလင်းရောင်စာကြည့်တိုက်သို့ မှီငြမ်းကိုးကားနိုင်သော စာအုပ်စာပေများလှူဒါန်းရာ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး ၊ သုတရသစာအုပ်ပေါင်း ၃၀၀ ကျော် ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မြစ်ရေဝင်သည့်ကျေးရွာများ၌ ဆေးဝါးကုသပေးလျက်ရှိ

**ကသာ ဇူလိုင် ၃၁**

ကသာမြို့နယ်ရှိ ရေဝင်ရောက်သော ကျေးရွာများအား ကျန်းမာရေးစောင့်ရှောက်မှု တပ်မတော်မှ ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီခွဲမှစ၍ ညနေ ၅ နာရီခွဲအထိ မြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ရေဝင်ရောက်လျက်ရှိသော စစ်ကုန်း၊ ဥယျာဉ်၊ အင်းဒရန့်ကျေးရွာများသို့ သွားရောက်၍ ဆေးဝါးကုသမှုပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြို့နယ်အတွင်း ရေဝင်ရောက်ခြင်းကြုံတွေ့နေရသော ကျေးရွာများသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် တပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးမင်းညွန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ မြို့နယ်လဝကဦးစီးမှူး ဦးအောင်ကျော်ဝင်းနှင့် ကသာမြို့မ ရဲစခန်းမှူး ဒုရဲမှူးလှဦးတို့အဖွဲ့က အခမဲ့ဆေးကုသပေးရာ လိုအပ်ချက်များမေးမြန်း ဆွေးနွေးပြီး ဆေးဝါးများ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့်အတွက် ဆေးဝါးကုသမှုခံသူများ လာရောက်ကုသကြကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

## နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲစည်ကား

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ နိုင်ငံရေး စာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲကို ယနေ့ တတိယနေ့ (အပြီးသတ်) အဖြစ် ကျင်းပလျက်ရှိရာ စာပေချစ်သူ စာဖတ်ပရိသတ်များ များပြားစွာ လာရောက်လှေ့လာဝယ်ယူလျက်ရှိသည်ကို တွေ့ရသည်။ မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်အတွင်း စာအုပ်အရောင်းဆိုင် ၁၇၁ ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိရာ စာအုပ်စာတမ်း အမျိုးအစားစုံလင်စွာ ရောင်းချပေးလျက်ရှိသည်ကို တွေ့ရသည်။



များပြားလှသော စာအုပ်စာပေ လေ့လာနေသူများထဲမှ ဘဏ်ဝန်ထမ်း တစ်ဦးဖြစ်သူ ကိုအောင်ဇေယျာဦးက "ဒီပြပွဲမှာ ကိုယ်မမြင်ဖူးတဲ့ စာအုပ်စာပေတွေ တွေ့ခွင့်ရပါတယ်။ စာအုပ်ဆိုင်တစ်ဆိုင် သွားဝယ်မယ်ဆိုရင် ဒီလောက်တော့မစုံဘူးလေ။ ဒီမှာက ဈေးလည်း သက်သာတယ်။ ကိုယ့်အတွက်လည်း ဗဟုသုတရမယ့် စာပေတွေ မြင်ရတွေ့ရတာ နှစ်ခြိုက်တာပေါ့။ ဒါကြောင့် ကျွန်တော် လေ့လာပြီးဝယ်နေတာပါ"ဟု ပြောသည်။

စာအုပ်များ ရောင်းချနေသည့် လင်္ကာဒီပစာအုပ်တိုက်မှ ကိုတေဇာကျော်က "ကျွန်တော်တို့ စာအုပ်တိုက်က စာရေးဆရာ ချစ်ဦးညိုရဲ့ ကိုယ်ပိုင်စာအုပ်တိုက်ပါ။ ရောင်းအားအနေနဲ့ ပထမနေ့မှာ ငွေကျပ်သုံးသိန်းကျော် လေးသိန်းနီးပါး ရောင်းရပါတယ်။ ဒုတိယနေ့မှာ ခုနစ်သိန်းနီးပါးဆိုတော့ ကောင်းသော ရလဒ်လို့ ပြောလို့ရပါတယ်။ ဒီပွဲတော်မှာ ဆရာချစ်ဦးညိုရဲ့ဝတ္ထုစာအုပ်အကုန်လုံးကို ၁၀ ရာခိုင်နှုန်းလျှော့ပေးထားပါတယ်။ ရုပ်ပြကတော့ ၂၀ ရာခိုင်နှုန်း လျှော့ပေးထားပါတယ်။ စာပေလောကကြီး တိုးတက်ဖို့နဲ့ စာပေကို တန်ဖိုးထားတတ်ဖို့အတွက် နောင်လာမယ့် မျိုးဆက်သစ်တွေကို ရှေ့မှာဖြတ်သန်းလာတဲ့လူကြီးတွေက စာဖတ်ဖို့တွန်းအားပေးကြပါလို့ အမှတ်တရလေးပြောချင်ပါတယ်"ဟု မေးမြန်းမှုကို ပြောကြားခဲ့သည်။

ဘာသာစကားနှင့် သမိုင်းကြောင်းများ စာအုပ်များကို အဓိကထားရှာဖွေနေသည့် မဆုသဇင်ကျော်ဦးက "ဝယ်တာကတော့ အစုံပါပဲ။ ဝတ္ထုတွေ သမိုင်းကြောင်းတွေ အင်္ဂလိပ်စာနဲ့ ပတ်သက်တာတွေလာဝယ်တာပါ။ ကျွန်မက အင်္ဂလိပ်စာနဲ့ ဝတ္ထုရှည်တွေဖတ်ရတာ သဘောကျတယ်။ စာအုပ်ဆိုင်တွေမြင်ရင် အလွန်သဘောကျတယ်။ ဒီလိုပွဲမျိုးဆို အများကြီးလည်းဝယ်ဖြစ်တယ်။ တစ်စုတစ်စည်းထဲရှိတဲ့အခါကျတော့ ပိုပြီးအဆင်ပြေတယ်။ ဈေးနှုန်းအနေနဲ့ကလည်း ပုံမှန်ထက်စာရင်အများကြီးလျှော့ရောင်းထားတာ တွေ့ရတယ်။ စာအုပ်အဟောင်းတွေလည်း ရှိတဲ့အတွက်ကြောင့် ဝယ်လို့ရတာပေါ့"ဟု ပြောသည်။

ဈေးရောင်းပွဲတော်အတွင်း အပေါ်ဆုံးထပ်ရှိ ရှားပါး စာအုပ်ဟောင်းများ ရောင်းချနေသည့် အောင်သူစာပေမှ ဦးအောင်သူက "သုတရသစာပေနဲ့ ဗဟုသုတရမယ့် စာအုပ်များကို ခင်းကျင်းပြသထားပါတယ်။ ကျွန်တော့်အနေနဲ့ ရှေးဟောင်းစာပေတွေ စုဆောင်းတဲ့နေရာမှာ နှစ်ပေါင်းများစွာ စုဆောင်းရပါတယ်။ ချက်ချင်း လက်ငင်းလည်းမရနိုင်ပါဘူး။ ရှားပါးစာအုပ်တွေဖြစ်ပြီး ရှာရဖွေရ မလွယ်တဲ့အတွက် တန်ဖိုးအနေနဲ့ ပြောရမယ်ဆိုရင် တော်တော်မြင့်ပါတယ်။ ပထမရက်ကတော့ အဟောင်းစာပေတွေက အပေါ်ထပ်ရောက်နေတဲ့အတွက် စာဖတ်ပရိသတ်တွေ မသိတဲ့အတွက် ရောက်မလာကြဘူး။ အဲဒီအတွက် ပထမရက်မှာ လုံးဝမရောင်းရဘူး။ ဒုတိယရက်မှာတော့စာဖတ်ပရိသတ်တွေကို ဈေးပွဲတော်ရဲ့ အဖွဲ့ဝင်တွေကနေပြီးတော့ လမ်းညွှန်ပေးလိုက်တဲ့အတွက် အသင့်အတင့်တော့ ရောင်းရပါတယ်။ ဒီလိုပွဲမျိုးတွေ တစ်နှစ်ကို လေး ငါးကြိမ်လောက် လုပ်ပေးသင့်တယ်။ အဲဒီလို လုပ်ပေးမှ စာဖတ်ချင်တဲ့စိတ်ကလေးတွေ ဖြစ်လာမယ်"ဟုပြောသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၃၁**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ရေဆင်းဆည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်အားပေးပြီး အထိမ်းအမှတ်သစ်ပင်များကို စိုက်ပျိုးပေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် ခရေပင်ကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက ကံ့ကော်ပင်ကို လည်းကောင်း စိုက်ပျိုးပေးပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများက စိုက်ပျိုးပင်များအား သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၁၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် ၅၀၀၀ အား စိုက်ပျိုးပေးခဲ့သည်။ တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့စိုက်ပျိုးသည့် စိုက်ပျိုးပင်စုစုပေါင်းမှာ ၄၃၀၀၂၇ ပင်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ ရေဆင်းဆည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးနေကြစဉ် (မြဝတီ)

# ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီး နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ကွင်းဆင်းစစ်ဆေး

**နောင်ချို ဇူလိုင် ၃၁**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်ရှိ ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီး နယ်မြေလုံခြုံရေး၊ မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရထားရဲတပ်ဖွဲ့ အမှတ်(၁) တပ်ဖွဲ့ခွဲ(မန္တလေး)မှ ဇူလိုင် ၃၀ ရက်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(ယာပုံ)**



အဆိုပါတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူးယာယီဒုတိယရဲမှူးကြီး မြဒွေးသည် အမှတ်(၄) တပ်ခွဲမှူး ဒုတိယရဲမှူး အောင်ဇော်ဦးနှင့်အတူ ဂုတ်ထိပ်တံတားသို့ ရောက်ရှိခဲ့ပြီး တံတားကြီးလုံခြုံရေးတာဝန်ကျ အမှတ်(၅) တပ်ခွဲ၊ တပ်စု(၃)မှ တပ်စုမှူး ရဲအုပ်ဇော်မင်း ဦးစီးတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ တံတားကြီးလုံခြုံရေး၊ ရဲစခန်းလုံခြုံရေး၊ တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေး၊ စည်းကမ်းကောင်းမွန်ရေးနှင့် စည်းလုံးညီညွတ်ရေးစသည်တို့ကို တွေ့ဆုံမှာကြားခဲ့သည်။

ထို့နောက် ယာယီဒုတိယရဲမှူးကြီးသည် ဂုတ်ထိပ်တံတားကြီးသို့ လာရောက်လည်ပတ်ကြသည့် ပြည်သူများနှင့် တွေ့ဆုံကာ မှုခင်းအသိပညာပေးခြင်း၊ တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူလူထုမှ ဝိုင်းဝန်းကူညီပေးကြရန် ဆွေးနွေးပြောကြားပြီး မြန်မာ့ရထားလုပ်ငန်းဥပဒေ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

"တံတားကြီးကို လာရောက်လည်ပတ်တဲ့ ပြည်သူတွေကလည်း ထုတ်ပြန်ထားတဲ့ စည်းကမ်းချက်တွေကို လိုက်နာပြီး အမှိုက်စွန့်ပစ်တာတွေကိုလည်း စနစ်တကျ ပြုလုပ်ပေးခြင်းအားဖြင့် တံတားကြီး ကြံ့ခိုင်မှုနဲ့ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပဖို့ကို အထောက်အကူပြုပေးနိုင်မှာဖြစ်ပါတယ်"ဟု ယာယီဒုတိယရဲမှူးကြီးက ပြောကြားခဲ့သည်။

ဆက်လက်၍ ဂုတ်ထိပ်တံတားမှ နောင်ချိုမြို့သို့ ပြန်လည်ထွက်ခွာ၍ နောင်ချိုဘူတာရှိ ရထားရဲတပ်ဖွဲ့၊ တပ်ခွဲ(၅)၊ တပ်စု(၃)(နောင်ချို)သို့ ရောက်ရှိပြီး တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံကာ စိုက်ပျိုးရေး၊ မွေးမြူရေး ဆောင်ရွက်ထားမှုများကို လိုက်လံစစ်ဆေးပြီး မြန်မာ့မီးရထား(ပြင်ဦးလွင်)ဘူတာသို့ ဆက်လက်ထွက်ခွာ၍ အမှတ်(၁၃၂)အစုန် လားရှိုး-မန္တလေးရထားပေါ်ရှိ ရထားခရီးသည်များနှင့်တွေ့ဆုံပြီး မီးရထားလုပ်ငန်းဥပဒေ ၂၀၁၆ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **အောင်ရဲသွင်**

❂ *ကျောဖုံးမှ*

ငါးဖမ်းဆီးရေးလုပ်ငန်းများ၏ ဖမ်းဆီးရရှိမှု လျော့နည်းကျဆင်းမှုကြောင့် လည်းကောင်း၊ ရရှိလာသည့် အခွင့်အလမ်းကောင်းများနှင့် အလှမ်းကွာဝေးနေဆဲဖြစ်ကြောင်း၊ ယင်းအခက်အခဲများကို နိုင်ငံတော်အစိုးရက ကူညီဦးဆောင်ဖြေရှင်းပေးခြင်း၊ လိုအပ်သည်များ ကူညီထောက်ပံ့စီမံဆောင်ရွက်ပေးခြင်း၊ တိုးတက်မည့်လုပ်ငန်းစဉ်များကို ကောင်းမွန်ပြည့်စုံသည့် မူဝါဒနှင့် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ထုတ်လုပ်မှုတိုးပွားကာ ပြည်ပတင်ပို့မှုများလည်း မြင့်မားတိုးတက်လာနိုင်ကြောင်း ရေထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းရှင်များက သုံးသပ်ထားသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ပစ္စည်းများ တင်ပို့မှုအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၈၂ ဒသမ ၂၅ သန်းရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၀၂ ဒသမ ၆၃ သန်းရှိခဲ့ကြောင်း သိရသည်။

သို့သော်လည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ပြည်ပတင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၆၅၃ ဒသမ ၈၅၀ သန်းဖြင့် အများဆုံးရရှိခဲ့ပြီး နောက်ပိုင်းတွင် ငါးဖမ်းဆီးရရှိမှု လျော့နည်းလာခြင်းကြောင့် ပြည်ပတင်ပို့မှုလည်း တဖြည်းဖြည်းလျော့နည်းလာကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ထုတ်ပြန်သော စာရင်းဇယားများတွင် ဖော်ပြသည်။

ရေထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းသည် အခြားသော သယံဇာတများနှင့်မတူဘဲ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်လာပါက ထုတ်လုပ်မှုနှင့် တင်ပို့မှုများပြန်လည်မြင့်တက်လာနိုင်ကြောင်း သိရသည်။

## ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဇူလိုင် ၃၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ မိုးသည်းထန်နိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။ **(မိုး/ဇလ)**

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့် အခြေအနေ

**နေပြည်တော် ဇူလိုင် ၃၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မန္တလေး၊ မကွေး၊ တနင်္သာရီ၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ လည်းကောင်း၊ ပဲခူး၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်၊ မွန်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်လည်းကောင်း မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ထိုင်းနိုင်ငံတစ်ဝန်း တရားမဝင်မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ဩဂုတ်လဆန်းပိုင်းတွင် စစ်ဆင်ရေးတစ်ရပ်အသွင် ဖမ်းဆီးအရေးယူမည်ဟုဆို

**ဗန်ကောက် ဇူလိုင် ၃၁**

ထိုင်းနိုင်ငံအတွင်း လာရောက် အလုပ်လုပ်ကိုင်လျက်ရှိသည့် တရားမဝင်မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ဩဂုတ်လဆန်းပိုင်းတွင် စစ်ဆင်ရေးတစ်ရပ်အသွင်ဖြင့် ထိုင်းနိုင်ငံတစ်ဝန်း ပိုက်စိပ်တိုက် ရှာဖွေဖမ်းဆီးအရေးယူသွားမည်ဟု သိရသည်။

ဖမ်းဆီးအရေးယူရာတွင် ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် ထိုင်းနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားအားလုံး ပပျောက်ရေးရည်ရွယ်ချက်ဖြင့် ဖမ်းဆီးခြင်းဖြစ်ပြီး အခြားသော အာဆီယံနိုင်ငံများဖြစ်သည့် စင်ကာပူနှင့် မလေးရှားနိုင်ငံများနည်းတူ အဆိုပါနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လိုပါက သက်ဆိုင်ရာ မိမိ၏တိုင်းပြည်မှ MoU စနစ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်ရသကဲ့သို့ ထိုင်းနိုင်ငံအနေဖြင့် အလားတူစနစ်ကို စနစ်တကျ ပြန်လည်ကျင့်သုံးဆောင်ရွက်ရန် ရည်ရွယ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံအလုပ်ရှင်များအနေဖြင့် တရားမဝင် အလုပ်သမားများ အသုံးချ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လူ့အခွင့်အရေးချိုးဖောက်ကာ စီးပွားရေးလုပ်သည့်ဖြစ်စဉ်များကြောင့် ထိုင်းမဟာမိတ်ဖြစ်သည့် အမေရိကန်၊ ဥရောပ အစရှိသည့် နိုင်ငံများမှ အရေးယူသတိပေးခြင်း ခံခဲ့ရပြီး ထိုင်းနိုင်ငံမှထွက်ကုန်များ ထိုနိုင်ငံများသို့ အကုန်တင်ပို့ခွင့်မရှိခြင်း၊ နိုင်ငံစီးပွားရေးပြဿနာများ ဖြစ်ပေါ်ဖြေရှင်းနေရခြင်းများကြောင့် နိုင်ငံအတွင်း တရားမဝင်လာရောက်အလုပ်လုပ်ကိုင်သူအားလုံး မိမိနိုင်ငံများသို့ ပြန်လည်ပို့ဆောင်ရန်ဖြစ်ကြောင်း၊ တရားဝင်နည်းလမ်း MoU စနစ်ဖြင့် ပြန်လည်ဝင်ရောက် အလုပ်လုပ်ကိုင်ခွင့်ရှိကြောင်း၊ စစ်ဆေးအရေးယူမှုတွင် တရားမဝင် အလုပ်သမားများအား လက်ခံအလုပ်ခန့်အပ်ထားမှုများ စစ်ဆေးတွေ့ရှိပါက အဆိုပါကုမ္ပဏီများ၊ အလုပ်ရှင်များကို တရားမဝင်အလုပ်သမားတစ်ဦးလျှင် ဘတ်ငွေတစ်သိန်းနှုန်းဖြင့် ဒဏ်ငွေတပ်ရိုက်မည်ဖြစ်ကြောင်း သိရသည်။

ရှာဖွေဖမ်းဆီးမှုတွင် မိမိငှားနေရာ အိမ်ရာတိုက်ခန်းအားလုံးအထိဝင်ရောက်ဖမ်းဆီးခြင်း၊ ပန်းခြံကုန်တိုက်အတွင်းထိ ဝင်ရောက်ဖမ်းဆီးခြင်း၊ လမ်းသွားလမ်းလာနေစဉ် စစ်ဆေးမေးမြန်းဖမ်းဆီးခြင်း၊ အလုပ်ရုံ၊ အိမ်၊ ဥယျာဉ်ခြံများအတွင်း ဝင်ရောက် စစ်ဆေးဖမ်းဆီးခြင်း၊ ဈေးများအတွင်း လိုက်လံဖမ်းဆီးခြင်းများအထိ ထိုင်းတပ်မတော်နှင့် ရဲတပ်ဖွဲ့တို့က စစ်ဆင်ရေးတစ်ရပ်အသွင် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံမှလာသည့် သတင်းများအရ သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# မန္တလေးမြို့၌ (၂၁)ရာစု ပင်လုံငြိမ်းချမ်းရေး ညီလာခံထောက်ခံကြိုဆို



**မန္တလေး ဇူလိုင် ၃၁**

မန္တလေးမြို့တွင် (၂၁)ရာစု ပင်လုံ ငြိမ်းချမ်းရေးညီလာခံကျင်းပရေးကို ပြည်သူများက ထောက်ခံကြိုဆိုသောအားဖြင့် လမ်းလျှောက်ချီတက်မှုကို ဇူလိုင် ၃၁ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

"(၂၁)ရာစု ပင်လုံညီလာခံဟာ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားအားလုံးအတွက် အလွန်ကို အရေးကြီးပါတယ်။ နိုင်ငံသားအားလုံး လိုချင်နေတဲ့ ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းယူဆောင်ပေးနိုင်တဲ့အထိ လုပ်ငန်းစဉ်ချမှတ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အနေနဲ့ အခုလို ထောက်ခံကြိုဆို လမ်းလျှောက်ပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်" ဟု လမ်းလျှောက်ချီတက်ရာတွင် ပါဝင်သူတစ်ဦးက ပြောသည်။

အဆိုပါလမ်းလျှောက်ချီတက်မှုကို ကိုးရက် ပြုလုပ်သွားမည်ဖြစ်ပြီး ပထမနေ့ လမ်းလျှောက်ခြင်းကို နိုင်ငံရေးအင်အားစုများမှ ဦးဆောင်၍ ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီတွင် မဟာမုနိဘုရားကြီးအရှေ့ မုခ်ပေါက်ဝမှစတင်၍ မင်္ဂလာမန္တလေး အထိ တစ်နာရီခန့်ပြုလုပ်ခဲ့သည်။

"မန္တလေးမြို့နေရာအနှံ့ နေ့စဉ်နေရာမထပ်ဘဲ ကိုးရက်လုံးလမ်းလျှောက်တာကို ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့အတူ ပြည်သူများအနေနဲ့ ပါဝင်ချင်လည်း ကိုယ်တိုင်ပါဝင်လို့ရပါတယ်။ ဒီနေ့ကတော့ ပုသိမ်ကြီးမြို့နယ်က တောင်သူလယ်သမားတွေနဲ့ လမ်းလျှောက်တာကို ပြုလုပ်ခဲ့တာပါ" ဟု တာဝန်ရှိသူတစ်ဦးက ဆိုသည်။

လမ်းလျှောက်ပွဲတွင် ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး၊ အမျိုးသားသင့်မြတ်ရင်ကြားစေ့ရေး၊ ပြည်တွင်းစစ်ချုပ်ငြိမ်းရပ်စဲရေးနှင့် (၂၁)ရာစုပင်လုံအောင်ရမည်ဟု ကြွေးကြော်သံလေးချက်ဖြင့် လူအင်အား ၅၀ ခန့်ပါဝင်ခဲ့ကာ ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၈ ရက်အထိ ကိုးရက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ခုံသမာဓိကောင်စီနှင့် ခုံသမာဓိအဖွဲ့အလုပ်သမားကိုယ်စားလှယ်များ ရွေးချယ်ပွဲနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် ကန့်ကွက်သူများ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၃၁**

ခုံသမာဓိကောင်စီအလုပ်သမား ကိုယ်စားလှယ်ရွေးချယ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ အလုပ်သမားကိုယ်စားလှယ် ရွေးချယ်ပွဲတို့နှင့်ပတ်သက်၍ အလုပ်သမားအဖွဲ့အစည်းအချင်းချင်း သဘောထားကွဲလွဲခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ကန့်ကွက်စာများ ပေးပို့ခဲ့သဖြင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကန့်ကွက်စာပေးပို့ကြသော အလုပ်သမားအဖွဲ့အစည်းများမှ အဖွဲ့အစည်းဝင်တို့သည် ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ် (၄၃)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန သင်တန်းကျောင်း(ပင်လုံခန်းမ)၌ ပွင့်လင်းမြင်သာစွာ ဆွေးနွေးဖြေရှင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ အလုပ်သမားအဖွဲ့ချုပ် ခြောက်ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် အလုပ်သမားအဖွဲ့အစည်းများ၊ မြို့နယ် အလုပ်သမားအဖွဲ့အစည်းများ၊ အခြေခံအလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ကန့်ကွက်သူများ အပါအဝင် စုစုပေါင်း ၂၅၂ ဦး တက်ရောက်ခဲ့ကြသည်။ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပြီး အလုပ်သမားကိုယ်စားလှယ်များကို အလုပ်သမားများကိုယ်တိုင် ရွေးချယ်ရမည့် လုပ်ငန်းစဉ်ဖြစ်သော်လည်း ဝန်ကြီးဌာနအနေဖြင့် ပါဝင်ကူညီဆောင်ရွက်ခဲ့မှု အခြေအနေနှင့် ရေရှည်သွားရမည့် ရွေးချယ်ရေးလုပ်ငန်းစဉ်တို့နှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် လက်ရှိတာဝန်ထမ်းဆောင်နေသော ခုံသမာဓိကောင်စီများက ယခင်ရွေးချယ်ပွဲအခြေအနေများနှင့် အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ရွေးချယ်ရေးကော်မရှင်အဖွဲ့ဝင်များက ဥပဒေနှင့်အညီ တက်ရောက်လာသော အလုပ်သမားကိုယ်စားလှယ်များကို စိစစ်ခဲ့မှုအခြေအနေ၊ ရွေးချယ်ခံမည့်ကိုယ်စားလှယ်လောင်း အမည်စာရင်းများကို တောင်းခံခဲ့သည့်အခြေအနေ၊ တက်ရောက်လာသော အလုပ်သမားကိုယ်စားလှယ်များနှင့်မိတ်ဆက်ပေးခဲ့သည့် အခြေအနေ၊ မဲပြားများထုတ်ပေးပြီး ရွေးချယ်ရေးကိစ္စကို ဆောင်ရွက်ခဲ့သည့် အခြေအနေ၊ အလုပ်သမားများအားလုံးရှေ့တွင် အလုပ်သမားများ၏ ဆန္ဒပြုမဲပြားများကို စိစစ်ကြေညာပြီး အဆိုပါ မဲပြားများနှင့် ရွေးချယ်ခံရသည့် အမည်စာရင်းကို အစိုးရဌာနမှ တာဝန်ရှိသူများအား ပေးအပ်ခဲ့သည့်အခြေအနေ၊ မိမိတို့၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုနှင့် စနစ်တကျဆောင်ရွက်ပေးခဲ့မှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ထို့ပြင် တက်ရောက်လာသော အလုပ်သမားအဖွဲ့ချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အလုပ်သမား အဖွဲ့အစည်းများ၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်းများ၊ အခြေခံအလုပ်သမားအဖွဲ့အစည်းများမှ အလုပ်သမားကိုယ်စားလှယ်များက ၎င်းတို့၏ သဘောထားအမြင်များနှင့် သိရှိလိုသည့် အချက်များကို ဆွေးနွေးပြောကြားခဲ့ကြသည်။ ကန့်ကွက်သူများနှင့် ထောက်ခံသူများ အပြန်အလှန်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမြင့်အောင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲရလဒ်အဖြစ် ခုံသမာဓိကောင်စီနှင့် ခုံသမာဓိအဖွဲ့ အလုပ်သမားကိုယ်စားလှယ် ရွေးချယ်ပွဲများပြုလုပ်ရာတွင် အလုပ်သမားကိုယ်စားလှယ် ရွေးချယ်နည်းစနစ်ကို ဥပဒေ၊ နည်းဥပဒေများ၌ တိကျစွာသတ်မှတ်ပြဋ္ဌာန်းပေးရန်၊ ရွေးချယ်ခံမည့် အလုပ်သမားကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ကြိုတင်တောင်းခံပြီး စိစစ်နိုင်ရန်နှင့် ရွေးချယ်သည့်ကာလကို လုံလောက်သည့်အချိန် သတ်မှတ်ထားရှိရန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ - ဇော်မင်းလတ်**

# မုံရွာခရိုင်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် အရှိန်တိုးမြှင့် ဆောင်ရွက် ညအချိန်အုပ်စုဖွဲ့ ရမ်းကားသူများ သိသာစွာလျော့ကျ

**မုံရွာ ဇူလိုင် ၃၁**

မုံရွာခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် ရက် ၁၀၀ စီမံချက်အဖြစ် အရှိန်မြှင့်တင်ဆောင်ရွက်ရာတွင် လိုင်စင်မဲ့အရက်ဆိုင်များ၊ လိုင်စင်စည်းကမ်းပျက်အရက်ဆိုင်များ တောချက်အရက်ဖိုများ လျော့ကျသွားသလို အုပ်စုလိုက် တုတ်ဓားကိုင်ဆောင်၍ လမ်းမပေါ်တွင် ဆိုင်ကယ်များဖြင့် ညအချိန်အော်ဟစ်သောင်းကျန်းမှုများ သိသိသာသာလျော့ကျသွားကြောင်း မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ချင်းစိန်ထံမှ သိရသည်။

"ခရိုင်ရဲတပ်ဖွဲ့က လက်ကမ်းစာစောင်တွေနဲ့ ဆက်သွယ်တိုင်ကြားဖို့ ဖုန်းနံပါတ်ဖြန့်ဝေရာမှာ ခရိုင်မှူးဖြစ်တဲ့ ကျွန်တော့်ဖုန်းနံပါတ်ကိုပါ ဖြန့်ဝေပေးထားတော့ ယုံယုံကြည်ကြည်နဲ့ ဖဝိုင်း၊ အရက်ပုန်းတွေကအစ ဥပဒေနဲ့မညီညွတ်တဲ့ကိစ္စတွေကို ဖုန်းနဲ့တိုင်ကြားလို့ အရေးယူဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ လုည့်ကင်း၊ ဝပ်ကင်းတွေ ဆောင်ရွက်နေတုန်းမှာ မသင်္ကာသူတွေကို စစ်ဆေးဆောင်ရွက်ခဲ့ရာမှာ ဆိုင်ကယ် ၂၅ စီး၊ ဖုန်း ၁၃ လုံးတို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါတယ်။ ဒါ့အပြင် အရင်ကရဲတပ်ဖွဲ့အပေါ် အထင်သေးဆက်ဆံတာတွေလည်းလျော့သွားသလို အသိအမှတ်ပြုခံခဲ့တာတွေ့ရပါတယ်"ဟု ဒုတိယရဲမှူးကြီး ချင်းစိန်က ပြောသည်။

မုံရွာခရိုင်အတွင်း မေလက အမှုကြီး ၁၀ မှုဖြစ်ပွားမှု၌ မုဒိမ်းမှုနှစ်မှုဖြစ်ပွားခဲ့၍ ဇွန်လတွင် အမှုကြီး ၁၀ မှုဖြစ်ပွားမှု၌ လူသတ်မှုတစ်မှု၊ မုဒိမ်းမှုနှစ်မှု စုစုပေါင်း သုံးမှုဖြစ်ပွားခဲ့သဖြင့် မေလထက် ဇွန်လတွင် အမှုကြီးတစ်မှု တိုးမြင့်ဖြစ်ပွားခဲ့သော်လည်း မုဒိမ်းမှုတစ်မှုမှာ အသက်မပြည့်သူ မိန်းကလေးအား ခိုးယူပေါင်းသင်းသဖြင့် မိဘများကအမှုဖွင့်ရာ မုဒိမ်းမှုဖြင့်ဖွင့်ခဲ့ရ၍ တိုးမြင့်ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ်မေလတွင် အခြားအမှု ၁၀ မျိုး ဖြစ်ပွားမှု၌ အခြားမှု ၉၃ မှုဖြစ်ပွားခဲ့၍ ဇွန်လတွင် အခြားအမှု ၈၆ မှုဖြစ်ပွားခဲ့ရာ မေလထက်ဇွန်လတွင် အခြားမှုခုနစ်မှု လျော့နည်းဖြစ်ပွားခဲ့ကြောင်း သိရသည်။



ယခုနှစ် မေလတွင် ကြိုတင်ကာကွယ်မှု ၁၁ မျိုး ဖမ်းဆီးနိုင်မှု၌ ကြိုတင်ကာကွယ်မှု ၃၈၄ မှုဖမ်းဆီးနိုင်ခဲ့ပြီး ဇွန်လတွင် ၃၅၄ မှုဖမ်းဆီးနိုင်ခဲ့သဖြင့် မေလထက် ဇွန်လတွင် ကြိုတင်ကာကွယ်မှု ၃၀ လျော့နည်းဖမ်းဆီးသည်ကို တွေ့ရပြီး ကြိုတင်ကာကွယ်မှု လျော့နည်းသွားရခြင်းမှာ မေလထက်ဇွန်လတွင် မှုခင်းပညာပေးဟောပြောပွဲများ မှုခင်းပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေမှုအရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် လျော့နည်းကျဆင်းသွားခြင်းဖြစ်ကြောင်း ဒုတိယရဲမှူးကြီးမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# စစ်ကိုင်း၌ ဧရာဝတီမြစ်ရေဆက်လက်တိုး မြစ်အနီးရှိ ရပ်ကွက်နှင့်ကျေးရွာများ ရေဝင်နစ်မြုပ်

**စစ်ကိုင်း ဇူလိုင် ၃၁**

ဧရာဝတီမြစ်ရေသည် ဆက်လက်တိုးနေ၍ ယနေ့နံနက် ၆ နာရီ တိုင်းထွာချက်များအရ ၁၂၁၀ စင်တီမီတာသို့ ရောက်ရှိနေကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ စစ်ကိုင်းမြို့၏ စိုးရိမ်ရေမှတ်မှာ ၁၂၅၀ စင်တီမီတာဖြစ်ပြီး စိုးရိမ်ရေမှတ်သို့ ကျော်လွန်နေပြီဖြစ်သည်။

ဧရာဝတီမြစ်အနီးရှိ မြေဝတီ၊ ဈေးကုန်း၊ လင်းဇင်း၊ မြောက်ဘော်ဂါ၊ ချင်းစု၊ ဒါးဝယ်ဈေး၊ မိုးဇာအနောက်ပိုင်းရပ်ကွက်များ ရေဝင်နစ်မြုပ်နေပြီး ကန္ဒားတော်၊ ဂုံညင်းတောင်၊ ညောင်ကုန်း၊ သလွန်ဖြူ၊ ဒေါင်းမ၊ ကွယ်လူး၊ မအူပင်၊ တဲကြီး၊ ဆင်မြေ၊ အုတ်စက်၊ ဇီးချောင်းကျေးရွာများ ရေဝင်နစ်မြုပ်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားပေးသည့် ကေဗီအေတိုင်များ ရေနစ်မြုပ်သွား၍ ပြည်သူများ အန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စစ်ဝန်ထမ်းများ သွားရောက်ဖြတ်သိမ်းပြီး ဓာတ်အားခေတ္တ ဖြတ်တောက်ထားရသည်။

မြေဝတီရပ်ကွက်နှင့် ဈေးကုန်းရပ်ကွက်တို့မှ ရေဘေးဒုက္ခသည်များအား မြေဝတီရပ်ကွက်ရုံးအနီး အစေခံ ခံတပ်ရှေ့နှင့် ကျန်းမာရေးဦးစီးဌာန အုတ်တံတိုင်းဘေးတွင် လည်းကောင်း၊ ညောင်ပင်သာကျောင်းဝင်းအတွင်း၌ လည်းကောင်း ယာယီတဲများဆောက်၍ နေထိုင်ကြသည်ကို တွေ့ရသည်။

မြေဝတီရပ်ကွက်မှ ရေဘေးသင့်အိမ်ထောင်စု ၁၁၀၊ အမျိုးသား ၂၀၇ ဦး၊ အမျိုးသမီး ၂၂၈ ဦးတို့နှင့် ညောင်ပင်သာကျောင်းဝင်းအတွင်း ရေဘေးသင့် အိမ်ထောင်စု ၅၃ စု၊ အမျိုးသား ၁၁၀ နှင့် အမျိုးသမီး ၁၁၅ ဦးတို့အတွက် မြို့မိ မြို့ဖအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့်အဖွဲ့က ဆန်တစ်ပြည်နှင့် ငွေကျပ် ၂၀၀၀ စီ လာရောက်ထောက်ပံ့ပေးခဲ့သည်။

ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်ရဲတပ်ဖွဲ့မှူးတို့ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက မြို့ပေါ်ရေဝင်ရောက်မှုမရှိရေးအတွက် သဲအိတ်များချထားပြီး နေ့ညကင်းစောင့်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

## ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်

**နေပြည်တော် ဇူလိုင် ၃၁**

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့၌ ပေဝက်ခန့်၊ မကွေးမြို့၊ အောင်လံမြို့နှင့်ပြည်မြို့တို့၌ တစ်ပေခွဲခန့်စီနှင့် ဆိပ်သာမြို့၌ တစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေများသည် နောက်တစ်ရက်အတွင်း မင်းဘူးမြို့နှင့် နောက်နှစ်ရက်အတွင်း မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဆိပ်သာမြို့တို့၌ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။ သို့ဖြစ်၍ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ပြည်မြို့နယ်နှင့် ဆိပ်သာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(မြန်မာ့အလင်း)**

**သစ်တောထိန်းသိမ်း တောတွေစိမ်းမှ ချမ်းငြိမ်းပြည်ရွာ၊ နိုင်ငံသာ၏**

# ညောင်တုန်းမြို့တွင် ဧရာဝတီမြစ်ရေအတိုးကြမ်း၊ စိုးရိမ်ရေမှတ် အထက်ကျော်လွန်ရောက်ရှိ

**ညောင်တုန်း ဇူလိုင် ၃၁**
ဧရာဝတီမြစ်ရေသည် ညောင်တုန်းမြို့တွင် ယခုရက်ပိုင်းအတွင်း အတိုးကြမ်းလျက်ရှိရာ ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေအထက် ကျော်လွန်ပြီး ဇူလိုင် ၃၁ ရက် ညနေပိုင်းတွင် ၂၄ ဒသမ ၂ ပေသို့ ရောက်ရှိသွားပြီဖြစ်ရာ ဧရာဝတီမြစ်ရေ ဆက်လက်တက်နိုင်ဖွယ်ရာရှိကြောင်း သိရသည်။



ညောင်တုန်းမြို့နယ် သဘာဝဘေးအန္တရာယ် ကာကွယ်ထိန်းသိမ်းရေးကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများကလည်း လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် မြစ်ကမ်းတစ်လျှောက် ရေကာတာများတွင် ရေကင်းများ စောင့်နေကြကြောင်းလည်း သိရသည်။

ညောင်တုန်းမြို့နေ ပြည်သူလူထု ရေဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် ညောင်တုန်းရေကာတာ အကြီးစား မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းကို ငွေကျပ်သုံးဘီလီယံကျော် အကုန်အကျခံ တည်ဆောက်ခဲ့မှုကြောင့် စိတ်ချလုံခြုံမှုရှိကြောင်း သိရသည်။

ကျန်ရှိနေသေးသော ပန်းလှိုင်မြစ်ကြောင်းနှင့် တိုက်ရိုက်ထိတွေ့ကာ မြစ်ကမ်းနှင့် အလွန်နီးနေသော နေရာများတွင်လည်း ဘိုးပိုင်များ၊ ကျောက်စီနံရံများဖြင့် အကြီးစားတည်ဆောက်ပေးရန်လည်း မြို့လူထုကလိုလားနေကြကြောင်း သိရသည်။

စိုးရိမ်ရေမှတ်အထက်တွင် တည်ရှိဆဲဖြစ်ပြီး မြို့လူထုစိုးရိမ်နေသော မြစ်ကမ်းနှင့်နီးကပ်လျက်ရှိသည့် ၁၉ လမ်း၊ ၂၂ လမ်း၊ ၂၆ လမ်း၊ ၃၆ လမ်း၊ ၃၈ လမ်းမြစ်ကမ်းများတွင်လည်း ကမ်းပြို၊ ကမ်းအိမဖြစ်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ရေကာ၊ လှိုင်းကာများ ပြုလုပ်ကာကွယ်ထားကြကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ စိုးရိမ်ရသော နေရာများတွင်လည်း ရေကာတာ ကျိုးပေါက်ခြင်းမရှိစေရေးအတွက် သဲအိတ်များစုဆောင်းခြင်း၊ ဝါးများစုဆောင်းထားခြင်းနှင့် လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားကြောင်းလည်း သိရသည်။

ညောင်တုန်းမြို့ရေကာတာမှာ ၃၀ ဒသမ ၅ ပေအထိမြင့်အောင်တည်ဆောက်မြှင့်တင်ထားသောကြောင့် ညောင်တုန်းမြို့အနေဖြင့် စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# မြင်းခြံမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ခါနီးသဖြင့် ရေဝင်သည့်အရပ်မှ ပြည်သူအချို့ ရွှေ့ပြောင်း

**မြင်းခြံ ဇူလိုင် ၃၁**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့သည် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာအနီးတွင်တည်ရှိပြီး နှစ်စဉ်မြစ်ရေဝင်ရောက်၍ ရေကြီးခြင်းကို နှစ်စဉ်ကြုံတွေ့ရလေ့ရှိသဖြင့် စိုးရိမ်မှုများမဖြစ်ကြသော်လည်း ရေဝင်ကျေးရွာများနှင့်ရပ်ကွက်အချို့၏ အနိမ့်ပိုင်းတွင် နေထိုင်ကြသူများသည် သွားလာရေးခက်ခဲလာသဖြင့် ရေလွတ်ရာဘုန်းတော်ကြီးကျောင်းအချို့နှင့် လမ်းဘေးနေရာများတွင် ယာယီတဲထိုးပြီး ပြောင်းရွှေ့နေထိုင်လျက်ရှိကြသည်။

မြင်းခြံမြို့၏ ရေဘေးအန္တရာယ်ဖြစ်စေသော စိုးရိမ်ရေမှတ် ၁၂၅၈ ဒသမ ၄ စင်တီမီတာဖြစ်ပြီး ဇူလိုင် ၃၁ ရက် မွန်းတည့် ၁၂ နာရီတိုင်းထွာချက်အရ ၁၂၅၄ ဒသမ ၈ စင်တီမီတာသို့ ရောက်ရှိနေကြောင်း သိရှိရသည်။ စိုးရိမ်ရေမှတ်သို့ ရောက်ခါနီးသဖြင့် ရေဝင်ကျေးရွာများနှင့် ရပ်ကွက်နေပြည်သူများအား ကူညီနိုင်ရန် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ကိုယ်တိုင် လှည့်လည်ကြည့်ရှုခဲ့ကြပြီး ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းများပါဝင်သော ကူညီကယ်ဆယ်ရေးအဖွဲ့များဖွဲ့စည်းခြင်း၊ ရေဘေးအန္တရာယ်အား သတိပြုရန် လိုက်လံနှိုးဆော်ခြင်းများ လုပ်ဆောင်နေကြောင်း၊ မြစ်ရေကြောင့် ဘေးအန္တရာယ်ပေါ်ပေါက်လျှင် နီးစပ်ရာတာဝန်ရှိသူများထံ အကြောင်းကြားပါက ချက်ချင်းဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိကြောင်းနှင့် ယခုအချိန်ထိရေဘေးအန္တရာယ်ကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်သေကျေပျက်စီးမှုမရှိကြောင်း သိရသည်။

**ဇော်မင်းနိုင် ( မြင်းခြံ )**



# ရမည်းသင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကားလမ်းပေါ်ရေကျော်ပြီး ယာဉ်တန်းများ ပိတ်ဆို့

**ရမည်းသင်း ဇူလိုင် ၃၁**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင် ဇူလိုင် ၂၉ ၊ ၃၀ နှင့် ၃၁ ရက် တို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရန်ကုန်-မန္တလေးကားလမ်းပေါ်သို့ ရေများကျော်တက်နေပြီး အနိမ့်ပိုင်းရပ်ကွက်အချို့ရေများ ဝင်ရောက်ကာ ရေကြီး ရေလျှံမှု ဖြစ်ပေါ်လျက်ရှိသည်။ **(အပေါ်ပုံ)**

ထို့အတူ ရမည်းသင်းမြို့ အနောက်ဘက်ခြမ်းရှိ ခံစပ်ကုန်းကန်နှင့် ကန်ပေါက်ကြီးကန်တို့ ကျိုးပေါက်သွားခြင်းကြောင့် ရေကြီး ရေလျှံဖြစ်နေသည့်အတွက် အဝေးပြေး ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်တန်းများပိတ်ဆို့နေသဖြင့် ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်စိုး ဦးဆောင်၍ မြို့မရဲစခန်းမှူးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့များက ရေများအမြန်ကျဆင်းရေးအတွက် ရေစီးရေလာကောင်းမွန်စေရန် မြေတူးစက်ငယ်ဖြင့် ချက်ချင်းတူးဖော်ဆောင်ရွက်ခဲ့သဖြင့် ယာဉ်များသွားလာရေး အဆင်ပြေသွားခဲ့ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

# မုံရွာမြို့တွင် ချင်းတွင်းမြစ်ရေ အခြေအနေ အနီရောင်အဆင့် သတ်မှတ်

**မုံရွာ ဇူလိုင် ၃၁**
ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၃၁ ရက် မွန်းတည့် ၁၂ နာရီတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်အရ မုံရွာမြို့၏ စိုးရိမ်ရေမှတ်ဖြစ်သည့် ၁၀၀၀ စင်တီမီတာကို ကျော်လွန်ပြီး ၁၀၅၄ စင်တီမီတာကို ဆက်လက်မြင့်တက်လျက်ရှိကြောင်း သိရသည်။

"ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်ကို ကျော်လွန်ပြီး တဖြည်းဖြည်းဆက်လက် မြင့်တက်လာနေတဲ့အတွက် ချင်းတွင်းမြစ်ရိုးတစ်လျှောက်မှာ ရေကင်းတွေကို အနီရောင်အဆင့် သတ်မှတ်ပြီး ပြန်လည်ချထားစောင့်ကြည့်နေတာတွေ့ရပါတယ်။ ဒီနှစ်မှာ သက်ဆိုင်ရာက မုံရွာမြို့ ချင်းတွင်း တာရိုးတစ်လျှောက်ကို ကျောက်စီနံရံတွေ၊ တချို့အပိုင်းတွေမှာ မြေသား တာရိုးထပ်မံမြှင့်တင်ထားတာတွေ ဆောင်ရွက်ထားတော့ လက်ရှိအနေအထားနဲ့ဆို စိုးရိမ်ဖို့မလိုသေးဘူး။ ဒီနေ့ကတော့ အောင်ဇေယျရပ်ကွက် မြစ်ကမ်းနားနီးတဲ့အပိုင်းမှာ မိုးများတော့ မိုးရေတွေ အိမ်တွေထဲအထိ ဝင်ရောက်နေတဲ့အတွက် စက်နဲ့ ပြန်မောင်းပြီး ထုတ်နေရတယ်"ဟု မြစ်ကမ်းအနီး နေထိုင်သူတစ်ဦးက ပြောသည်။

အဆိုပါ ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် မြင့်တက်လာမှုကြောင့် အထက်ချင်းတွင်းသွား အမြန်ရေယာဉ်လိုင်းများကို သက်ဆိုင်ရာက ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁ ရက်အထိ ရှစ်ရက်ကြာ ယာယီရပ်နားထားရာ အထက်ချင်းတွင်းဒေသသို့ လိုက်ပါလိုသည့် ခရီးသည်များ မုံရွာမြို့တွင် စောင့်ဆိုင်းနေကြရကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ခန္တီးမြို့၌ မြစ်ရေဝင်ခဲ့သည့်ရပ်ကွက်များမှ ရွှံ့နွံနှင့်အမှိုက်များရှင်းလင်း

**ခန္တီး ဇူလိုင် ၃၁**
ခန္တီးမြို့တွင် ချင်းတွင်းမြစ်ရေကျဆင်းသွားသည့်အတွက် ရေဝင်သည့် မြို့ပေါ်ရပ်ကွက်များမှ လမ်းများ၊ အစိုးရရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် လူနေအိမ်ဝင်းများတွင် ရွှံ့နွံများ၊ အမှိုက်သရိုက်များ တင်ကျန်လျက်ရှိနေသည်။

အဆိုပါဖြစ်ပေါ်နေသော နေရာများသို့ ဇူလိုင် ၂၉ ရက်က နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမင်းမင်းစိုးနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်တို့ ဦးဆောင်၍ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ သွားရောက်၍ လမ်းများ၊ အဆောက်အအုံများတွင် တင်ကျန်နေသည့် ရွှံ့နွံများအား မီးသတ်ပိုက်ဖြင့် ရှင်းလင်းခြင်း၊ တံမြက်စည်းများဖြင့် လှဲကျင်းခြင်း၊ အမှိုက်ကောက်ခြင်း၊ တင်ကျန်နေသည့် ရေများကို စက်များဖြင့် စုပ်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၉ရက်မှစတင်၍ နံနက်ပိုင်း တစ်ကြိမ်၊ ညနေပိုင်းတစ်ကြိမ်စီဖြင့် ရေဝင်သည့် မြို့ပေါ်ရပ်ကွက်များအားလုံးကို ရှင်းလင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနကလည်း ရေတွင်းများကို ဆေးခတ်ခြင်း၊ အဆောက်အအုံများအား ဆေးဖျန်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စန်းလွင်ဦး (ပြန်/ဆက်)**



# လယ်ရေလျှံနေသဖြင့် ရေသွားဖောက်စဉ် လူတစ်ဦးမိုးကြိုးပစ်ခံရ

**နေပြည်တော် ဇူလိုင် ၃၁**
နေပြည်တော် ပုဗ္ဗသီရိမြို့နယ် လယ်တောတစ်ခုတွင် လယ်ရေလျှံနေမှုကြောင့် လယ်ကတွတ်ပေါက် သွားပိတ်သည့် လူတစ်ဦး ဇူလိုင် ၃၀ ရက် ညနေက မိုးကြိုးပစ်ခံရ၍ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာအုပ်စု သရက်ပင်ကျေးရွာမှ ဦးဌေးလွင် အသက် ၅၀ နှစ်ခန့်သည် ယင်းနေ့ညနေ ၄ နာရီဝန်းကျင်က ၎င်းစိုက်ပျိုးထားသည့် လယ်ကွက်များတွင် ရေများပြည့်လျှံနေသဖြင့် ကတွတ်ပေါက်ကိုပိတ်ရန် လယ်ကွင်းထဲသို့ သွားရောက်ပြီး အခြားတစ်ဖက်မှလယ်ထဲ ရေများဖောက်ထုတ်နေချိန်တွင် ဦးဌေးလွင်သည် ရုတ်တရက် မိုးကြိုးပစ်ခံရခြင်းဖြစ်ကြောင်း ၎င်း၏ မိသားစုဝင်များက ပြောသည်။

"ထူးခြားတာက မိုးမခြိမ်းဘဲ အခုလိုဖြစ်စဉ်ဖြစ်ပွားခဲ့တာ။ မိုးကြိုးပစ်ခံရတဲ့အချိန်မှာ သူ့ဆီမှာဖုန်းပါတယ်လို့လည်း ပြောတယ်။ မိုးကလည်း နည်းနည်းရွာနေတာ။ မိုးရွာထဲမှာ ဖုန်းကိုင်ရင်သတိထားကိုင်သင့်တယ်။ လယ်ကွင်းပြင် တွေမှာလည်း မနေသင့်ဘူး"ဟု ဝဲကြီးကျေးရွာမှ ဒေသခံတစ်ဦးဖြစ်သူ ဦးတင်ဦးက သုံးသပ်ပြောသည်။

**မောင်လွင်(တပ်ကုန်း)**

**တောတောင်ရှိမှ စမ်းရေရ၏။**

# မန္တလေး(ဧရာဝတီ)ဆိပ်ကမ်းတွင် စိုးရိမ်ရေမှတ်ကျော်လွန်နေသဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဇူလိုင် ၃၁**

မန္တလေး(ဧရာဝတီ)ဆိပ်ကမ်းတွင် မြစ်ရေမြင့်တက်မှုနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေများကို ဇူလိုင် ၃၀ ရက်က တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဝန်ကြီးချုပ်နှင့် အစိုးရဖွဲ့ဝင်များအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက မြစ်ရေမြင့်တက်မှုနှင့် မြို့တွင်းရေဆိုးများ မြစ်အတွင်းစွန့်ထုတ်မှုများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

"တစ်တိုင်းလုံးနဲ့ ပတ်သက်ပြီး ဘာလုပ်ပေးနိုင်မလဲဆိုရင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့နဲ့ အစည်းအဝေးလုပ်မယ်။ အဲဒီမှာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေနဲ့ ရေကျချိန်နောက်ဆက်တွဲဖြစ်လာမယ့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ဆွေးနွေးမယ်။ သဘာဝဘေးအတွက် ကူညီဖို့ရန်ပုံငွေရှိတယ်။ ချက်ချင်းသွားရောက်လှူဒါန်းဖို့ ဆောင်ရွက်မယ်။

"မြို့တွင်းက ရေဆိုးတွေကို တစ်ရက်မှာ ဂါလန် ၃၂သန်းလောက် ရေစုပ်စက်တွေနဲ့ မြစ်ထဲစွန့်ထုတ်ပေးနေရတော့ မြစ်ရေမြင့်တက်နေချိန်မှာ အခက်အခဲဖြစ်နေတယ်။ ဒါတွေကိုလည်း ညှိနှိုင်းဖြေရှင်းနေတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့နယ် ခြောက်ခုတွင် သဲအိတ်သုံးထောင်စီကို တာရိုးများတွင် အဆင်သင့်ထားရှိကာ လူအင်အား ၅၀ စီကိုလည်း နေ့ ညမပြတ် တာဝန်ချထားကြောင်း၊ မီးသတ်တပ်ဖွဲ့နှင့် လူမှုကူညီရေးအသင်းများကိုလည်း အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကမ်းနားတစ်လျှောက်တွင် စီစဉ်ထားရှိကြောင်း သိရသည်။



မန္တလေးမြို့တွင် ယခုမြစ်ရေအနေအထားသည် စိုးရိမ်ရေအမှတ်ထက် ကျော်လွန်နေပြီး ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ၁၃၀၂ စင်တီမီတာရှိ၍ စိုးရိမ်ရေမှတ်အထက်၄၂စင်တီမီတာ (တစ်ပေခွဲခန့်) ကျော်လွန်နေကြောင်း တိုင်းဒေသကြီးအတွင်း ညောင်ဦး၊ သပိတ်ကျင်း၊ စဉ့်ကူး၊ စဉ့်ကိုင်တို့တွင် စိုးရိမ်ရေမှတ်များအထက်သို့ ရောက်ရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဧရာဝတီမြစ်ရေဝင်ကျေးရွာများသို့ ထမင်းထုပ်၊ ရေသန့်နှင့်ခေါက်ဆွဲခြောက်များ သွားရောက်ပေးဝေ

**မတ္တရာ ဇူလိုင် ၃၁**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ မြစ်ရေဝင်ရောက်သော ကျေးရွာများတွင် ရေနစ်မြုပ်မှုဒဏ်ခံစားနေရသော ပြည်သူများထံသို့ ထမင်းထုပ်များ၊ သောက်ရေသန့်ဘူးများနှင့် ခေါက်ဆွဲခြောက်ထုပ်များကို ဇူလိုင် ၃၀ ရက်က သွားရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ထောက်ပံ့မှုတွင် အဝါရောင်လမ်းကလေး ပရဟိတအဖွဲ့၏ လှူဒါန်းထောက်ပံ့မှု၊ သုခကာရီလူငယ်ဆွမ်းလောင်းအသင်း၏ လုပ်အားဒါနဖြင့် ပန်းယျကျေးရွာအုပ်စု ညောင်ပင်ရွာ၊ ငုတ်တုပ် တောတန်း၊ သစ်ပုပ်ပင်ရွာနှင့် တုန်ကုန်းကျေးရွာရှိ အုတ်စက်များသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့်ပါတီဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် နေအိမ်များအရောက် စက်လှေများဖြင့် သွားရောက်ထောက်ပံ့ခဲ့ကြသည်။



"အခုနှစ်ရေဝင်ရောက်မှုမှာ ၂၀၀၉ ခုနှစ် ရေဝင်တုန်းကထက် ပိုများပါတယ်။ မြေနိမ့်ပိုင်းဘက်က အိမ်တွေကတော့ ရေလွတ်ရာကို ပြောင်းရွှေ့ကုန်ပါပြီ။ ဒီနားက အုတ်စက်တွေအကုန်လုံးလည်း ရေဝင်ပြီးမြုပ်နေပါပြီ ရေတိုးတာက မြန်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။ အဝါရောင်လမ်းကလေးအဖွဲ့က နောက်ရက်များတွင်လည်း အဆိုပါကျေးရွာများနှင့် အခြားကျေးရွာများသို့ ထမင်းထုပ်များ၊ ရေသန့်များကို ဆက်လက် ထောက်ပံ့မည်ဖြစ်ကြောင်းနှင့် အခြားလူမှုရေးအသင်းအဖွဲ့များကလည်း သွားရောက်ထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ဒုဋ္ဌဝတီမြစ်ရေစိုးရိမ်ရေမှတ်အထက်တစ်ပေခွဲခန့်ကျော်လွန်၍ ကျေးရွာများ၌ ရေများတိုးလာ

**မြစ်ငယ် ဇူလိုင် ၃၁**

ဒုဋ္ဌဝတီ(ခ)မြစ်ငယ်မြစ် အထက်ပိုင်းတွင် မိုးများရွာသွန်းမှုကြောင့် ဒုဋ္ဌဝတီမြစ်ရေမြင့်တက်လျက်ရှိရာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (မြစ်ငယ်ဇလဗေဒ)စခန်း၏ ဇူလိုင် ၃၁ ရက် နံနက် ၁၁ နာရီခွဲတိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေ စိုးရိမ်ရေ မှတ် ၈၇၀ စင်တီမီတာမှ ၉၂၈ စင်တီမီတာသို့ တစ်ပေခွဲခန့်ကျော်လွန်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြစ်ရေမြင့်တက်မှုကြောင့် မြစ်ငယ်မြို့အနီး ဒုဋ္ဌဝတီမြစ်ကမ်းဘေးကျေးရွာများဖြစ်သော ရေကြည်ပေါက်၊ စားတော်၊ ကမ္ဘာ့၊ ဥယျာဉ်တော်၊ ဆင်ရွာမြင်းမူး၊ ချင်းရွာ၊ ဘန္ဒော၊ ငယ်တိုးရက္ကန်းတော်ကျေးရွာများနှင့် ဒုဋ္ဌဝတီမြစ်တောင်ဘက်ခြမ်း စဉ့်ကိုင်မြို့နယ် မြောက်ကိုင်းကျေးရွာ၊ စိတ္တရ၊ သံတံတားရွာသစ်ကျေးရွာများသို့ မြစ်ရေများ သိသိသာသာ ဝင်ရောက်လျက်ရှိရာ လူနှင့်တိရစ္ဆာန်များကို ကုန်းအမြင့်ဘေးကင်းရာသို့ ရွှေ့ပြောင်းနေထိုင်စေခြင်း၊ ကျေးရွာများတွင် မြစ်ရေဝင်ရောက်မှုကြောင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများက ရေဝင်နိုင်သည့်နေရာများတွင် သဲအိတ်များချထားခြင်း၊ အရန်သဲအိတ်များချထားခြင်းများနှင့် ရေကင်းများချထားကြောင်း သိရသည်။

မြစ်ကမ်းအနီးအနားနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# မန္တလေး-ပြည်ကြီးတံခွန်မြို့နယ် ရပ်ကွက်အချို့နေအိမ်များ ရေဝင်ရောက်မှုဖြစ်ပွား

**မန္တလေး ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီးမန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ်အတွင်း ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီက ရပ်ကွက်အချို့နေအိမ်များ၌ ဧရာဝတီမြစ်ရေတိုးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း ရေဝင်ရောက်မှုသဘာဝဘေးအန္တရာယ်ကြောင့် တိန်ကုန်းရပ်ကွက် အိမ်ထောင်စု ၂၀၃ စု၊ အိမ်ခြေ ၅၁၅ အိမ်ခန့်အမျိုးသား ၁၁၇၅ ဦး၊ အမျိုးသမီး ၁၂၁၀ ဦးစုစုပေါင်း ၂၃၈၅ ဦးတို့အား ရတနာပုံတက္ကသိုလ် ကားလမ်းဘေးဝဲယာ နေရာများ၌ ပြောင်းရွှေ့မှုများကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးဘုန်းထက်နိုင်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ စည်ပင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှူးဒုရဲမှူး ဇော်အောင်နှင့် ရဲတပ်ဖွဲ့ဝင်များ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ စုစုပေါင်း ၉၀ ခန့်က ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

ထို့ပြင် တောင်မြင့်ရပ်ကွက် ရေဝင်ရောက်မှုကြောင့် အကွက်ကြီး ၉ တွင် အိမ်ခြေ ၅၅ အိမ်၊ အိမ်ထောင်စု ၆၀ ၊ အမျိုးသား ၁၅၀ ၊ အမျိုးသမီး ၁၅၅ ဦး စုစုပေါင်း ၃၀၅ ဦး၊ အကွက်ကြီး ၁၀တွင် အိမ်ခြေ ၂၀မှ အိမ်ထောင်စု ၂၀၊ လူဦးရေ အမျိုးသား ၅၆ ဦး၊ အမျိုးသမီး ၄၄ ဦး စုစုပေါင်း ၁၀၀ ခန့်အား ရန်ကုန်- မန္တလေးကားလမ်းဘေးရှိ ချမ်းသာကြီးချမ်းသာရ ဘုန်းကြီးကျောင်းတိုက်၌လည်းကောင်း၊ ငွေတော်ကျီကုန်းရပ်ကွက်တွင် အမြင့်ပေလေးပေခန့် ရေဝင်ရောက်မှုကြောင့် အိမ်ခြေ ၆၀၁ အိမ်၊ အိမ်ထောင်စု ၆၆၈စု၊ လူဦးရေ အမျိုးသား ၁၄၄၅ ဦး၊ အမျိုးသမီး ၁၅၇၂ ဦး စုစုပေါင်း ၃၀၁၇ ဦးတို့အား ၇၃ လမ်းနှင့် ၇၄ လမ်းကြား ကန်တော်မင်္ဂလာလမ်းဘေးဝဲယာနှင့် နန်းဦးဓမ္မာရုံတို့၌ လည်းကောင်း၊ တံခွန်တိုင်ရပ်ကွက်တွင်လည်း အမြင့်ပေ သုံးပေခန့် ရေဝင်ရောက်မှုကြောင့် အိမ်ခြေ ၆၀၊ အိမ်ထောင်စု ၆၂စု ၊ လူဦးရေ အမျိုးသား ၁၃၆ ဦး၊ အမျိုးသမီး ၁၇၉ ဦး စုစုပေါင်း ၃၁၅ ဦးတို့အား ငွေတော်ကျီကုန်းရပ်ကွက်ရှိ ဦးစိန်ဝင်းခြံဝင်းအတွင်း၌လည်းကောင်း၊ ရေနစ်မြုပ်သည့်အိမ်ခြေများမှ ပစ္စည်းများ၊ ကလေးသူငယ်များကို ရေဘေးလွတ်ရာ ဒေသများသို့ အသီးသီးပို့ဆောင်ရွှေ့ပြောင်း၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့်ရေဝင်ရောက်မှုကြောင့် ရေနစ်မြုပ်နေသည့် အိမ်ထောင်စုဝင်မိသားစုများကို ပြည်ကြီးတံခွန်မြို့နယ်ရဲတပ်ဖွဲ့ဝင်မိသားစုနှင့် Alpine သောက်ရေသန့်ကုမ္ပဏီတို့ ပူးပေါင်း၍ ရေဘူးခြောက်လုံးပါ ရေကတ် ၃၀၀ စုစုပေါင်း ရေသန့်ဘူး ၁၈၀၀ လာရောက်လှူဒါန်းကြောင်းနှင့် အဆိုပါ ရေဝင်ရောက်မှုနှင့်ပတ်သက်၍ ငွေတော်ကျီကုန်းရပ်ကွက် ဇောင်းကလော ရေဆိုးထုတ်စက်ရုံမှ ၁ နာရီလျှင် ဂါလန် ၅ သိန်းထုတ်စက်နှစ်လုံးဖြင့် စွန့်ထုတ်လျက်ရှိပြီး ရပ်ကွက်များအတွင်း ရေနစ်မြုပ်မှု အခြေအနေများကို မြို့နယ်၊ ရပ်ကွက်တို့မှ တာဝန်ရှိသူတို့က နေ့ရောညပါ တာဝန်ချထား စောင့်ကြည့်လျက်ရှိကာ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းပါက ကယ်ဆယ်ရေး စခန်းများ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရေဘေးကြုံတွေ့နေရသူများအား လူမှုကူညီရေးအသင်းများမှ ထောက်ပံ့လှူဒါန်း

**ကသာ ဇူလိုင် ၃၁**

ကသာမြို့နယ်ရှိ ရောကမ်းသာလူမှုကူညီရေးအသင်းအဖွဲ့နှင့် အွန်လိုင်းချစ်သူများ အဖွဲ့တို့ပူးပေါင်း၍ သဘာဝရေဘေးကြုံတွေ့နေသော ကသာမြို့နယ် ကျေးလက်ဒေသများသို့ ဆန်၊ ဆီ၊ ဆားနှင့် မီးဖိုချောင်သုံးပစ္စည်းတို့ကို ဇူလိုင် ၃၀ ရက်က ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ရှိ ဧရာဝတီမြစ်ရေသည် တဖြည်းဖြည်း ပြန်လည်ကျဆင်းလာပြီး ဇူလိုင် ၃၀ ရက်တိုင်းထွာချက်အရ ၁၀၃၄ စင်တီမီတာ စိုးရိမ်ရေမှတ်အောက် ၆ စင်တီမီတာ ကျဆင်းသွားပြီဖြစ်သော်လည်း ရေလွှမ်းမိုးနစ်မြုပ်နေသော ကျေးရွာများသို့ အဆိုပါပရဟိတအသင်းများနှင့် စေတနာရှင်များစုပေါင်း၍ ရေလွှမ်းမိုးကျေးရွာများဖြစ်သော သဖန်းဒေါင့်၊ ကွေ့ကြီးကျွန်း၊ လက်ပံဇင်ကျွန်း၊ ဝေစွယ်၊ စစ်ကုန်းကျေးရွာတို့အား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရ သည်။

"ကျွန်မတို့အနေနဲ့ အကူအညီလိုအပ်နေတဲ့ နေရာတွေကို ရောကမ်းသာ လူမှုကူညီရေးအသင်းနဲ့ ဝိုင်းဝန်းလက်တွဲပြီး နေ့စဉ်ကျေးရွာတွေအထိ သွားရောက်ပြီး စားသောက်ဖွယ်အပြင် ငွေကြေးကိုပါ ထည့်ဝင်လှူဒါန်းနေပါတယ်။ နောက်ရက်တွေကိုလည်း လိုအပ်တဲ့အကူအညီတွေ ပေးသွားမှာပါ"ဟု အွန်လိုင်းချစ်သူအဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ငွေအိုး(ကသာ)**



**စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြိုလဲနေသည့် သစ်ပင်သစ်ကိုင်းကြီးများကို ဇူလိုင် ၃၀ ရက်က ခရိုင်နှင့် မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက ဦးဆောင်၍ လိုက်လံရှင်းလင်းစဉ်**
ဖိုးချမ်း-မုံရွာ

# ချင်းတွင်းမြစ်ရေဝင်ရောက်သည့် ကျေးရွာများသို့ စားသောက်ဖွယ်ရာများ ထောက်ပံ့

**စစ်ကိုင်း ဇူလိုင် ၃၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဝန်ဆောင်မှုကို ရှေးရှုသောရဲလုပ်ငန်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လစတုတ္ထပတ်က ရေဘေးသင့်ပြည်သူများထံသို့ စားနပ်ရိက္ခာများ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး ကလေးခရိုင်ရဲတပ်ဖွဲ့မှူး ဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ ကလေးဝမြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ကလေးလွင်ပြင်လူမှုကူညီရေးအသင်းမှ အဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ချင်းတွင်းမြစ်ရေတိုးမြင့်မှုကြောင့် ရွာလုံးကျွတ်ရေနစ်မြုပ်မှုဖြစ်ပေါ်နေသော ကလေးဝမြို့နှင့် ၁၂ မိုင်ခန့်ကွာဝေးသည့် မထုံကြီးကျေးရွာရှိ အိမ်ခြေ ၃၇၄ အိမ်အတွက် ခေါက်ဆွဲခြောက် ၂၃ ဖာ၊ ရေသန့်ဘူး ၅၀၀ နှင့် ရေဂါလန် ၃၀၀၀ ဆံ့ရေကားဖြင့် သောက်သုံးရေများကို ဇူလိုင် ၂၈ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# တူရကီနိုင်ငံ၌ ထောက်လှမ်းရေးအဖွဲ့ကိုထိန်းချုပ်ရန် သမ္မတအာဒိုဂန်ကြိုးပမ်း

**အန်ကာရာ ဇူလိုင် ၃၁**

တူရကီသမ္မတအာဒိုဂန်သည် နိုင်ငံအတွင်းရှိ လက်နက်ကိုင်တပ်ဖွဲ့သင်တန်းကျောင်းကို ပိတ်ပစ်လိုကြောင်း၊ ထောက်လှမ်းရေးအေဂျင်စီမှဝန်ထမ်းများ၊ တူရကီတပ်ဖွဲ့အရာရှိကြီးများနှင့် ဝန်ထမ်းများကို ၎င်း၏လက်အောက်တွင်သာ ထားရှိလိုကြောင်း ပြောခဲ့သည်။

ပါလီမန်မစတင်မီယင်းအဆိုပြုချက်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဟုလည်း ၎င်းကပြောသည်။ ဇူလိုင် ၁၅ ရက်က တူရကီ၌ အာဏာသိမ်းမှုမအောင်မြင်ဖြစ်ပြီးနောက် အာဏာသိမ်းမှုတွင် ပါဝင်ခဲ့သူများကို ပြင်းထန်စွာအရေးယူမှုပြုလုပ်ခဲ့ရာ ယခုအဆိုပြုချက်မှာ အပြင်းထန်ဆုံးပင်ဖြစ်သည်။ မအောင်မြင်သည့် အာဏာသိမ်းမှုနောက်ကွယ်တွင် ဖက်တူလာဂူလန်က အဓိကကြိုးကိုင်သူဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။ ဖက်တူလာဂူလန်ကမူ ယင်းသို့စွပ်စွဲခြင်းကို ငြင်းဆိုသည်။

အတည်ပြုချက်ရခဲ့ပါက အမျိုးသားထောက်လှမ်းရေးအဖွဲ့အစည်းမှ ဝန်ထမ်းများကို သမ္မတ၏ထိန်းချုပ်မှုအောက်တွင် ထားရှိမည်ဖြစ်ကြောင်း သမ္မတအာဒိုဂန်က တူရကီရုပ်သံလိုင်းသို့ စနေနေ့တွင် ပြောခဲ့သည်။ တပ်ဖွဲ့ဝင်များအတွက် သင်တန်းကျောင်းများကို ပိတ်ပစ်မည်ဖြစ်ပြီး အမျိုးသားကာကွယ်ရေးတက္ကသိုလ်ကို တည်ထောင်မည်ဟုလည်း ၎င်းကပြောသည်။ ရဲတပ်ဖွဲ့ဝင်အင်အားကိုလည်း လျှော့ချမည်ဖြစ်ပြီး လက်နက်တပ်ဆင်မှုကိုမူ တိုးမြှင့်မည်ဟု ၎င်းကပြောခဲ့သည်။ သမ္မတအာဒိုဂန်၏ အဆိုပြုချက်များအားလုံးကို အကောင်အထည်ဖော်နိုင်ရေး ထောက်ခံမှုသုံးပုံနှစ်ပုံလိုအပ်သည်။

**(ဘီဘီစီ)**



# မိုးပျံပူဖောင်းပျက်ကျမှုကြောင့် ခရီးသည် ၁၆ ဦးသေဆုံး

**ဟူစတန် ဇူလိုင် ၃၁**

အမေရိကန်ပြည်ထောင်စုရှိ တက္ကဆက်ပြည်သူ့လုံခြုံရေးဌာနက လော့ခ်ဟာ့ဒ်မြို့အနီး မိုးပျံပူဖောင်းမီးလောင်ကျွမ်းပျက်ကျမှုကြောင့် စနေနေ့ နံနက်ပိုင်းက လူ ၁၆ ဦးသေဆုံးခဲ့ရသည်ဟု အတည်ပြုပြောကြားသည်။ စနေနေ့ နံနက်ပိုင်း ဒေသစံတော်ချိန် ၇ နာရီ မိနစ် ၄၀ က မိုးပျံပူဖောင်းပျက်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မိုးပျံပူဖောင်းပေါ်တွင် လူ ၁၆ ဦးလိုက်ပါခဲ့ပြီး မြက်တောထဲသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု လေကြောင်း အာဏာပိုင်အဖွဲ့ချုပ်က စနေနေ့က ပြောကြားသည်။




ဒေသခံ ရဲအရာရှိများကလည်း မိုးပျံပူဖောင်းပျက်ကျမှုကြောင့် မီးပုံးပျံပေါ်တွင် လိုက်ပါလာသူထဲမှ မည်သူတစ်ဦးတစ်ယောက်မျှ အသက်ရှင်ကျန်ရစ်ခြင်းမရှိကြောင်း ဒေသတွင်းရုပ်သံလိုင်းသို့ ပြောကြားခဲ့သည်။ လေကြောင်း အာဏာပိုင်အဖွဲ့ချုပ်နှင့် အမျိုးသားသယ်ယူပို့ဆောင်ရေးလုံခြုံရေးဘုတ်အဖွဲ့က ပျက်ကျရခြင်း၏ အကြောင်းအရင်းများကို စုံစမ်းမှုများ ပြုလုပ်လျက် ရှိသည်။

တက္ကဆက်ပြည်နယ် အုပ်ချုပ်ရေးမှူး ဂရက်အက်ဘော့ကလည်း သေဆုံးသူများ အားလုံးအတွက် ဝမ်းနည်းကြောင်းပြောခဲ့ပြီး ယခုတစ်ကြိမ်ဖြစ်ပွားမှုမှာ မိုးပျံပူဖောင်းပျက်ကျမှုသမိုင်းတွင် အဆိုးရွားဆုံးဖြစ်ကြောင်း ဆိုသည်။ **(ဆင်ဟွာ)**

## ရီယိုဒီဂျနေရိုး၌ မြို့ပတ်ရထားလိုင်းဖောက်ခြင်းပြီးစီး

**ရီယိုဒီဂျနေရိုး ဇူလိုင် ၃၁**

ရီယိုအိုလံပစ်ကျင်းပရန် ခြောက်ရက်အလို ရီယိုဒီဂျနေရိုး၌ မြို့ပတ်ရထားတည်ဆောက်ခြင်းလုပ်ငန်းခွင် ပြီးစီးခဲ့သည်။ ယင်းရထားလမ်းသည် မြို့တော်၌ အားကစားပြိုင်ပွဲ ကျင်းပရာနေရာများကို ဆက်သွယ်ပေးရာ၌ အဓိကအရေးပါသည်။

ဘရာဇီးနိုင်ငံ၌ စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးလာခြင်းနှင့်အတူ ဘဏ္ဍာရေးအခက်အခဲများကြောင့် ရထားလမ်းပိုင်းလေးပိုင်းမှာ ပြီးစီးရန် နှောင့်နှေးကြန့်ကြာခဲ့သည်။ ဖွင့်ပွဲအခမ်းအနားကို အိုလံပစ်ပန်းခြံဘူတာရုံ၌ စနေနေ့က ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမတ်စ်ဘတ်လည်း တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် ဘရာဇီးနိုင်ငံ၏ ယာယီသမ္မတက ရထားလမ်းတည်ဆောက်မှုနှင့်ပတ်သက်၍ စိုးရိမ်မှုများရှိခဲ့သော်လည်း ယခုအခါ၌ အောင်မြင်ခဲ့ပြီဖြစ်ကြောင်း ပြောခဲ့သည်။

ထို့ပြင်အိုလံပစ်ပြိုင်ပွဲကို ကျင်းပခွင့်ရခြင်းသည် ကမ္ဘာပေါ်၌ ဘရာဇီးနိုင်ငံကို လူသိများလာစေရန် အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်ဟု ၎င်းကပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## လျှပ်စစ်ကြောင့် ပျက်စီးသွားရသည့် ရထားလမ်းအချို့ ပြန်ဖွင့်

**တိုကျို ဇူလိုင် ၃၁**

ဂျပန်နိုင်ငံ အနောက်တောင်ဘက်ရှိ ကူမာမိုတိုစီရင်စုရှိ ရထားလမ်းပိုင်းသည် ဧပြီလအတွင်းက ငလျင်လှုပ်ခတ်မှုများကြောင့် ပျက်စီးခဲ့ရာ ယခုအခါ ပြန်လည်ပြင်ဆင်ပြီး ဖြစ်သည်။ ပြင်ဆင်ပြီးနောက် ပထမဦးဆုံးထွက်ခွာသည့်ရထားမှာ တကာမိုရီဘူတာရုံမှ နာကာမတ်ဆုဘူတာသို့ တနင်္ဂနွေနေ့က ပြေးဆွဲခဲ့သည်။

ဒေသခံပြည်သူများသည်ပလက်ဖောင်း၌တန်းစီကာ ပြေးဆွဲမှု စတင်ခြင်းကို အားပေးခဲ့ကြသည်။ အသက် ၃၇ နှစ်အရွယ်ရှိ ဒေသခံတစ်ဦးက ရထားပြေးဆွဲမှု ပြန်လည်စတင်သည့်အတွက် ဝမ်းမြောက်ရကြောင်း၊ ပျက်စီးမှုများကို အသစ်ပြင်ဆင်ခြင်းဖြင့် တိုးတက်မှုများစွာရရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# မိုဆူးလ်မြို့မှ အိုင်အက်စ်အဖွဲ့ခေါင်းဆောင်များက ၎င်းတို့၏မိသားစုများကို ခေါ်ဆောင်ကာ ဆီးရီးယားသို့ထွက်ပြေးရန်ကြိုးပမ်း



**မိုဆူးလ် ဇူလိုင် ၃၁**

အိုင်အက်စ်အဖွဲ့မှခေါင်းဆောင်များသည် အမေရိကန်က အထောက်အပံ့ပြုထားသော အီရတ်တပ်ဖွဲ့ဝင်များ၏တိုက်ခိုက်မှုကြောင့် မိုဆူးလ်မှ ၎င်းတို့၏မိသားစုများကိုခေါ်ဆောင်ကာ ဆီးရီးယားသို့ထွက်ပြေးကြသည်ဟု အီရတ်ကာကွယ်ရေးဝန်ကြီးက စနေနေ့တွင် ပြောကြားသည်။ မိုဆူးလ်မြို့ရှိ အိုင်အက်စ်အဖွဲ့မှ မိသားစုများနှင့်ခေါင်းဆောင်များသည် ၎င်းတို့ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများကို ရောင်းချခြင်းနှင့် တိတ်တဆိတ်သယ်ဆောင်မှုများ ပြုလုပ်ကာ ဆီးရီးယားသို့ ထွက်ပြေးကြကြောင်း ခါလက်အယ်အိုဘိုင်ဒီက အင်တာဗျူးတစ်ခုတွင် ပြောခဲ့သည်။ အိုင်အက်စ်အဖွဲ့သည် ၂၀၁၄ ခုနှစ်က သိမ်းပိုက်ထားသော အီရတ်နယ်မြေများထဲမှ ထက်ဝက်နီးပါး ဆုံးရှုံးခဲ့ပြီဖြစ်သည်။

အလားတူပင် ဆီးရီးယား၌လည်း နယ်မြေများဆုံးရှုံးနေရသည်။ အီရတ်တို့သည် အမေရိကန်ဦးဆောင်သည့် မဟာမိတ်များ၏ လေကြောင်းအကူအညီဖြင့် မြို့များကို ပြန်လည်သိမ်းပိုက်နိုင်ရေး တပ်ဖွဲ့ဝင် ၃၀၀၀၀ ကို အသင့်အနေအထားအဖြစ်ထားရှိရန် ရည်ရွယ်ထားသည်။ အစိုးရတပ်ဖွဲ့ဝင်များက မိုဆူးလ်မြို့တောင်ဘက် အဓိကလေတပ်အခြေစိုက်စခန်းနှင့် ဖော်လူဂျာမြို့တို့ကို ပြန်လည်သိမ်းယူနိုင်ပြီးနောက် မကြာသေးမီ သီတင်းပတ်များအတွင်း စစ်ဆင်ရေးဆင်နွှဲမှုများကို အရှိန်မြင့်လာနိုင်ခဲ့သည်။ အိုဘိုင်ဒီ၏အဆိုအရ တိုက်ပွဲများအတွင်း အဓိကစိန်ခေါ်မှုတစ်ရပ်မှာ အရပ်သားများ၏ လုံခြုံရေးပင်ဖြစ်ပြီး အဆိုပါဒေသတွင် အရပ်သား နှစ်သန်းဝန်းကျင်ခန့်ရှိကြောင်း သိရသည်။

**(ရိုက်တာ)**

# လူသားအချင်းချင်း လူကုန်ကူးခြင်းမှ ကာကွယ်နိုင်ရေး အစွမ်းကုန်ကြိုးပမ်းရန် ဘန်ကီမွန်း တိုက်တွန်း

**ကမ္ဘာပေါ်ရှိ အဆိုးရွားဆုံးသော ရာဇဝတ်ပြစ်မှုများထဲတွင် လူကုန်ကူးခြင်းလည်းအပါအဝင် ဖြစ်သည်။ လူသားအချင်းချင်း ကျွန်ပြုခိုင်းစေခြင်းမှာ လူမဆန်သော လုပ်ရပ်ပင်ဖြစ်သည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက စာနာစိတ်ကင်းမဲ့သည့် လုပ်ရပ်ဖြစ်သည့် လူကုန်ကူးမှုကို အဆုံးသတ်ရန်နှင့် ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များကို အကာအကွယ်ပေးရန် ဇူလိုင် ၂၉ ရက်က တိုက်တွန်းပြောကြားခဲ့သည်။**

လူကုန်ကူးသူများ၏ အဓိကသားကောင်များမှာ ပိုမိုကောင်းမွန်သည့် အနာဂတ်တစ်ခုကို ပိုင်ဆိုင်ရေး ကြိုးပမ်းလိုကြသည့် လူငယ်များ၊ အမျိုးသမီးများပင်ဖြစ်ကြသည်။ လူကုန်ကူးသူများသည် ကလေးငယ်များကိုပင် အလွတ်မပေးကြပေ။ ဇူလိုင် ၃၀ ရက်တွင် ကျရောက်သည့် ကမ္ဘာ့လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၌ မစ္စတာဘန်ကီမွန်းက ကမ္ဘာ့နိုင်ငံအများအပြားကို လူကုန်ကူးမှုတိုက်ဖျက်ရာတွင် ပါဝင်ဆောင်ရွက်ကြရန် တောင်းဆိုခဲ့သည်။

ကမ္ဘာတစ်ဝန်းလုံး၌ လူ ၁၀ သန်းကျော်မှာ ဒုက္ခသည်များအဖြစ် ခိုလှုံနေကြပြီး ၎င်းတို့ထဲမှ အများစုမှာ အလွန်ဝေးကွာသည့်အရပ်ဒေသမှ လာခဲ့ကြခြင်းဖြစ်ပြီး လုံခြုံစိတ်ချရမှုလည်းမရှိပေ။ ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များသည် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် လူကုန်ကူးသမားများ၏အမြတ်ထုတ်မှုကို ခံစားနေရသည်ဟု မစ္စတာဘန်ကီမွန်းက ပြောခဲ့သည်။

ထို့ပြင် လုံခြုံစိတ်ချရပြီး မှန်ကန်သည့် နည်းလမ်းများအပေါ် အခြေခံသည့် အုပ်ချုပ်မှုမျိုးကို ရွှေ့ပြောင်းအခြေချမှုနှင့် ပတ်သက်၍ ဆောင်ရွက်ရမည်ဖြစ်သည်။ ပြဿနာအရင်းအမြစ်ကို သေသေချာချာ ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ကြောင်း လူများရွှေ့ပြောင်းနေထိုင်ရခြင်း၏ အဓိကအကြောင်းအရာများဖြစ်သော ဆင်းရဲမွဲတေမှု၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာမှုနှင့် အခြားသော ပဋိပက္ခများကိုလည်း ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ကြောင်း ဘန်ကီမွန်းက ဆက်လက်ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ ယောက်ျား၊ မိန်းမ၊ ကလေးသူငယ်များမှာ အတင်းအကျပ် ဖိအားပေးခိုင်းစေခံရခြင်း၊ လိင်လုပ်သားများအဖြစ် ခိုင်းစေခံရခြင်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ထုတ်ယူ ရောင်းချခံရခြင်းအစရှိသည့် ကျွန်ပြုခိုင်းစေမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ကလေးသူငယ်လူကုန်ကူးခံရသူများ၏ ထက်ဝက်ကျော်မှာအရှေ့အလယ်ပိုင်းနှင့်အာဖရိကမှဖြစ်ပြီး သုံးပုံပုံတစ်ပုံမှာ အာရှနှင့်ပစိဖိတ်ဒေသမှဖြစ်သည်။

လူပေါင်း ၂ ဒသမ ၅ သန်းမှာခေတ်သစ်ကျွန်ပြုခြင်း၏ သားကောင်များပင် ဖြစ်သည်ဟု ကုလသမဂ္ဂကဆိုသည်။ စက်တင်ဘာ ၁၉ ရက်၌ ပြုလုပ်မည့် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသွားလာသူများ အရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂထိပ်သီး အစည်းအဝေးတွင် အဆိုပါကိစ္စရပ်များသည် အဓိကဆွေးနွေးရမည့် အကြောင်းအရာများဖြစ်လာမည်ဟု မစ္စတာဘန်ကီမွန်းက ဆိုသည်။

ယင်းအစည်းအဝေးသို့ ကမ္ဘာတစ်ဝန်းမှ ခေါင်းဆောင်များ တက်ရောက်မည်ဖြစ်သည်။ ယင်းအစည်းအဝေးသည် လူကုန်ကူးမှုနှင့် ဒုက္ခသည်များအား လူမှောင်ခိုကူးခြင်းကို ထိထိရောက်ရောက်နှိမ်နင်းနိုင်ရန် ရည်ရွယ်၍ကျင်းပခြင်းဖြစ်သည်။

ထို့ပြင် လူကုန်ကူးခံရသူများကို ကာကွယ်ပေးရန်နှင့် အကူအညီများပေးနိုင်ရန်၊ လူမှောင်ခိုသမားများ၏ရန်မှ လွတ်ကင်းနိုင်ရန်၊ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းမှ ကင်းဝေးစေရန်နှင့် အပြည်ပြည်ဆိုင်ရာစံနှုန်း၊ ဥပဒေ၊ မူဘောင်များကို လေးစားလိုက်နာကြရန် ရည်ရွယ်၍ ကျင်းပရခြင်းလည်းဖြစ်သည်။ လူသားများအပေါ် အမြတ်ထုတ် လူကုန်ကူးခြင်းအား ဆန့်ကျင်သည့် အခမ်းအနားကို ကုလသမဂ္ဂအဖွဲ့ကြီးက ပထမဦးဆုံး အကြိမ်အဖြစ် ၂၀၁၄ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျင်းပခဲ့ သည်။ လူကုန်ကူးမှုအဆုံးသတ်စေရေးနှင့် လူကုန်ကူးမှုနှင့် ပတ်သက်၍ ကမ္ဘာ့အရပ်ရပ်မှ သတိပြုမိလာစေရေး ရည်ရွယ်၍ ကျင်းပရခြင်းလည်းဖြစ်သည်။

ကမ္ဘာ့လူကုန်ကူးမှု တိုက်ဖျက်ရေးအခမ်းအနား၌ မစ္စတာဘန်ကီမွန်းက ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအပေါ် လူ့အခွင့်အရေးအရ လေးစားအကာအကွယ်ပေးရန် တောင်းဆိုခဲ့သည်။ ရွှေ့ပြောင်းအခြေချသူများနှင့် ခိုလှုံရာရှာဖွေသူများအတွက် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖန်တီးပေးခြင်းဖြင့် လူသားအချင်းချင်း ခေါင်းပုံဖြတ်အမြတ်ထုတ်သည့် အလေ့အကျင့်ဆိုးများကို အဆုံးသတ်နိုင်ရန် အထောက်အကူဖြစ်မည်ဟုလည်း ၎င်းကပြောခဲ့သည်။

စာနာစိတ်ကင်းမဲ့ပြီး ကြမ်းတမ်းရက်စက်သောအလေ့အကျင့်ဆိုးကြီးမှ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းအခြေချသူများကို အကာအကွယ်ပေးရမည်ဖြစ်သည်။ လူငယ်များ၊ အမျိုးသမီးများနှင့် ကလေးများမှာ ပိုမိုကောင်းမွန်သောဘဝ ပိုင်ဆိုင်ရမည်ဟူသော မက်လုံးနှင့် ဆွဲဆောင်စည်းရုံးခြင်းခံရကာ အမြတ်ထုတ်ခံနေရသည်။ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုတိုက်ဖျက်ရေးမှ ညွှန်ကြားရေးမှူး ယူရီဖီဒိုတော့ဖ်က အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းကြီးတစ်ခုလုံးသည် လူကုန်ကူးမှုကိုဖြေရှင်းရန်ရှန်းကန်နေရကြောင်း ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအရေးမှာ ဒုတိယကမ္ဘာစစ်ကတည်းက ပေါ်ပေါက်ခဲ့သော ကိစ္စဖြစ်ကြောင်း၊ ပဋိပက္ခဖြစ်ပွားမှုများကို အခွင့်ကောင်းယူ၍လူကုန်ကူးသမားများနှင့် လူမှောင်ခိုသမားများက ၎င်းတို့၏အကျိုးစီးပွားဖြစ်အောင် လုပ်ဆောင်ခဲ့ကြကြောင်း ပြောခဲ့သည်။

အရွယ်မရောက်သေးသည့် ကလေးငယ်များမှာ အဓိကပစ်မှတ်ထားခံနေရကြောင်းလည်း ၎င်းကဆက်လက်ပြောသည်။ တိုင်းပြည်အတွင်း မငြိမ်မသက်ဖြစ်မှုများ၊ လက်နက်ကိုင်ပဋိပက္ခများသည် လူကုန်ကူးမှုပို၍ဖြစ်ပွားရန် လောင်စာများပင်ဖြစ်ပြီး လူကုန်ကူးသမားအတွက် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ရောင်းဝယ်ဖောက်ကားခြင်းအပါအဝင် လူသားအချင်းချင်း ကျွန်ပြုခိုင်းစေရန် အခွင့်အလမ်းကောင်းများ ရရှိလာခဲ့ကြသည်။

ရွှေ့ပြောင်းအခြေချသူအားလုံးနီးပါး လူကုန်ကူးခံရခြင်းတော့ မဟုတ်ပေ။ ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ လာမည့် အစီရင်ခံစာတွင် ၂၀၁၆ ခုနှစ်လူကုန်ကူးခံရသူများတွင် အချက်အလက်အထောက်အထားမရှိသည့် ရွှေ့ပြောင်းနေထိုင်သူများနှင့် ဆက်နွှယ်သော အချက်အလက်များကိုပါ ဖော်ပြမည်ဖြစ်သည်ဟု ဖီဒိုတော့ဖ်က ပြောသည်။

အမေရိကန်ပြည်ထောင်စု၌ ဟွန်ဒူးရပ်စ်၊ ဂွါတီမာလာနှင့် အယ်ဆာဗာဒေါတို့မှ ရွှေ့ပြောင်းနေထိုင်ကြသူ ၂၀ ရာခိုင်နှုန်းတွေ့ရှိရသော်လည်း ယင်းနိုင်ငံများမှ တရားဝင်ရွှေ့ပြောင်းမှုနှုန်းမှာ ငါးရာခိုင်နှုန်းသာရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ အနောက်ဥရောပနိုင်ငံများ၌လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ ဒုက္ခသည်များနှင့် လူကုန်ကူးခံရသူများကြား ဆက်နွှယ်မှုများကို ယခုနှစ် နှောင်းပိုင်းတွင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ရုံးမှထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံအသီးသီးမှ အစိုးရများသည် လူကုန်ကူးခံရသူများကို အကာအကွယ်ပေးနိုင်ရေး၊ ရာဇဝတ်မှုများကိုမှန်ကန်စွာ တရားစီရင်နိုင်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်း၏ ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်၍ ကုလသမဂ္ဂအဖွဲ့ကြီးက အကောင်အထည်ဖော်နေသော နယ်မြေဖြတ်ကျော် ရာဇဝတ်မှုနှိမ်နင်းရေး အကောင်အထည်ဖော်နိုင်ရေးကို သဘောတူညီကြရန်လည်း တောင်းဆိုခဲ့သည်။

ယင်းအစီအစဉ်များကို အားဖြည့်ဆောင်ရွက်ပေးခြင်းဖြင့် ကလေးငယ်များ၊ အမျိုးသား၊ အမျိုးသမီးများ လူကုန်ကူးခံရခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး ဒုက္ခသည်များနှင့် ရွှေ့ပြောင်းအခြေချသူများ၏ ဘဝကိုလည်းလုံခြုံစိတ်ချမှုပေးနိုင်မည်ဟု ဖီဒိုတော့ဖ်က ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**၃၀-၇-၂၀၁၆**

**ချိုးစန္ဒီနွေး**





**လူသားများအပေါ် အမြတ်ထုတ် လူကုန်ကူးခြင်းအား ဆန့်ကျင်သည့် အခမ်းအနားကို ကုလသမဂ္ဂအဖွဲ့ကြီးက ပထမဦးဆုံးအကြိမ်အဖြစ် ၂၀၁၄ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျင်းပခဲ့သည်။ လူကုန်ကူးမှု အဆုံးသတ်စေရေးနှင့် လူကုန်ကူးမှုနှင့် ပတ်သက်၍ ကမ္ဘာ့အရပ်ရပ်မှ သတိပြုမိလာစေရေး ရည်ရွယ်၍ ကျင်းပရခြင်းလည်းဖြစ်**

ဂျေတီ

## စင်ကာပူသမ္မတဟောင်း အက်စ်အာရ်နက်သန်၏ ကျန်းမာရေးအခြေအနေ စိုးရိမ်ရ

**စင်ကာပူ ဇူလိုင် ၃၁**

စင်ကာပူ အထွေထွေရောဂါကုဆေးရုံကြီး၌ ဇူလိုင်၃၁ရက် နံနက်ပိုင်းက လေဖြတ်ရောဂါဝေဒနာခံစားနေရသော စင်ကာပူသမ္မတဟောင်း အက်စ်အာရ်နက်သန်ကို လက်ရှိ စင်ကာပူသမ္မတ တိုနီသန်ကန်ယမ်က ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုခဲ့ကြောင်းသိရသည်။ မိမိနှင့် ဇနီးတို့သည် ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော သမ္မတဟောင်း မစ္စတာနက်သန်ကို သွားရောက်ကြည့်ရှုပြီး ၎င်း၏မိသားစုဝင်များနှင့်အတူ စကားပြောဖြစ်ခဲ့ကြောင်း၊ မိမိတို့သည် သမ္မတဟောင်း မစ္စတာ နက်သန်အတွက် ဆက်လက် ဆုတောင်းမေတ္တာပို့သ ပေးသွားမည်ဖြစ်ကြောင်းဖြင့် မစ္စတာ တိုနီသန်ကန်ယမ်က လူမှုကွန်ရက်စာမျက်နှာပေါ်မှတစ်ဆင့် ရေးသားဖော်ပြထားသည်။ ထို့အတူ စင်ကာပူဒုတိယဝန်ကြီးချုပ်နှင့်အမျိုးသားလုံခြုံရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးဝန်ကြီး တီယိုချီဟင်းကလည်း သမ္မတဟောင်းနက်သန်ကို ယနေ့မွန်းလွဲပိုင်းက ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်အားပေးခဲ့ပြီး စင်ကာပူဝန်ကြီးချုပ် မစ္စတာလီနှင့် ၎င်း၏ဇနီးသည်အပါအဝင် မိမိတို့သည် သမ္မတဟောင်း မစ္စတာနက်သန်နှင့် ၎င်း၏မိသားစုဝင်များနှင့်အတူ ဆုတောင်းမေတ္တာပို့သပေးနေပါကြောင်းဖြင့် တီယိုချီဟင်းက လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။ စင်ကာပူသမ္မတဟောင်း နက်သန်သည် စင်ကာပူအထွေထွေရောဂါကုဆေးရုံကြီးရှိ အရေးပေါ် လူနာဌာနတွင် ဆေးဝါးကုသမှုခံယူ လျက်ရှိပြီး ၎င်း၏ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ရကြောင်း စင်ကာပူဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ချက်တစ်ရပ်တွင် ရေးသားဖော်ပြထားသည်။ အသက် ၉၂နှစ်အရွယ်ရှိပြီဖြစ်သော စင်ကာပူသမ္မတဟောင်း မစ္စတာနက်သန် သည် ၁၉၉၉ မှ ၂၀၁၁ ခုနှစ်အထိ စင်ကာပူသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး စင်ကာပူသမိုင်းတစ်လျှောက် သမ္မတသက်တမ်း အရှည်ကြာဆုံး သမ္မတတစ်ဦးဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# မင်းဘူးမြို့တွင် ရေဝတီမြစ်ရေမြင့်တက်လာမှုကြောင့် လူနှင့်တိရစ္ဆာန်များ ပြောင်းရွှေ့



**မင်းဘူး ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် အတွင်းရှိ ဧရာဝတီမြစ်ကမ်းပါးအနီးရှိ ရပ်ကွက်၊ ကျေးရွာများတွင် နေထိုင်လျက်ရှိသည့် လူနှင့်တိရစ္ဆာန်များ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ဘေးလွတ်ရာနေရာများသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် သနပ္ပင်စုကျေးရွာမှ အိမ်ထောင်စု ၁၅၇ စုနှင့် နွားအကောင် ၃၀၀ တို့ကို ဝက်မစွတ်ကျေးရွာနှင့် ရေနံချောင်းမြို့သို့လည်းကောင်း၊ အမှတ်(၁) ရပ်ကွက်မှ အိမ်ထောင်စု ၅၉ စုမှာ သာစည်ဘုန်းကြီးကျောင်းနှင့် ဖောင်တော်ဦးကျောင်းသို့လည်းကောင်း၊ မန်းကျိုးကျေးရွာနှင့် ထုံးမကြီးကျေးရွာမှ အိမ်ထောင်စု ၄၇ စုနှင့်နွား ၄၆ ကောင်တို့ကို အောက်ကျောင်းကျေးရွာ၊ ပေါက်ကုန်းနှင့် ကျောက်ကုန်းကျေးရွာများသို့ လည်းကောင်း၊ မင်းဘူး အမှတ်(၃)ရပ်ကွက်နှင့် အမှတ် (၄) ရပ်ကွက်မှ အိမ်ထောင်စုများနှင့် နွားများကို မုန်ကင်းကျောင်းတိုက်နှင့် အထက(၁)ကျောင်း အားကစားကွင်းတွင် လည်းကောင်း၊ ရွာသာကျေးရွာမှ အိမ်ထောင်စု ၅၆ စုနှင့် နွား ၄၁ ကောင်တို့ကို ကျေးရွာဘုန်းတော်ကြီးဝင်းအတွင်း၌ လည်းကောင်း ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြသည်။

ထို့သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် အိမ်ထောင်စုဝင် မိသားစုများထံသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်တို့က သွားရောက် အားပေးစကားများပြောကြားပြီး နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးအဆင်ပြေစေရန် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# ဧရာဝတီနှင့် ချင်းတွင်းမြစ်ရေများစိုးရိမ်ရေမှတ်အထက်ကျော်လွန်

**စိုးရိမ်ရေမှတ်များထက် ဆက်လက်တည်ရှိနိုင်မှု အခြေအနေ**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၂ ပေခန့်စီ ယင်းမြို့များ၏စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီးနောက် နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် နှစ်ပေခန့်၊ ဖောင်းပြင်မြို့တွင် သုံးပေခန့်၊ မော်လိုက်မြို့တွင် ခြောက်ပေခွဲခန့်၊ ယင်းမြို့များ၏စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ဟုမ္မလင်းမြို့တွင် တစ်ပေခွဲခန့်၊ နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် တစ်ပေခန့်စီ ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက်ဆက်လက်တည်ရှိနိုင်သည်။

ကလေးဝမြို့တွင် ခြောက်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စိုးရိမ်ရေမှတ်များအထက် ဆက်လက်မြင့်တက်နိုင်မှု အခြေအနေ**

ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် တစ်ပေခန့်၊ ပခုက္ကူမြို့တွင် နှစ်ပေခန့်၊ ညောင်ဦးမြို့တွင် သုံးပေခွဲခန့်၊ ဟင်္သာတမြို့တွင် တစ်ပေခန့်နှင့် ဇလွန်မြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း မြင်းမူမြို့တွင် ပေဝက်ခန့်၊ နောက်နှစ်ရက်အတွင်းပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် တစ်ပေခန့်စီနှင့် နောက်သုံးရက်အတွင်း ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် တစ်ပေခန့်စီ ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ဟင်္သာတမြို့နယ်နှင့်ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုထားသည်။

ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ငါးပေခန့်၊ ကနီမြို့တွင် ငါးပေခွဲခန့်နှင့် မုံရွာမြို့တွင် နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း မင်းကင်းမြို့ ကနီမြို့နှင့် နောက်နှစ်ရက်အတွင်း မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် မြစ်ရေကြီးမှုဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(မြန်မာ့အလင်း)**

# ရေစကြိုမြို့နယ် မြေသားတာပေါင်ကြီး ရေယိုပေါက်များအား သဲများ၊ သဲအိတ်များဖြင့် ဝိုင်းဝန်းပိတ်ဆို့

**ရေစကြို ဇူလိုင် ၃၁**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ် အထက် ၂၆ ဒသမ ၆၅ စင်တီမီတာ ကျော်လွန်ရောက်ရှိနေလျက်ရှိရာ ဇူလိုင် ၃၀ ရက်က အမှတ် (၆) ရပ်ကွက်နှင့် မြို့မရဲစခန်းထိပ်သို့ ဆက်သွယ်ထားသော တာပေါင်အောက်ခြေမှ ရေများယိုစိမ့် လာသဖြင့် မြေသားတာပေါင်ကြီး ပြိုကျ၍ မြို့နယ်ဆည်မြောင်းဦးစီးဌာနလက်ထောက်ဦးစီးမှူး ဦးသန်းမြင့်အောင် နှင့် တာပေါင် နံဘေးတွင်နေထိုင်ကြသော အောင်ချမ်း သာ ရပ်ကွက်သူ ရပ်ကွက်သားများက ရေယိုပေါက်များအား သဲများ၊ သဲအိတ်များဖြင့် ဝိုင်းဝန်းပိတ် ဆို့ကြလျက်ရှိသည်။



အဆိုပါတာပေါင်ကြီးသည် မြေသားဖြင့် တည်ဆောက်ထားသော တာပတ်ဝိုင်းကြီးတစ်ခုဖြစ်သဖြင့် ယခင်နှစ်များကလည်း မြစ်ရေမြင့်တက်ချိန်များတွင် မြို့မရဲစခန်းထိပ်နှင့် အောင်ချမ်းသာရပ်ကွက်ကြားရှိ မြေသားတာပေါင်အပိုင်းမှ တာပေါင်ကျိုးပြတ်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

၂၀၁၄ခုနှစ်က မြေသားတာပေါင် သုံးပိုင်းကျိုးပြတ်ခဲ့ပြီး ၂၀၁၅ ခုနှစ်ကလည်း မြေသားတာပေါင်တစ်ပိုင်း ကျိုးပြတ်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ မြေသားတာပေါင်ကြီးကို ၂၀၀၉ ခုနှစ်မှစတင်ကာ ရေစကြိုမြို့ မြို့မရဲစခန်းထိပ်မှစ၍ အောင်ချမ်းသာရပ်ကွက်၊ ပုလဲစုရပ်ကွက်၊ ကူတုပ်ကျေးရွာ၊ ဇီးကျွန်းကျေးရွာ၊ ညောင်တောကျေးရွာနှင့် တမာတန်းကျေးရွာထိဆက်သွယ် ဖောက်လုပ်ထားခြင်းဖြစ်ပြီး နှစ်စဉ်မြစ်ရေ မြင့်တက်ချိန်တွင် တာပေါင်အတွင်း တာဝိုင်းဧရိယာ၌ မြစ်ရေများကိုသိုလှောင်၍ ပညင်းကျေးရွာ၊ ပေကုန်းကျေးရွာများမှ မိုးစပါးစိုက်ခင်းဧက ၄၀၀ခန့်သို့ ရေလွှတ်မြောင်းများမှတစ်ဆင့် ရေလွှတ်ပေးပို့ကာ မိုးစပါးစိုက်ပျိုးရန် ပျိုးထောင်ရေမှ အောင်ရေအထိရအောင် ရေပေးဝေလျက်ရှိသော တာဝိုင်းကြီးတစ်ခုလည်း ဖြစ်သည်။

ထို့အပြင် ကျေးရွာချင်းဆက်မြေသားလမ်း ဖြစ်သောကြောင့် အဆိုပါတာပေါင်အနီးရှိ ကျေးရွာများမှ ရာသီမရွေး နေ့ရောညပါ သွားလာလျက်ရှိသော တာပေါင်ကြီးဖြစ်ကြောင်း သိရသည်။

**အိမ့္မွန်ဆွေ(ရေစကြို)**

# လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းဆောင် ပျက်စီး

**တောင်တွင်းကြီး ဇူလိုင် ၃၁**

တောင်တွင်းကြီး မြို့နယ် ကုလားမအုပ်စုသက္ကယ်မြောင် ကျေးရွာကိုယ့်အားကိုယ်ကိုး မူလတန်းစာသင်ကျောင်းဆောင်(၉၀×၃၀×၁၅)ပေမှာ ဇူလိုင် ၃၀ရက် ညနေ ၄ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုဒဏ်ကြောင့် သွပ် စုစုပေါင်း ၁၁၂ ချပ် အမိုးလန်ပျက်စီးသွားကြောင်း၊ ယင်းစာသင်ကျောင်းဆောင်အား ကျေးရွာပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ် သိန်း ၃၀ဖြင့် ၂၀၁၃ ခုနှစ်က ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။
**(၀၈၅)**



**အမည်ပြည့်စွက်**

အထက(၂) စစ်တွေ၊ တက္ကသိုလ်ဝင်တန်း(B)မှ (ဘ)ဦးကွန်ချုပ်မောင်၏သား မောင်ပြည့်ဖြိုးအောင်အား မောင်နေကျော်လင်းဟု ဖြည့်စွက်ခေါ်ပါရန်။ **မောင်ပြည့်ဖြိုးအောင်(ခ) မောင်နေကျော်လင်း**

**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၄)စီးယာဉ်များနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လစဉ်ကားမျိုးစုံငှားရမ်းရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**ဖခင်အမည်မှန်**

ဒလမြို့နယ်၊ အထက(၃)၊ ဆဋ္ဌမတန်းမှ မသွဲ့မှူးအိမ်၏ ဖခင်အမည်မှန်မှာ ဦးဝေဇော်မျိုး ၁၂/တတန(နိုင်)၀၀၃၇၆၈ဖြစ်ပါကြောင်း။
**ဦးဝေဇော်မျိုး ၁၂/တတန(နိုင်)၀၀၃၇၆၈**

**ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ဟ/၅၀၆၅ xinguan xy 200ZH သုံးဘီးလက်ဝယ်ရှိသူ သံတွဲမြို့၊ (၂)ရပ်ကွက်နေ ဦးကျော်သောင်း ၁၁/ဂမန(နိုင်)၀၂၃၈၉၆က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ပြည်နယ် ရုံး (စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။
**ကညန၊ ပြည်နယ်ရုံး၊ စစ်တွေ**

**ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၉ယ/၄၄၂၅၁ Hero Anbo czi 125 ဆိုင်ကယ်လက်ဝယ်ရှိသူ မောင်တောမြို့၊ ညောင်ချောင်းရပ်ကွက်နေ ဆိဒ်ဒိတ်ဂူရာမာန် ၁၁/မတန(နိုင်)၃၁၄၉၅၀က(ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။
**ကညန၊ ပြည်နယ်ရုံး၊ စစ်တွေ**

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၂၇)နေ ၁၂/အစန(နိုင်)၁၆၈၀၇၇ ကိုင်ဆောင်သူ ကျွန်မ ဒေါ်ဥမ္မာထွေးမှ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ပညာ့သိဒ္ဓိကျောင်းလမ်း၊ အမှတ်(၇၀/ခ)ဟု ခေါ်တွင်သည့် အလျား ၂၄ ပေ×အနံ ပေ ၆၀ ခန့်ရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ထပ် RC အဆောက်အအုံတစ်လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်စန်းဝေမှ တရားဝင်ပိုင်ဆိုင်သူတစ်ဦးဖြစ်ကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချမည်ဟု စကားကမ်းလှမ်းခဲ့ခြင်းအပေါ် ဝယ်ယူသူ ကျွန်မဒေါ်ဥမ္မာထွေးမှ စရန်ငွေပေးချေဆောင်ရွက်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ရေးဆိုင်ခွင့်ရှိခဲ့ပါက မည်သူမဆို ဤကြေညာစာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ဝယ်ယူသူ ကျွန်မထံသို့ တရားဝင် စာရွက်စာတမ်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သို့မဟုတ်ပါက သတ်မှတ်သည့်ရက်ကျော်လွန်သည့်နောက်ပိုင်းတွင် အရောင်းအဝယ်စာချုပ်ကို အပြီးအပိုင်ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဥမ္မာထွေး ၁၂/အစန(နိုင်)၁၆၈၀၇၇
အမှတ်(၂၇)၊ နှင်းဆီလမ်း၊ ထန်းပင်ကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၁၊ မြေကွက်အမှတ်-၁၁၄၀၊ ဧရိယာ(၄၀'x၆၀')ပါမစ်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူ ဦးရင်မောင်(၁၂/အလန(နိုင်)၀၂၆၆၅၆)ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းမြင့်ဦး (၁၂/ဥကတ(နိုင်)၁၂၆၁၄၉)ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန်ရောင်းဘိုးငွေ၏ တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်
နော်ရှိုင်းရှိုင်းဒီလင်း
၀၉-၇၈၀၀၉၈၅၆၆၀

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာလမ်းမကြီးနှင့် သုနန္ဒာ(၁၀)လမ်းထောင့်၊ အမှတ် (၂၆၉/A)ဟုခေါ်တွင်သော ဧရိယာ (၂၅'×၆၀')ရှိမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်တရားဝင် အကျိုးခံစားလျက်ရှိသူ ဦးထွန်းထွန်းဝင်း ၁၂/လမတ(နိုင်)၀၀၀၁၅၅ထံမှ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအေးမင်း LL.B** — **ဦးသိန်းဇော်ဦး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၁၀)** — **အထက်တန်းရှေ့နေ(စဉ်-၂၁၇၁၆)**
**အမှတ် ၇၂၂၊ ခေမာသီလမ်းမ၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဦးစီးဌာန၊ လောက်ကိုင်ခရိုင်အတွင်းရှိ လောက်ကိုင်မြို့နယ်၊ ကုန်းကြမ်းမြို့နယ်နှင့် ချင်းရွှေဟော်မြို့များအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်ပြည်နယ် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံ၊ ရေသဲ၊ သံချောင်းလုံးရှယ်စုံ၊ ဒီဇယ်ဆီ စသည့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ ဝယ်ယူလိုသည့် လမ်းခင်းကျောက်များနှင့် လုပ်ငန်းခွင်သုံး ပစ္စည်းများ၏ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့တွင် ၁-၈-၂၀၁၆ ရက် (တနင်္လာနေ့)မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ **အိတ်ဖွင့်တင်ဒါအမှတ်-အမှတ်(၂)(၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်)**

၄။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၂-၈-၂၀၁၆ ရက် ၁၆:၀၀နာရီ

၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၅-၈-၂၀၁၆ ရက် ၉:၃၀နာရီ

၆။ **တင်ဒါသွင်း/စိစစ် ရွေးချယ်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လောက်ကိုင်မြို့၊ ဖုန်း-၀၈၂-၇၂၂၅၅

၇။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



မြန်မာအသင်းနှင့်ဩစတြေးလျ ယူ-၂၀အသင်းယှဉ်ပြိုင်နေစဉ်

# အိမ်ရှင် မြန်မာနှင့် ဩစတြေးလျ ယူ-၂၀ သရေကျ

**မန္တလေး ဇူလိုင် ၃၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၆ အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲအုပ်စု(ခ) နောက်ဆုံးနေ့ပွဲများကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ကျင်းပရာ မြန်မာအသင်း သရေပွဲကြုံတွေ့ခဲ့သည်။

မြန်မာအသင်းနှင့်ဩစတြေးလျ ယူ-၂၀ အသင်းတို့ပွဲတွင် အရှုံးအနိုင်မပေါ်ဘဲ တစ်ဂိုးစီသရေရလဒ်ဖြင့်ပြီးဆုံးခဲ့သည်။ အိမ်ရှင်မြန်မာအသင်းသည် ယခုပွဲအနိုင်ရရှိလျှင် အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်မည်ဖြစ်သော်လည်း မိနစ် ၇၀ ကျော်တွင် ပေးလိုက်ရသည့် ချေပဂိုးကြောင့် သရေတစ်မှတ်သာရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲကို ပရိသတ် ၂၀၀၀၀ ကျော် လာရောက်အားပေးခဲ့ကြသည်။

မြန်မာအသင်းသည် အနိုင်ရရှိရေးအတွက် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ဩစတြေးလျအသင်းကို ရင်ဆိုင်ခဲ့သည်။ ဩစတြေးလျအသင်းသည် သရေကျရုံဖြင့် အုပ်စုပထမရရှိမည်ဖြစ်သောကြောင့် ထိန်းကစားခဲ့သည်။ ပွဲအစပိုင်းတွင် ဩစတြေးလျအသင်း ပိုဖိကစားနိုင်ခဲ့ပြီး မြန်မာအသင်းက ဩစတြေးလျအမှားကိုစောင့်ကာ တိုက်စစ်ဆင်ခဲ့သည်။ မိနစ် ၃၀ နောက်ပိုင်းတွင် မြန်မာအသင်းတိုက်စစ်ကစားပုံ ပိုကောင်းလာပြီး ၄၁မိနစ်တွင် ဂိုးစတင်ရရှိခဲ့သည်။ တိုက်စစ်မှူး ခင်မိုးဝေကအဝေးမှ လုလုပပကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ဩစတြေးလျအသင်းက ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး မြန်မာအသင်းသည်လည်း ခံစစ်အသားပေးပုံစံဖြင့် ကစားခဲ့သည်။ မြန်မာအသင်းသည် မိနစ် ၇၀ ကျော်အထိ ဩစတြေးလျ တိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့သော်လည်း ၇၄ မိနစ်တွင် ဂိုးပေးခဲ့ရသည်။ တောင်ပံမှဖြတ်တင်ပေးသောဘောလုံးကို မြန်မာဂိုးသမား မြဖူးငုံကာကွယ်ရာမှ ပြန်လျှံကျလာသည်ကို မာလီနာက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ဩစတြေးလျအသင်းက သရေရလဒ်ကို ထိန်းကစားသွားခဲ့သည်။

ညနေ ၃ နာရီက ကစားသည့်ပထမပွဲတွင် မလေးရှားအသင်းက တီမောအသင်းကို ၁၃ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။ အုပ်စု (ခ)ပွဲစဉ်များအပြီးတွင် ဩစတြေးလျနှင့်အိမ်ရှင် မြန်မာအသင်းတို့ ခုနစ်မှတ်စီတူညီနေသော်လည်း ဂိုးကွာခြားချက်ဖြင့် ဩစတြေးလျ ယူ-၂၀ အသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယနေရာရရှိခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲများကို ဩဂုတ် ၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်နှင့်အိမ်ရှင်မြန်မာ၊ဩစတြေးလျ ယူ-၂၀နှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# မကွေးအသင်း ပထမအကျော့တွင် နှစ်ဂိုးပြတ်နိုင်

**ရန်ကုန် ဇူလိုင် ၃၁**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ပြိုင်ပွဲ ဆီမီးဖိုင်နယ်ဖြစ်သည့် မကွေးနှင့် ဇွဲကပင် အသင်းတို့၏ ပထမအကျော့ပွဲကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ မကွေးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မကွေးအသင်းသည် ပထမအကျော့တွင် နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သောကြောင့် ဗိုလ်လုပွဲတက်ရောက်နိုင်ရန် အခွင့်အရေးပိုများသွားပြီ ဖြစ်သည်။ မကွေးအသင်းသည် ယခုရာသီတွင် ဇွဲကပင်အသင်းနှင့် တွေ့ဆုံသည့် သုံးကြိမ်စလုံး အနိုင်ယူခဲ့ခြင်းဖြစ်ပြီး ပထမဆုံးအကြိမ် ဗိုလ်လုပွဲ တက်ရောက်နိုင်ရန် အလေးသာသွားခဲ့သည်။ ဇွဲကပင်အသင်းသည် လက်ကျန်မျှော်လင့်ချက်အတွက် ဒုတိယအကျော့တွင် ဂိုးပြတ်အနိုင်ကစားရတော့မည်ဖြစ်သည်။

နှစ်သင်းစလုံးအမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ဇွဲကပင်အသင်းသည် တိုက်စစ်အသားပေးသည့် ပုံစံဖြင့် အသင်းခေါင်းဆောင် ဂျူနီယာကိုမသုံးဘဲ ကင်မ်ကိုပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ ပထမပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ၁၅ မိနစ်တွင် ကွင်းလယ်လူ ဆက်ဖြိုးဝေက မကွေးအတွက် အဖွင့်ဂိုးစတင်သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် ဇွဲကပင်အသင်းက ချေပဂိုးရရှိရန် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ဇွဲကပင်အသင်းသည် ဒုတိယပိုင်းတွင် ခြေအသာဖြင့် တောက်လျှောက်ဖိကစားနိုင်ခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ချေပဂိုးနှင့်ဝေးခဲ့ရသည်။ မကွေးအသင်းသည် တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့ပြီး ဒုတိယအနိုင်ဂိုးကို ၈၉ မိနစ်တွင် တိုက်စစ်မှူး ဆယ်လာက သွင်းယူပေးခဲ့သည်။

ဆီမီးဖိုင်နယ် ဒုတိယအကျော့အဖြစ် ဩဂုတ် ၁၀ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံနှင့်ရန်ကုန်၊ ဩဂုတ် ၁၁ ရက်တွင် အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့် မကွေးတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# မန္တလေးတိုင်းဒေသကြီး အမျိုးသမီးဘောလုံးပြိုင်ပွဲ မန်းခရိုင် အသင်းဗိုလ်စွဲ

**မန္တလေး ဇူလိုင် ၃၁**

၂၀၁၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး ခရိုင်ပေါင်းစုံ အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီခွဲက ရွှေမန်းတောင် အားကစားကွင်း၌ မန္တလေးခရိုင်အသင်းနှင့် ကျောက်ဆည်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးခရိုင်အသင်းက ခြောက်ဂိုး- ဂိုးမရှိ ဖြင့်အနိုင်ရ ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီးဆုများချီးမြှင့်ရာ ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် မန္တလေးခရိုင်အသင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပထမတံခွန်စိုက်ဆုဖလားနှင့်ဆုငွေကျပ် ခုနစ်သိန်းကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# လစဉ်လူထုစုပေါင်းစက်ဘီးစီးပွဲ မန္တလေး၌ ပျော်ရွှင်စွာဆင်နွှဲ

**မန္တလေး ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လစဉ်လတစ်လ၏ နောက်ဆုံးပတ် တနင်္ဂနွေနေ့တိုင်းတွင် လူထုစုပေါင်းစက်ဘီးစီးပွဲကို ယနေ့နံနက် ၅ နာရီခွဲက မန္တလေးမြို့ ၇၃ လမ်းနှင့် ၂၆ လမ်းထောင့် ကျုံးတောင်ဘက် မင်္ဂလာလမ်းဆုံစုရပ်နေရာ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ စက်ဘီးစီးနင်းသူ ပြည်သူများ ပါဝင်ဆင်နွှဲကြသည်။ ရှေးဦးစွာ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးလိုက်ရာ စုရပ်နေရာမှ စတင်ကာ မန္တလာသီရိအဆင့်မြင့်အားကစားကွင်းအထိ မိုးရွာသွန်းနေသည့်ကြားမှ စုပေါင်းစက်ဘီးစီးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြင်းခြံမြို့နယ်၊ တလုပ်မြို့၊ အထက တက္ကသိုလ်ဝင်တန်း(B)မှ မသင်းစုလှိုင်၏ဖခင် ဦးဖိုးယုနှင့် ဦးယုနိုင် ၉/မခန(နိုင်)၀၄၂၂၈၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၃၅၆၅၊ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော်ဦး ၁၄/ကလန(နိုင်)၀၈၆၉၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/8892 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/1892 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**သစ်တောဦးစီးဌာန၊လပွတ္တာမြို့နယ်ရှိ ပုံစံ(၈)ဝင် အခြားခွဲသား(၅ဒသမ၅၂၈၂)တန်တို့အား**

## ရောင်းချရန် လေလံကြော်ငြာခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ မြောင်းမြခရိုင်၊ လပွတ္တာမြို့နယ်မှ အခြားခွဲသား (၅ ဒသမ ၅၂၈၂)တန်တို့အား ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ လပွတ္တာမြို့၌ ၁၀-၈-၂၀၁၆ရက် နံနက် ၁၀နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ အထက်ပါလေလံတင်ရောင်းချသည့်ပုံစံ(၈)ဝင် အခြားခွဲသား (၅ဒသမ၅၂၈၂)တန်တို့အား တိုင်းကျော်သယ်ယူခွင့်မပြုပါ။

၂။ လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ လပွတ္တာမြို့နယ် ဦးစီးအရာရှိရုံး၌ ကြော်ငြာပါသည့်ရက်မှ ၉-၈-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း နောက်ဆုံးထားဝယ်ယူ လျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၄၂-၈၀၁၂၂၊ ၀၉-၇၉၄၅၅၄၁၅၈၊ ၀၉-၇၈၀၀၂၄၇၀၁၊ ၀၉-၄၂၂၅၅၄၂၂၂တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀-ဘီ၊ မြေကွက်အမှတ် ၄၄၂ဒီ၊ မြေကွက်တည်နေရာအမှတ် ၂၇၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ် ဒေါ်ရင်မေ၊ ဦးညီပု၊ မစန်းရင်နှင့် သားသမီးများ မပြေသိန်း၊ မောင်အောင်ဖေ၊ မောင်စန်းမောင်၊ မောင်ပန်းလှ၊ မညိမ်းရှင် အမည်ပေါက် နှစ်ခြင်းမြေငှားဂရန်မြေဧရိယာ ၀ဒသမ ၁၀၆ဧက၏ အစိတ်အပိုင်းကို ဒေါ်ရင်မေမှ အရောင်းအဝယ်စာချုပ် (၂၀၄၃/၁၉၅၆)ဖြင့် ရောင်းချ၍ ဦးညီပု၊ မစန်းရင်နှင့်သားသမီးများ မပြည်သိမ်း၊ မောင်စံမောင်၊ မောင်အောင်ဖေ၊ မောင်ပန်းလှ၊ မညိန်းရှင်တို့ ဝယ်ယူခဲ့ပြီးနောက် ဦးအောင်ဖေမှ စွန့်လွှတ်စာချုပ် (၁၀၇၉/၁၉၅၄)ဖြင့် စွန့်လွှတ်သဖြင့် ဦးညီပု၊ ဒေါ်စန်းရင်၊ ဒေါ်ပြည်သိမ်း၊ မောင်စံမောင်၊ မောင်ပန်းလှ၊ မပြည်ငြိမ်းရှင်တို့ ရရှိခဲ့ပါသည်။ ယင်းမြေအစိတ်အပိုင်းကို ဒေါ်ပြည်သိမ်း ၁၂/ဗဟန(နိုင်) ၀၇၃၄၅၇နှင့် ဦးပန်းလှ ၁၂/မရက(နိုင်)၀၈၁၂၃၅တို့က (ဖခင်) ဦးညီပု၊ မိခင် ဒေါ်စန်းရင်၊ (အစ်မ/ညီမ) ဒေါ်ပြည်ငြိမ်းရှင်(အပျိုကြီးဘဝ)၊ (မောင်/အစ်ကို) ဦးစံမောင်(လူပျိုကြီးဘဝ) ကွယ်လွန်ကြောင်း ကျမ်းကိုန်လွှာများ၊ သေဆုံးမှုလက်မှတ်/သေစာရင်းများတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက် ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာချက်

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၃၈၊၄၉)၊ (၅)ရပ်ကွက်၊ ရွှေဘုံသာအိမ်ရာ၊ ရွှေဘုံသာလမ်း၊ အမှတ်(၃၈၊၄၉)တွင် (၂)ထပ်တိုက်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် ဒေါ်မာလာဝင်း (၁၂/သဃက(နိုင်)၀၄၂၅၃၈)မှ ပိုင်ဆိုင်မှုအနေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ C/Map အမည်ပေါက် ကျူဆိုတ်ကုမ္ပဏီထံမှ မြေကွက်အပြီးအပိုင်ရောင်းချသည့် အရပ်ကတိစာချုပ်ဖြင့် တင်ပြလျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

## အမည်ပြောင်းခြင်း

ဦးကျော်ဇင်လွင် - ဒေါ်စန်းစန်းတင့်တို့၏သား လားရှိုးမြို့၊ ပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်း စတုတ္ထတန်းတွင်ပညာသင်ကြားနေသော မောင်ပြည့်စုံအား မောင်အောင်သီဟဟုအမည်ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း(A)မှ နန်းဆီရိဖောင်း ၁၃/ကတန(နိုင်) ၁၇၃၄၃၇နှင့် သတ္တမတန်း(A)မှ နန်းဝိလှိုင်းဖွန်းတို့၏ ဖခင်အမည်မှန်မှာ စိုင်းဆွမ်ဖစ် ၁၃/ကတန(နိုင်)၀၀၁၆၆၁ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2F/5560 SUZUKI CARRY DA63T, Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မွန်မွန် ၁၂/ဥကတ(နိုင်)၀၃၉၅၅၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၁၄**

ဦးဝင်းရွှေ **နှင့်** ၁။ ဒေါ်ညွှန့်ရီ
၂။ ဒေါ်ခိုင်ခိုင်ဦး
၃။ ဦးသူရကျော်
၄။ ဒေါ်လှလှအေး

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၃၃၁ တွင် နေထိုင်သူ အမှတ်(၄) တရားပြိုင် ဒေါ်လှလှအေး (ယခုလိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားပြိုင်များအပေါ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ ခုနှစ် ဩဂုတ် ၁၇ ရက် (၁၃၇၈ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ခင်နှင်းထွဋ်)**
**ဒုတိယခရိုင်တရားသူကြီး(၁၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ဖလမ်း၊ အမှတ်၁၁ တွင် တည်ရှိသော ACTIVE BUSINESS CONSOLIDATION COMPANY LIMITED သည် အောက်တွင်ဖော်ပြပါရှိသည့် ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်းများရုံးတွင် တစ်ဦးတည်းမူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

ရွှေရိုးရာ

(၄/၈၄၇၁/၂၀၁၆)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးသော ကုန်ပစ္စည်းများကို အရောင်အသွေးအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့်ပြုလုပ်ပြီး အဆာပြေစားသုံးရန်အတွက်၊ သရေစာအမျိုးမျိုးဖြစ်သော အာလူးကြော်များ၊ တို့ဟူးကြော်၊ စာကလေးခွေ၊ ရွှေဥကြော်၊ အချဉ်သရေစာထုပ်များနှင့်တကွ မြန်မာ့ရိုးရာစားသောက်ကုန် ကုန်ပစ္စည်းအမျိုးအစားများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုလျက်ရှိပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို မည်သူမဆို ACTIVE BUSINESS CONSOLIDATION COMPANY LIMITED ၏ တရားဝင်ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ အတုပြုလုပ်ခြင်း၊ အခြားသောနည်း ပညာတစ်ရပ်ရပ်ဖြင့် တုပပြုလုပ်သုံးစွဲခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်သဥ္ဇာအောင်** | **ဦးနောင်နောင်လှိုင်မိုးညို** |
| **LL.B, D.B.L, D.I.L,** | **LL.B, M.B.L, D.B.L,** |
| **D.M.L, D.A.Psy** | **D.M.L, D.I.L** |
| **အထက်တန်းရှေ့နေ (စဉ်-၄၀၉၃၂)** | **အထက်တန်းရှေ့နေ (စဉ်-၃၂၁၄၈)** |
| **ဖုန်း-၀၉-၂၅၀၈၀၅၅၂၄** | **ဖုန်း-၀၉-၉၇၀၆၅၂၁၄၇** |

# ကျွန်တော်နဲ့တာဝန်ကျေတဲ့ စီးပွားရေးကဏ္ဍ



## ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

ကျွန်တော်ဟောပြောပွဲနှစ်ခုကို တနင်္ဂနွေနေ့နဲ့တနင်္လာနေ့တွေမှာ ရက်ဆက်လုပ်ခဲ့ပြီး တိုက်တိုက်ဆိုင်ဆိုင် ခေါင်းစဉ်နှစ်မျိုးကို ဟောပေမယ့် တစ်ခုနဲ့တစ်ခုက ဆက်စပ်နေပြီး အခြေခံက အတူတူပဲဖြစ်ခဲ့တယ်။

ပထမအကြိမ်ကတော့ တနင်္ဂနွေမှာပြုလုပ်တဲ့ပွဲအခမ်းအနားကို ဆရာစံလမ်းနဲ့ တက္ကသိုလ်ရိပ်သာလမ်းသစ်ထိပ်က စီဘီခန်းမမှာပါ။ ကျွန်တော်ဒီခန်းမကို သဘောကျတယ်။ လူအများကြီးဆံ့သလို တိုင်တွေမရှိတော့ ပရိသတ်တွေအတွက် အနှောင့်အယှက်မဖြစ်ဘူး။ သွားရေးလာရေးလည်း အဆင်ပြေတယ်။ မင်းရဲကျော်စွာလမ်းမှာရှိတဲ့ ခန်းမထက် နည်းနည်းပဲသေးပါတယ်။ ခေါင်းစဉ်က စီအက်(စ်)အာ(ရ်) ၂ ဒသမ ၀ ဖြစ်တယ်။ တနင်္လာနေ့မှာတော့ မြန်မာသီလဝါအများပိုင်ကုမ္ပဏီက ကမကထလုပ်တဲ့စီးပွားရေးလုပ်ငန်းများအတွက် ကောင်းမွန်သော စီမံအုပ်ချုပ်မှု ခေါင်းစဉ်။ ရုတ်တရက်ကြည့်ရင် ခေါင်းစဉ်နှစ်ခုက ကွဲပြားနေပေမယ့် အမှန်တော့ အနှစ်သာရအနေနဲ့ ကွဲပြားခြားနားမှုသိပ်မရှိလှတာတွေ့ရပါတယ်။

စီးပွားရေးလုပ်ငန်းများရဲ့ လူ့အဖွဲ့အစည်းအတွင်း အခြေခံရပ်တည်မှုဆိုတာကလည်း ဒီအခြေခံမေးခွန်းကို ဟောပြောပွဲနှစ်ခုစလုံးမှာ ကျွန်တော်လေ့လာထားမှုတွေကို မျှဝေခဲ့ပါတယ်။ ကျွန်တော်တို့ငယ်ငယ်က သင်ကြားလေ့လာခဲ့တဲ့စီးပွားရေးပုံစံနဲ့(၂၁)ရာစုမှာ စဉ်းစားတွေးခေါ်တဲ့ပုံတွေဟာ လုံးဝမတူညီတော့ပါဘူး။ လူ့အဖွဲ့အစည်းကို အခြေခံအဆောက်အအုံသုံးရပ်နဲ့ ဖွဲ့စည်းထားတယ်လို့ လက်ခံခဲ့ကြတယ်။ အစိုးရ၊ ပုဂ္ဂလိကနဲ့အရပ်ဘက်လူ့အဖွဲ့အစည်း၊ ဒီကဏ္ဍသုံးရပ်ဟာ တာဝန်ကိုယ်စီ သီးခြားရှိကြပြီး လွတ်လပ်စွာရပ်တည်တယ်လို့လက်ခံခဲ့တယ်။ ပုဂ္ဂလိကကဏ္ဍဟာ အခြေခံအားဖြင့် တာဝန်တစ်ရပ်သာရှိကြောင်း အသိအမှတ်ပြုကြတယ်။ ဒီတာဝန်ကတော့ စီးပွားရေးတာဝန်ဝတ္တရားဖြစ်ပြီး အမြတ်အစွန်းရအောင် ဆောင်ရွက်ဖို့ဖြစ်တယ်။ ဒါကြောင့်လည်း စီးပွားရေးနိုဘယ်ဆုရရှိတဲ့ပါမောက္ခဖရီ(ဒ်)မန်က စီးပွားရေးလုပ်ကိုင်တဲ့သူမှာ တာဝန်တစ်ခုပဲရှိတယ်။ ဒါကအမြတ်ရဖို့ပဲဖြစ်တယ်လို့ပြတ်ပြတ်သားသားပြောဆိုရေးသားခဲ့တယ်။ အခုခေတ်မှာတော့ စီးပွားရေးလုပ်ငန်းမှာ တာဝန်သုံးရပ်ရှိကြောင်း လက်ခံလာခဲ့တယ်။ ပထမတာဝန်က စီးပွားရေးတာဝန်ဖြစ်တယ်။ အမြတ်ရအောင်လုပ်ရမယ်။ ဈေးကွက်ထဲမှာ ဖောက်ထွင်းရမယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏ ကြီးမားရမယ်။ ဒုတိယတာဝန်ကတော့ လူမှုရေးတာဝန်ဖြစ်တယ်။ ဒီတာဝန်အရ မိမိဝန်ထမ်းတွေ၊ ကုမ္ပဏီကိုပိုင်ဆိုင်သူတွေ၊ ဖောက်သည်တွေ၊ ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းမှာရှိသူတွေ သူတို့တစ်တွေနဲ့ပတ်သက်ပြီး လုပ်ငန်းမှာ တာဝန်ရှိကြောင်း လက်ခံလာခဲ့တယ်။ တတိယတာဝန်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုဖြစ်တယ်။ ပတ်ဝန်းကျင်ကို မျက်ကွယ်ပြုပြီး လုပ်ချင်တိုင်းလုပ်ခွင့်မရှိတာကို အသိအမှတ်ပြုလာခဲ့တယ်။ ၂၀၁၅ ခုနှစ်အလွန် စီးပွားရေးလုပ်ငန်းများရဲ့ပုံစံဟာ အပိုင်းလေးပိုင်းရှိတာကို သုံးသပ်နိုင်ပါတယ်။ ပထမပိုင်းမှာ ရည်မှန်းချက်တွေဖြစ်တယ်။ ရည်မှန်းချက်လို့ပြောတဲ့နေရာမှာ နှစ်ပိုင်းရှိပါတယ်။ တစ်ဖက်က အရေးပါတဲ့ကိစ္စကတော့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရည်မှန်းချက်တွေဖြစ်တယ်။ ဒီရည်မှန်းချက်တွေဟာ အားလုံးပါဝင်ပတ်သက်တဲ့ ဖွံ့ဖြိုးမှုကို ရည်ရွယ်တာဖြစ်တယ်။ ဒုတိယပိုင်းကတော့ ကာလရှည်လုပ်ငန်းရဲ့ ရည်မှန်းချက်တွေဖြစ်တယ်။ ဝင်ငွေတိုးမြှင့်မှုနဲ့ကုန်ထုတ်စွမ်းအားတိုးတက်မှုဖြစ်တယ်။ ဒုတိယအပိုင်းကတော့ ပွင့်လင်းမြင်သာမှုနဲ့တာဝန်ယူတာဝန်ခံမှုဖြစ်တယ်။ တတိယအပိုင်းကတော့ လုပ်ငန်းအကောင်အထည်ဖော်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါတယ်။ နောက်ဆုံးကတော့ လုပ်ငန်းတစ်ခုအတွက် လိုအပ်တဲ့မက်လုံးတွေရှိမှုဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာစီအက်(စ်)အာ(ရ်)လို ခေါ်တဲ့လူမှုရေးတာဝန်ကျေပွန်တဲ့ စီးပွားရေးလုပ်ငန်းတွေဖော်ထုတ်လျက်ရှိတယ်။ ဒီလုပ်ငန်းတွေပေါ်ထွက်ဖို့ နိုင်ငံတော်အစိုးရအနေနဲ့ အားပေးလျက်ရှိပါတယ်။ စီအက်(စ်)အာ(ရ်)ဟာ အမှန်တော့ ပုံစံအမျိုးမျိုးနဲ့ ပြောင်းလဲလာခဲ့တယ်။ ပထမလေးဆင့်ကို စီအက်(စ်)အာ(ရ်) ၁ ဒသမ ၀ လို့ခေါ်ဝေါ်သတ်မှတ်ပါတယ်။ ဒီလေးဆင့်အနက် ဦးဆုံးပေါ်လာတာက ကာကွယ်မှုကို အခြေခံတဲ့ စီအက်(စ်)အာ(ရ်)ဖြစ်တယ်။ လုပ်ငန်းတွေဟာ လောဘကြီးမားကြတာမို့ လောဘကို ဖုံးလွှမ်းတဲ့အနေနဲ့ ကာကွယ်တဲ့အနေနဲ့ စီအက်(စ်)အာ(ရ်)ကို ကျင့်သုံးကြတယ်။ ဒုတိယအဆင့် ကတော့ အလှူအတန်းကို အခြေပြုတဲ့စီအက်(စ်)အာ(ရ်)ဖြစ်တယ်။ လုပ်ငန်းအဖွဲ့ အစည်းတွေဟာ အလှူအတန်းတွေပေးကြတယ်။ လူမှုရေးတာဝန်ကို ငွေနဲ့ဖြေရှင်းခဲ့ကြ တယ်။ တတိယအဆင့်ကတော့ မိမိလုပ်ငန်းကို ကြော်ငြာတဲ့အနေနဲ့ စီအက်(စ်)အာ(ရ်) စာချုပ်တွေလုပ်ကြတယ်။ စတုတ္ထအဆင့်ကတော့ လုပ်ငန်းတစ်ခုလုံးကို လွှမ်းခြုံပြီး မဟာဗျူဟာအမြင်နဲ့ဆောင်ရွက်နေကြတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေဟာ ဒီအဆင့်လေးဆင့်အတွင်း လှုပ်ရှားနေကြတာကို တွေ့မြင်ရပါတယ်။ နောက်ဆုံးအဆင့်ကတော့ တာဝန်ယူမှုအခြေခံတဲ့စနစ်ဖြစ်ပြီး စီအက်(စ်)အာ(ရ်) ၂ ဒသမ ၀ လို့ခေါ်ကြတယ်။ နောက်ဆုံးအဆင့် စီအက်(စ်)အာ(ရ်)ရဲ့အဓိပ္ပာယ်က Corporate Social Responsibility အစား Corporate Sustainability and Responsibility ဖြစ်တယ်။ Sustainability ကတော့ စဉ်ဆက်မပြတ်ရပ်တည်နိုင်မှုဖြစ်ပြီး Responsibility ကတော့ တာဝန်ကျေပွန်မှု ဖြစ်တယ်။ စီအက်(စ်)အာ(ရ်) ၂ ဒသမ ၀ အရ စီးပွားရေးလုပ်ငန်းများမှာ တာဝန်ကျေပွန်မှု လေးရပ်ရှိတာကို လက်ခံခြင်းဖြစ်တယ်။ တာဝန်ဖန်တီးမှုမှာကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှု လူ့အဖွဲ့အစည်းအတွက် ပေးဆပ်မှုနဲ့ပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းမှုဖြစ်ပါတယ်။

**ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုလို့ပြောရင် ကုမ္ပဏီကြီးတွေ၊ အများပိုင် ကုမ္ပဏီတွေအတွက်သာဖြစ်တယ်လို့ ထင်နေကြတယ်။ အမှန်တော့ ဒီလိုမဟုတ်ဘဲ မိသားစုပိုင်တဲ့ ကုမ္ပဏီငယ်တွေအတွက်လည်း အကျုံးဝင်ပါတယ်။ အများပိုင်ဖြစ်မှကောင်းမွန်တဲ့ စီမံခန့်ခွဲမှုကို ကျင့်သုံးရမှာမဟုတ်ဘဲ စီးပွားရေး လုပ်ငန်းတိုင်းအတွက် အရေးပါကြောင်း သတိပြုရမှာ ဖြစ်တယ် . . .**

တစ်လောက ကျွန်တော်ပြင်သစ်နိုင်ငံ ပါရီမြို့မှာရှိတဲ့ အိုအီးစီဒီရုံးချုပ်မှာပြုလုပ်တဲ့ အစည်းအဝေးတစ်ခုကို တက်ခဲ့တယ်။ ပါဝင်ဆွေးနွေးခွင့်လည်းရခဲ့ပါတယ်။ ခေါင်းစဉ်ကတော့ တာဝန်ကျေပွန်တဲ့စီးပွားရေးလုပ်ငန်းများရဲ့ လှုပ်ရှားမှု၊ ရိုးရိုးလေးပြောရရင် စီးပွားရေးလုပ်ငန်းများအနေနဲ့ စီးပွားရေးတာဝန်အပြင် ကျန်ရှိတဲ့တာဝန်တွေကျေပွန်ဖို့ဖြစ်ပါတယ်။ ဒီတစ်ကြိမ်က ဒုတိယအကြိမ် လွန်ခဲ့တဲ့နှစ်နှစ်တုန်းကလည်း တက်ရောက်ခဲ့တယ်။ အိုအီးစီဒီအဖွဲ့ဟာ စီးပွားရေးလုပ်ငန်းများ တာဝန်ကျေပွန်စွာ ဆောင်ရွက်လှုပ်ရှားဖို့ လမ်းညွှန်မှုတွေဖော်ထုတ်ပြီး နိုင်ငံတကာမှာကျင့်သုံးဖို့ တိုက်တွန်းလျက်ရှိတယ်။ အခုလို ဖြစ်တာဟာလည်း အလွန်လိုအပ်နေတဲ့ကိစ္စဖြစ်တယ်။ ချမ်းသာတဲ့နိုင်ငံတွေမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေဟာ မိမိနိုင်ငံမှာလုပ်လို့မရတာတွေကို ဆင်းရဲတဲ့နိုင်ငံတွေမှာ စည်းမဲ့ကမ်းမဲ့ လှုပ်ရှားခဲ့ကြတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ ပတ်ဝန်းကျင်ထိခိုက်စေမယ့် စီမံချက်တွေကို ဆောင်ရွက်ခဲ့တယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ အားနည်းချက်ကို အခွင့်အရေးယူခဲ့ကြတယ်။ ဒီလိုဖြစ်နေတာကို တားမြစ်ဖို့ အိုအီးစီဒီနိုင်ငံက လမ်းညွှန်ချက်တွေထုတ်ခဲ့တယ်။ ထုတ်ခဲ့တဲ့လမ်းညွှန်မှုတွေ လိုက်နာမှုရှိ မရှိကို ဆန်းစစ်နိုင်တဲ့အစီစဉ်တွေလည်း ချမှတ်ခဲ့တယ်။ တာဝန်ခံပုဂ္ဂိုလ်တွေကိုလည်း ရွေးချယ်ခန့်ထားခဲ့ကြတယ်။ နိုင်ငံခြားကုမ္ပဏီတွေ ဥပဒေမဲ့လုပ်တဲ့အခါ အရေးယူနိုင်တဲ့ ယန္တရားတွေကိုလည်း ဖော်ထုတ်ပေးခဲ့တယ်။ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုပြီးဝင်ရောက်လာတဲ့အချိန်မှာ ဒီလမ်းညွှန်ချက်တွေဟာ ပိုပြီးအရေးကြီးလာမှာဖြစ်ပါတယ်။

ဒီတစ်ခေါက်အစည်းအဝေးတက်ပြီးရလာတဲ့ အသိတစ်ခုက လွန်ခဲ့တဲ့နှစ်နှစ်က နားလည်မှုနဲ့ နည်းနည်းကွဲလွဲနေတာတွေ့ရပါတယ်။ အိုအီးစီဒီရဲ့လမ်းညွှန်မှုတွေဟာ အဖွဲ့ဝင်နိုင်ငံက ကုမ္ပဏီတွေနဲ့သာ သက်ဆိုင်တယ်လို့ ကျွန်တော်ထင်ခဲ့တယ်။ ဒီတစ်ခေါက်မှာသိခဲ့တာက လမ်းညွှန်မှုတွေဟာ ပြည်တွင်းမှာရှိတဲ့ ကုမ္ပဏီလုပ်ငန်းတွေအတွက်လည်း အကျုံးဝင်ကြောင်း သိခဲ့ရတယ်။ ဒီအချက်ကအလွန်အရေးကြီးလှပါတယ်။ တာဝန်ကျေပွန်တဲ့စီးပွားရေးလုပ်ငန်းတွေဟာ နိုင်ငံခြားပိုင်ကုမ္ပဏီများအတွက်သာမက မြန်မာကုမ္ပဏီများအတွက်ဖြစ်တာမို့ အလွန်အဓိပ္ပာယ်ရှိလှပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံစက်မှုလက်မှုနဲ့ ကုန်သည်ကြီးများအသင်းကြီးနဲ့ တွဲဖက်ပြီး အသိပေးတဲ့လုပ်ငန်းတွေ ဆောင်ရွက်ဖို့စီစဉ်နေပါတယ်။

တာဝန်ကျေပွန်မှုနဲ့ပတ်သက်လို့ ပြည်တွင်းရှိ လုပ်ငန်းများကို ဦးစီးဦးဆောင်လုပ်ကြရမယ့် လုပ်ငန်းရှင်များ၊ စီမံခန့်ခွဲသူများက ဦးဆောင်ဖို့အရေးကြီးလှပါတယ်။ ဒီနေရာမှာ အခြေခံက ကောင်းမွန်တဲ့စီမံခန့်ခွဲမှုကို ကျင့်သုံးဖို့ဖြစ်တယ်။ စီးပွားရေးလုပ်ငန်းများကို ဦးစီးစီမံကြတဲ့နေရာမှာ ဘီအိုဒီလို့ခေါ်တဲ့ ကုမ္ပဏီကိုဦးစီးတဲ့ ဒါရိုက်တာအဖွဲ့က ပဓာနဖြစ်တယ်။ ဒါရိုက်တာအဖွဲ့ဟာ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် ကာလရှည်ရှုမြင်သုံးသပ်နိုင်စွမ်းရှိဖို့လိုပါတယ်။ ဒါရိုက်တာအဖွဲ့မှာ ပိုင်ရှင်တွေသာမက ပြင်ပဒါရိုက်တာများကို ခန့်ထားပြီး စီမံအုပ်ချုပ်နေတာတွေ့ရတယ်။ ဒါရိုက်တာအဖွဲ့ကိုလည်း တာဝန်တွေခွဲဝေပြီး ကော်မတီတွေကိုဖွဲ့စည်းပေးဖို့ လိုအပ်ပါတယ်။ အခြေခံစဉ်းစားချက်က ပိုင်ဆိုင်မှုနဲ့ စီမံခန့်ခွဲမှုတာဝန်တွေကို တိတိကျကျ ခွဲခြားပေးဖို့လိုအပ်ပါတယ်။ စီမံခန့်ခွဲမှုကို သီးသန့်တာဝန်ပေးနိုင်ဖို့လိုအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ မကြာမီက ရင်းနှီးမြှုပ်နှံမှုဈေးကွက်တစ်ခုကို ဖော်ထုတ်ခဲ့ပြီး အများပိုင်ကုမ္ပဏီနှစ်ခုရဲ့ အစုရှယ်ယာတွေကို ရောင်းဝယ်လျက်ရှိနေတာ၊ ရှေ့ဆက်ပြီး ကုမ္ပဏီတွေဟာ စတော့ဈေးကွက်မှာ မှတ်ပုံတင်ဖို့ကြိုးစားနေကြတယ်။

ဒီနေရာမှာ မှားယွင်းတဲ့အယူအဆတစ်ခုရှိနေတာတွေ့ရတယ်။ ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုလို့ပြောရင် ကုမ္ပဏီကြီးတွေ၊ အများပိုင် ကုမ္ပဏီတွေအတွက်သာဖြစ်တယ်လို့ ထင်နေကြတယ်။ အမှန်တော့ ဒီလိုမဟုတ်ဘဲ မိသားစုပိုင်တဲ့ကုမ္ပဏီငယ်တွေ အတွက်လည်း အကျုံးဝင်ပါတယ်။ အများပိုင်ဖြစ်မှကောင်းမွန်တဲ့ စီမံခန့်ခွဲမှုကို ကျင့်သုံးရမှာမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းတိုင်းအတွက် အရေးပါကြောင်း သတိပြုရမှာ ဖြစ်တယ်။

မကြာမီအစိုးရအသစ်ရဲ့စီးပွားရေးမူဝါဒကို ထုတ်ပြန်ကြေညာမှာဖြစ်တယ်။ စီးပွားရေးကို စိတ်ဝင်စားတဲ့ ကျွန်တော့်အဖို့ စိတ်ဝင်တစား မျှော်လင့်လျက်ရှိပါတယ်။ ဒီစီးပွားရေးမူဝါဒကို တိတိကျကျသိရတဲ့အခါ နိုင်ငံရဲ့ ရှေ့အနာဂတ်ကို အကဲခတ်နိုင်မှာဖြစ်တယ်။ စီးပွားရေးပညာရှင်တွေ အသေအချာစဉ်းစားထားပြီး ထုတ်ဖော်တဲ့အတွက် ကိုယ့်နိုင်ငံနဲ့ဆီလျော်မယ့် မူဝါဒတွေဖြစ်မှာ သေချာပါတယ်။

စီးပွားရေးမူဝါဒနဲ့ပတ်သက်ရင် တစ်ဖက်ကဆင်းရဲနွမ်းပါးမှုကို ရင်ဆိုင်ဖြေရှင်းဖို့လိုသလို တစ်ဖက်က ချမ်းသာမှုကိုလည်း ဖန်တီးရမှာဖြစ်တယ်။ အခြေခံအင်အားက ပုဂ္ဂလိကကဏ္ဍဖြစ်တယ်။ ပုဂ္ဂလိကကဏ္ဍရှင်သန်ကြီးထွားပြီး ချဲ့ထွင် ဦးစီးဖို့ အရေးကြီးပါတယ်။ အခုလို ပုဂ္ဂလိကကဏ္ဍလှုပ်ရှားနိုင်ဖို့ နိုင်ငံတော်အပိုင်းမှလိုအပ်တဲ့ ပံ့ပိုးမှုတွေ၊ အားပေးမှုတွေ လုပ်သွားရမှာသာဖြစ်ပါတယ်။

ကျွန်တော်ကစီးပွားရေးလုပ်ငန်းကို အမြဲအားပေးခဲ့ပါတယ်။ တစ်ဖက်က အောင်မြင်အောင် ကြိုးစားကြပါ။ အောင်မြင်အောင်လုပ်သလို ကောင်းမယ့်အလုပ်တွေကိုလည်း လုပ်ကြဖို့တိုက်တွန်းခဲ့ပါတယ်။

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းဆင်း

**နေပြည်တော် ဇူလိုင် ၃၁**

နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင်လ တတိယပတ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါသင်တန်းတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှဘွဲ့လွန်ကျောင်းသားကျောင်းသူ ၁၀ ဦး၊ စိုက်ပျိုးရေးဦးစီးဌာနနှင့်စိုက်ပျိုးရေးသုတေသနဦးဌာနတို့မှ ဝန်ထမ်း ငါးဦးစီ စုစုပေါင်း သင်တန်းသားသင်တန်းသူ ၂၀ ဦးတို့တက်ရောက် ပညာသင်ကြားပြီး သင်တန်းတွင် စာတွေ့ လက်တွေ့အပြင် လေ့လာရေး ခရီးစဉ်များပါ ဆောင်ရွက်ခဲ့သည်။ ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ကိုရီးယားနိုင်ငံမုတ်ဖိုအမျိုးသား တက္ကသိုလ်တို့ ပူးပေါင်းကာ ဇူလိုင် ၁၁ မှ ၁၈ ရက်အထိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်တွင် သင်တန်းချိန် ၁၀ ကြိမ်နှင့် ထုံးဘိုရှိ ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းဌာနတို့တွင် ဇူလိုင် ၁၉ မှ ၂၂ ရက်အထိ ၃ ရက် သင်တန်း ဖွင့်လှစ်ခဲ့ပြီး မုတ်ဖိုအမျိုးသားတက္ကသိုလ်မှ သင်တန်း ဆရာ Dr. LEE JINWOOK က ပို့ချပေးခဲ့သည်။ သင်တန်းဆင်းပွဲအခမ်းအနားသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်နှင့် ဒုတိယပါမောက္ခ ချုပ်များ၊ ပါမောက္ခများ၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာမှ ညွှန်ကြားရေးမှူးချုပ်နှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇူလိုင်မိုး**

**ဓာတ်ပုံ - မေမိုးသဲ**

# ကျောင်းအခြေပြုမီနီမာရသွန်အားကစားပြိုင်ပွဲကျင်းပ

**ရွှာငံ ဇူလိုင် ၃၁**

အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများအား ပညာရည်ထူးချွန်မှုသာမက ဘက်စုံထူးချွန်ထက်မြက်သော အားကစားသမားကောင်းများပေါ်ထွန်းလာစေရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏မှာကြားချက်အရ ၂၀၁၆ ခုနှစ် ပထမအကြိမ် ရွှာငံမြို့နယ် ကျောင်းအခြေပြု အမျိုးသား၊ အမျိုးသမီးမီနီမာရသွန်အားကစား ပြိုင်ပွဲကို ဇူလိုင် ၃၀ ရက်က ကျောက်ကူပြင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှစ၍ တာလွှတ်ယှဉ်ပြိုင်ခဲ့ရာ ရွှာငံမြို့ဗထူးခန်းမရှေ့၌ ပန်းတိုင်တာဝင်ခဲ့သည်။

အဆိုပါ အားကစားပွဲတွင် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ ၂၂ ဦး ခန့်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရအားကစားသမားများအား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ဦးအေးမင်းစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရွှာငံ)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆွေးနွေး

**ပုသိမ် ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် အသုတ်မြို့နယ် မြို့နယ်လျှပ်စစ်မှူးက ဇူလိုင် ၂၄ ရက်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားသော ငှက်ပျောတောကွင်းကျေးရွာဒေသခံများအား လျှပ်စစ်မီးလင်းရေးနှင့် လျှပ်စစ်မီးအသုံးပြုသူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆွေးနွေးဟောပြောခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်**



# လေးမျက်နှာမြို့ဟောင်းရှိ ထူပါရုံစေတီတော်မြတ်ကြီး ဝေန်မြစ်ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးမှု အန္တရာယ်နှင့်ကြုံတွေ့နေရ

**လေးမျက်နှာ ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့သည် ၁၉၈၈ ခုနှစ် မိုးရာသီက ဝေန်မြစ်ရေတိုက်စားမှုကြောင့် တစ်မြို့လုံးနီးပါး မြစ်ကမ်းပါး ပြိုကျပျက်စီးခဲ့ရသည်။ ထို့ကြောင့် သက်ဆိုင်ရာက ဝေန်မြစ်တစ်ဖက်ကမ်းသို့ မြို့သစ်ပြောင်းရွှေ့ခဲ့သော်လည်း မြို့ဟောင်းဘက်ကမ်းတွင် အထင်ကရအဆောက်အအုံများ၊ ဘုရားပုထိုးစေတီများ ကျန်ခဲ့သည်။ ထိုအထင်ကရများတွင် နှစ်ပေါင်း ၂၅၀ ကျော်ရှိ သက္ကရာဇ် ၁၇၆၅ ခုနှစ်က ဂေါ်ဝိနာမင်းကြီး ဗညားဒလ တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင်ထူပါရုံ စေတီတော်မြတ်ကြီးလည်း ပါဝင်သည်။

၁၉၈၈ ခုနှစ် မိုးရာသီမှစ၍ ဝေန်မြစ်ရေတိုက်စားမှုကြောင့် အဆိုပါ ထူပါရုံစေတီတော်အနီးရှိ မြစ်ကမ်းပါးပြိုကျမှုသည် တစ်နှစ်ထက်တစ်နှစ် ပို၍နီးကပ်လာခဲ့ရာ ယခု ၂၀၁၆ ခုနှစ် မိုးရာသီတွင် ကမ်းပါးပြိုကျမှုသည် အလွန်ဆိုးရွားလျက်ရှိပြီး ဘုရားခြေတော်ရင်းအထိ ရောက်ရှိလာပြီဖြစ်သည်။ **(အပေါ်ပုံ)** ယခုအခါ မြို့နယ်သူ မြို့နယ်သားများကလည်း အဆိုပါစေတီတော်မြတ်ကြီး ဝေန်မြစ်ထဲပြိုကျပျက်စီးသွားမည်ကို စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

# ဒေးဒရဲကျေးရွာ မြေငှားဂရန်ပေးအပ်မှုနှင့်ပတ်သက်ပြီး လူမှုကွန်ရက်မှတစ်ဆင့် မဟုတ်မမှန်သတင်းများ ရေးသားဖော်ပြ

**ပွင့်ဖြူ ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် လက်ခုပ်ကျေးရွာအုပ်စု ဒေးဒရဲကျေးရွာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်အရ ကျေးရွာမြေငှားဂရန် (မြေငှားစာချုပ်) ပေးအပ်ပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက ဒေးဒရဲကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**




ထိုသို့ မြေငှားဂရန်များ သက်ဆိုင်ရာဌာနများမှ ကျေးရွာနေ ဒေသခံပြည်သူများလက်ဝယ်အရောက် အောင်မြင်စွာ ပေးအပ်နိုင်ခဲ့သော်လည်း၊ လူမှုကွန်ရက်သုံးစွဲသူအချို့က မြေငှားဂရန် ပေးအပ်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများကို တစ်အိမ်ထောင် ငွေကျပ် တစ်သောင်းနှုန်း ကောက်ခံခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖော်ပြနေကြသည်။ အချို့ကလည်း ဖုန်းဆင်းကတ်အမျိုးမျိုး ပြောင်းလဲအသုံးပြုပြီး အထက်အဖွဲ့အစည်းများထံ ဖုန်းဖြင့် မဟုတ်မမှန် ပြောဆိုသတင်းပို့နေသည်ကိုလည်း ပြန်လည်ကြားသိရနေရသည်ဟု ဒေသခံပြည်သူတစ်ဦးထံမှ သိရသည်။

ကျေးရွာ မြေငှားဂရန်ရရှိရေး ဦးဆောင်သူ ဦးစန်းဝင်းမောင်က "ဘယ်ဌာနကိုမှ ဘာငွေကြေးမှ ကောက်ခံပေးသွင်းရတာ မရှိပါဘူး၊ အားလုံးအခမဲ့ လိုက်လံဆောင်ရွက်ပေးခဲ့တာပါ။ မဟုတ်မမှန် သတင်းရေးသားဖော်ပြနေတာ ကျွန်တော်တို့ ကျေးရွာနေပြည်သူတွေနဲ့ သက်ဆိုင်ရာဌာနတွေကို အမြင်မကြည်လင်အောင် လုပ်ဆောင်တာပဲ၊ ယခုလိုသာ ဆက်လုပ်နေမယ်ဆို သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေ ဆက်လုပ်ရာမှာ အနှောင့်အယှက်တွေ ဖြစ်လာနိုင်ဖွယ်ရှိပါတယ်"ဟု ပြောသည်။

ဒေးဒရဲကျေးရွာ ဒေသခံပြည်သူ ဦးကျော်ဆန်းလင်းက "အိမ်ကိုတခြားက ညှော်သည်လာရင်တောင် ကျေးလက်ရိုးရာဓလေ့အရ ဒေသထွက်သီးနှံတွေနဲ့ ညှော်ခံကျွေးမွေး၊ လက်ဆောင်ပေးတာက ယဉ်ကျေးမှုတစ်ရပ်လိုပါပဲ၊ အခုလည်း အခမ်းအနားတက်ရောက်လာတဲ့ တာဝန်ရှိသူတွေကို ရွာကဒေသခံတွေက မြေငှားဂရန်ရရှိတာ ကျေးဇူးတင်လို့ မေတ္တာလက်ဆောင်အဖြစ် ဥယျာဉ်ခြံထွက်သီးနှံစတာတွေ ပေးတာတော့ရှိတယ်၊ ဒါက ကျွန်တော်တို့နယ်မြေရဲ့ ဓလေ့တစ်ခုလိုပါပဲ၊ ငွေကြေးပေးရတာ တော့မရှိဘူး၊ ဘယ်ဌာနမှလည်း မပေးရပါဘူး"ဟု ပြောသည်။

အဆိုပါကျေးရွာ မြေငှားဂရန်ပေးအပ်ပွဲတွင် လက်ခုပ်ကျေးရွာအုပ်စု ဒေးဒရဲကျေးရွာ၏ မူလရွာမြေ ၄ ဒသမ ၇၀၅ ဧကရှိပြီး တိုးချဲ့ယာမြေ ၀ ဒသမ ၅၄၉ ဧကဖြစ်ရာ စုစုပေါင်း ၆ ဒသမ ၉၉၈ ဧကတွင် အိမ်ခြေ ၄၈ အိမ်ကို မြေငှားစာချုပ်ရရှိရေး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ရေးဆွဲဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

## ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါသည် မသန့်ရှင်းသောအစားအစာနှင့် သောက်သုံးရေတို့မှတစ်ဆင့် ကူးစက်တတ်သောရောဂါတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် ရာသီဥတုပြောင်းလဲသောကာလများဖြစ်သည့် မိုးအကုန် ဆောင်းအကူးတွင် ဖြစ်ပွားလေ့ရှိကြောင်း တွေ့ရှိရပါသည်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်စေသည့် ကာလဝမ်းရောဂါသည် Vibrio Cholerae ဟုခေါ်ဆိုသော ဗက်တီးရီးယားပိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ရောဂါပြင်းထန်ကာ အချိန်မီကုသမှုမရှိပါက အသက်ဆုံးရှုံးနိုင်ပါသည်။ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားပြီဆိုပါက နီးစပ်ရာကျန်းမာရေးဌာနများတွင် အချိန်မီကုသမှုခံယူရန်နှင့် အဆင့်ဆင့် အချိန်မီအမြန်ဆုံးသတင်းပေးပို့ရန် လိုအပ်ပါသည်။

ကလေးသူငယ်များတွင် ဖြစ်ပွားသော ဝမ်းပျက်ဝမ်းလျှောရောဂါမှာ ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပွားလေ့ရှိပြီး ထိရောက်ပြည့်စုံသော ကုသမှုခံယူရန် လိုအပ်ပါသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ခြင်း၊ အထူးသဖြင့် အစာမစားမီအချိန်တိုင်း၊ အစားအစာများကို ကိုင်တွယ်ရောင်းချခြင်းမပြုမီ အချိန်တိုင်း၊ လူနာကိုကိုင်တွယ်ပြီးတိုင်း၊ ကလေးကို ပြုစုပြီးတိုင်း၊ အိမ်သာအသုံးပြုပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စနစ်တကျစင်ကြယ်စွာ ဆေးကြောခြင်း၊ အစားအစာများအား ပူပူနွေးနွေးစားသောက်ခြင်း၊ ယင်နား စာများအား မစားသုံးခြင်း၊ ရေကောင်းရေသန့်ရရှိအောင် ဆောင်ရွက်ခြင်း(ကလိုရင်းဆေးခတ်ထားသော သောက်သုံးရေ(သို့မဟုတ်) ကျိုချက်ထားသောရေကိုသာ သောက်သုံးခြင်း)၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကို စနစ်တကျဆောင်ရွက်ခြင်း၊ ယင်လုံအိမ်သာ ရာခိုင်နှုန်းပြည့်သုံးစွဲနိုင်အောင် စီမံဆောင်ရွက်ခြင်း၊ လူနာများအနေဖြင့် အစားအစာများကို ပြင်ဆင်ချက်ပြုတ်မှုနှင့် ကိုင်တွယ်ရောင်းချမှုတို့မှ ရှောင်ကြဉ်ခြင်း၊ လူနာ၏ အဝတ်အစားများကို သောက်သုံးရေတွင်း၊ ရေကန်များအနီးတွင် လျှော်ဖွပ်မှုမှ ရှောင်ကြဉ်ခြင်းတို့ဖြင့် ကာကွယ်နိုင်ပါသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အချိန်မီသတင်းပေးပို့ခြင်းနှင့် ထိရောက်သောကုသမှုခံယူခြင်းတို့ကို ဆောင်ရွက်ကြပါ ရန်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**(ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**

# ရေးမြို့နယ်၌ ယခင်နှစ်ထက် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုလျော့နည်းလာ

**ရေး ဇူလိုင် ၃၁**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း၌ ယခင်နှစ် သွေးလွန်တုပ်ကွေး ရာသီအချိန်တွင် ရောဂါဖြစ်ပွားခံရသူ များပြားလျက်ရှိရာမှ ယခုနှစ်သွေးလွန်တုပ်ကွေးရာသီကာလတွင် ရောဂါဖြစ်ပွားမှုနှုန်းမှာ လျော့နည်းကျဆင်းလျက် ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ရေးမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူမှာ ၁၆ ဦးသာရှိပြီး သေဆုံးသူတစ်ဦးမျှမရှိဘဲ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် သွေးလွန်တုပ်ကွေးရာသီအချိန်တွင် ရောဂါဖြစ်ပွားသူမှာ ၆၀၀ အထိ ရှိခဲ့သော်လည်း သေဆုံးသူမရှိဘဲ ယခင်နှစ်နဲ့ နှိုင်းယှဉ်လျှင် ရောဂါဖြစ်ပွားမှု ရာခိုင်နှုန်း အပြည့်နီးပါးလောက် ကျဆင်းလျော့နည်းနေကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁) ဦးမင်းတင်ဇော်ဦးက ပြောသည်။



အဆိုပါ သွေးလွန်တုပ်ကွေး ဖြစ်ပွားနှုန်း လျော့နည်းကျဆင်းလာသည့် အကြောင်းရင်းမှာ ယခင်နှစ်တွေက ထူးခြားစွာ ရောဂါဖြစ်ပွားမှုများပြားခဲ့ပြီးလျှင် နောက်နှစ်တွင် ရောဂါသဘာဝအရ ဖြစ်ပွားမှုနည်းပါးပြီးမှ နောက် နှစ်နှစ်လောက်မှ ပြန်ပြီးအဖြစ်များလာလေ့ရှိကြောင်း ကျန်းမာရေးမှူးအဆင့်(၁) ဦးမင်းတင်ဇော်ဦးက ဆက်ပြောသည်။

တစ်ဖက်တွင်လည်း ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဖြစ်သည့် ဖိဖိစီးစီး ဖုံးသွန်လဲစစ်ကို တစ်မြို့နယ်လုံးတွင် အပတ်စဉ်သက်ဆိုင်ရာ တာဝန်ရှိသူများ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းလူမှုရေး အသင်းအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည့်အပြင် ရောဂါဖြစ်ပွားခဲ့ပါက ဖြစ်ပွားသည့်နေအိမ်နှင့် အနီးပတ်ဝန်းကျင်အိမ်များ၌ ခြင်နှင့် ပိုးလောက်လမ်းများ နှိမ်နင်းခြင်း ထပ်မံဖျားနာသူ ရှိ မရှိ စုံစမ်းခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများက အရှိန်မြှင့် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

**စာမူပေးပို့ကြသူများအား မေတ္တာရပ်ခံခြင်း**

**မြန်မာ့အလင်းသတင်းစာတိုက်သို့ ဆောင်းပါး၊ သတင်း၊ သတင်းဆောင်းပါးနှင့် ကာတွန်း၊ ကဗျာစာမူများ ပေးပို့ကြသည့် စာမူရှင်များ၊ သတင်းထောက်များသည် စာမူများသတင်းစာတွင် ဖော်ပြပြီးပါက စာမူခများချီးမြှင့်ရာ၌ လည်းကောင်း၊ စာမူနှင့်ပတ်သက်၍ ဆက်သွယ်မှုများပြုလုပ်ရာတွင်လည်းကောင်း လွယ်ကူလျင်မြန်စေရန်အတွက် နေရပ်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်များ ထည့်သွင်း ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

မြန်မာ့အလင်းစာတည်းအဖွဲ့

## သတင်းတိုများ

### ငါးကောင်ရေနှစ်သိန်း မျိုးစိုက်ထည့်

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မင်းရွာကျေးရွာ ရေလွှဲပေါက်၌ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနနှင့် ဒေသခံရေလုပ်သားများ ပူးပေါင်း၍ ဇူလိုင် ၂၉ ရက်က ငါးကောင်ရေ နှစ်သိန်းကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးနေဝင်းအောင်နှင့် ဝန်ထမ်းများ၊ ငါးလုပ်ငန်းစခန်းမှ ဒေါ်စန်းစန်းဦးနှင့် ဝန်ထမ်းများ၊ မင်းရွာကျေးရွာ အုပ်ချုပ်ရေးမှူးဦးရဲထွဋ်နှင့် ဒေသခံရေလုပ်သားများက ငါးမြစ်ချင်း ကောင်ရေတစ်သိန်းနှင့် ငါးခုံးမကြီး ကောင်ရေတစ်သိန်း စုစုပေါင်း ငါးကောင်ရေ နှစ်သိန်းကို မျိုးစိုက်ထည့်ခဲ့ကြခြင်းဖြစ်သည်။

**လှမိုး(ပြန်/ဆက်)**

### နမ္မတူမြို့တွင် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများဆွေးနွေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့် ဦးဒုတ်ဖောင်နှင့် ဦးဟူဆာ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်အတွင်းမှ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၉ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် ပန်ကော်ကျေးရွာသို့ ရောက်ရှိနေသည့် စစ်ဘေးရှောင်ပြည်သူများနှင့်တွေ့ဆုံ၍ ဆန်အိတ် ၅၀ နှင့် အဝတ်အထည်အရေးအတွက် အထည် သုံးသောင်းခန့်ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး ရှစ်မြို့နယ်၌ ထပ်မံတိုးမြှင့်ဆောင်ရွက်မည်

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းလျော့နည်းကျဆင်းရေးအတွက် ရပ်ရွာအခြေပြု Community Based Policing ရှေ့ပြေးစီမံချက်ကို ဇွန် ၁၄ ရက်ကစ၍ ကနဦး မြို့နယ် လေးမြို့နယ်၌ ဆောင်ရွက်ခဲ့ရာ ရဲတပ်ဖွဲ့နှင့် ရပ်ရွာအခြေပြုအဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် ရလဒ်ကောင်းများ ရရှိသဖြင့် နောက်ထပ် စီမံချက်တိုးမြှင့်ဆောင်ရွက်မည့် မြို့နယ်များအဖြစ် သာကေတမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ဒလမြို့နယ်၊ တွံတေးမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ် ရှစ်မြို့နယ်၌ ထပ်မံတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ တိုးမြှင့်ဆောင်ရွက်မည့် ရှစ်မြို့နယ်၌ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ ညှိနှိုင်းဆောင်ရွက်သည့် အခမ်းအနားကို ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်ဝင်းနိုင်က ရှင်းလင်းပြောကြားရာတွင် ကြိုတင်ကာကွယ်မှုလုပ်ငန်းများကို ယခင်က တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သဖြင့် ရဲတပ်ဖွဲ့တစ်ခုတည်းကသာ ဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်ကဲ့သို့ ထင်နေကြပါကြောင်း၊ ယခုအခါ ကဏ္ဍပေါင်းစုံမှ အားလုံးပူးပေါင်းဆောင်ရွက်မှသာ ထိရောက်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အောင်မြင်မှုရရှိလာမည် ဖြစ်ပါကြောင်း၊ ပြည်သူများ တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးသည် အရေးကြီးပါကြောင်း၊ သို့ဖြစ်၍ ဘက်ပေါင်းစုံမှ အားလုံးပါဝင်ပြီး တာဝန်ရှိသော အုပ်ချုပ်ရေးအဖွဲ့၊ ရဲတပ်ဖွဲ့နှင့် ပြည်သူများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ လမ်းအလိုက် ရပ်ရွာအခြေပြုအဖွဲ့နှင့် ရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ပါက မှုခင်းများ လျော့နည်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး တက်ရောက်လာသူများက စီမံချက်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အားနည်းချက်၊ အားသာချက်များအပေါ် သုံးသပ်ကာ အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ရပ်ရွာအခြေပြု Community Based Policing ရှေ့ပြေးစီမံချက်ကို ကနဦး လေးမြို့နယ်၌ အရှိန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ထပ် တိုးမြှင့်ဆောင်ရွက်မည့် ရှစ်မြို့နယ်၌ ဩဂုတ် ၁ ရက်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးရှောင်ပြည်သူများအတွက် မိုဘိုင်းစာကြည့်တိုက်များ ဖွင့်လှစ်ပေး

**ညောင်ဦး ဇူလိုင် ၃၁**

ညောင်ဦးမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ယာယီရွှေ့ပြောင်းနေထိုင်နေကြရသော ရေဘေးရှောင်ပြည်သူများအတွက် မိုဘိုင်းစာကြည့်တိုက်များကို ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လိုက်လံ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။



ရေဘေးရှောင်ပြည်သူများအနေဖြင့် ဘဝအမောများကို စာပေအာဟာရဖြင့် ဖြေဖျောက်နိုင်စေရန်၊ စာပေလေ့လာဖတ်ရှုလိုသူ စာပေဝါသနာရှင်များ စာအုပ်စာပေများကို အလွယ်တကူ ရယူဖတ်ရှုနိုင်ရန်၊ ကျောင်းနေအရွယ်ကလေးငယ်များ ပြင်ပစာပေဗဟုသုတများကို လေ့လာနိုင်ရန်အတွက် မိုဘိုင်းစာကြည့်တိုက်ဖွင့်လှစ်ပေးခြင်းနှင့် နံရံကပ်စာပေ ရေချမ်းစင်များ ချိတ်ဆွဲပေးထားခြင်းတို့ကို ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တောင်ဘီလယ်ယားကျေးရွာရှိ နတ်ထောင့်နှင့် ကမ္ဘာ့ဘုန်းတော်ကြီးကျောင်းများတွင်လည်းကောင်း၊ အမှတ်(၄)ရပ်ကွက်ရှိ ဆယ်ဆင်မေမွှာရုံတွင်လည်းကောင်း ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေထားသည့် ရေကြီး၊ ရေကျချိန်တွင် အထူးသတိပြုရမည့် ဆောင်ရန် ရှောင်ရန်အချက်များ ပါဝင်သော လက်ကမ်းစာစောင်များကိုလည်း ရေဘေးရှောင်ပြည်သူများထံ လိုက်လံဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း သိရသည်။

ယခုရက်များတွင် ညောင်ဦးမြို့နယ်အတွင်း ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အထက် မြင့်တက်လာမှုကြောင့် မြစ်လယ်ကျွန်းကျေးရွာများ၊ မြစ်ကမ်းနံဘေးနှင့် မြေနိမ့်ပိုင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ ပြည်သူများသည် ညောင်ဦးမြို့နယ်အတွင်းရှိ ဓမ္မာရုံများနှင့် ဘုန်းတော်ကြီးကျောင်းအချို့တွင် ယာယီပြောင်းရွှေ့နေထိုင်လျက် ရှိကြသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ကျန်းမာရေးကဏ္ဍ ပြည်သူ့အသံ နားထောင်ဆွေးနွေးပွဲပြုလုပ်

**တပ်ကုန်း ဇူလိုင် ၃၁**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပိုမိုကောင်းမွန်စေရေးအတွက် ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ပြည်သူ့အသံ နားထောင်ဆွေးနွေးပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၉ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရည်မွန်က အမှာစကားပြောကြားပြီး နေပြည်တော် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီတာလှက ဆေးကုသပေးခြင်း အခြေအနေများကိုလည်းကောင်း၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းတို့က ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံ ဆရာဝန်များနှင့် ပြည်သူများက လိုအပ်ချက်များကို ဆွေးနွေးရာ ဒေါက်တာဝင်းလတ်က မြို့နယ်အတွင်းရှိ ဆေးဆိုင်များတွင် အန္တရာယ်ရှိသော စပ်ဆေးဝါးများ မရောင်းချအောင် စိစစ်ပေးစေလိုကြောင်း၊ ဒေါက်တာခင်မောင်ထွန်းက တပ်ကုန်းခုတင်(၁၀၀) ဆေးရုံမှလူနာများအား ရောဂါလိုအပ်ချက်အရ နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံသို့ လွှဲပြောင်းပေးမည်ဆိုလျှင် ရောဂါအမျိုးအစားအလိုက်ကြည့်ရှုပြီး ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အငြိမ်းစားခုတင် (၃၀၀)ဆေးရုံသို့ လွှဲပြောင်းပေးစေလိုကြောင်းတို့ကို ဆွေးနွေးသည်။

ရှားတောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်ထူးက ကျေးရွာအပိုင်မြေတွင် ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ရန်အတွက် မြေယာဥပဒေအရ ပုံစံ(၁၀၅/၁၀၆) ရရှိရန် ခက်ခဲနေပုံ အပါအဝင် အောင်ဇေယျ ရပ်ကွက်၊ အေးချမ်းသာစံပြ၊ ထုံးဘို၊ ရွှေစု၊ အင်ပင်နှင့် အောင်သပြေကျေးရွာတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများက ကျန်းမာရေးဆိုင်ရာများ တင်ပြဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**တင်စိုးလွင်**



**သာစည်မြို့နယ် ယင်းမာပင်နယ်မြေရဲစခန်းမှူး ရဲအုပ်တင်ထွန်းနိုင်နှင့် တပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့် ရင်းနှီးချစ်ကြည်စွာနေထိုင်ပြီး ပြည်သူ့ဝန်ဆောင်မှုဆောင်ရွက်သည့်အနေဖြင့် ရေပေါင်းစုံကျေးရွာရှိ အရပ်သား ဦးမောင်ဋ္ဌေး၏ နေအိမ်ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ဇူလိုင် ၂၉ ရက်က ကူညီပေးနေစဉ်။**
မောင်ကို(သာစည်)

# အသားတိုးကြက်များ စားသုံးရန်သင့် မသင့် ပူတာအိုမြို့မဈေး၌ ကွင်းဆင်းစစ်ဆေး

**ပူတာအို ဇူလိုင် ၃၁**

ကချင်ပြည်နယ် ပူတာအိုမြို့ မြို့မစည်ပင်သာယာဈေး (မနက်ဈေး)ရှိ ဈေးဆိုင်များ၌ ရောင်းချလျက်ရှိသော အသားတိုးကြက်များ စားသုံးရန်သင့် မသင့်ကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့တို့ ပူးပေါင်း၍ ပြည်သူ့ကျန်းမာရေးထိန်းသိမ်းမှုအနေဖြင့် ဇူလိုင် ၂၉ ရက် က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။



ကွင်းဆင်းစစ်ဆေးရာတွင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာသန်းမြင့်၊ မြို့နယ်ဦးစီးမှူး ဒေါက်တာဇာမဲဖီရမ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် ပူးပေါင်းအဖွဲ့များက မြစ်ကြီးနားမြို့မှ တင်သွင်းလာသော အသားတိုးကြက်များသည် အများပြည်သူစားသုံးရန် သင့်တော်ခြင်းရှိ မရှိ ခွဲစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကြက်သားရောင်းချသူများကိုလည်း တင်သွင်းလာသော ကြက်သားများမှတစ်ဆင့် ဒေသကြက်များသို့ ရောဂါများကူးစက်နိုင်သောကြောင့် ယခုကဲ့သို့ စစ်ဆေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ ခွဲစိတ်စစ်ဆေးရာတွင် ကြက်သားများမှာ ရောဂါကင်းစင်ကြောင်း တွေ့ရှိရသဖြင့် ဆက်လက်ရောင်းချခွင့်ပြုခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကယားပြည်နယ်အတွင်း ဒေသခံရဲတပ်သားသစ်များ ခန့်အပ်တာဝန်ပေးရန်အတွက် စိတ်ပညာစစ်ဆေး



**လွိုင်ကော် ဇူလိုင် ၃၁**
ကယားပြည်နယ်အတွင်းရှိ ရဲတပ်ဖွဲ့များ၌ ရဲတပ်သားသစ်များ လိုအပ်ချက်ရှိနေသည့်အတွက် တပ်သားသစ်များကို ခေါ်ယူခဲ့ပြီး စိတ်ပညာဆိုင်ရာ ဘာသာရပ်ကို ဇူလိုင် ၂၉ ရက်က လွိုင်ကော်တက္ကသိုလ်၌ စစ်ဆေးခဲ့ကြောင်း သိရသည်။

"ပြည်နယ်ရဲတပ်ဖွဲ့မှာ လိုအပ်တဲ့ ရဲတပ်ဖွဲ့ဝင် အင်အားတွေအတွက် စုဆောင်းရရှိတဲ့ တပ်သားသစ်တွေကို စိတ်ပညာပိုင်းဆိုင်ရာစစ်ဆေးတဲ့ စာမေးပွဲဖြစ်ပါတယ်။ လာပြီးကြီးကြပ်ဆောင်ရွက်ပေးတာကတော့ တောင်ကြီးတက္ကသိုလ် စိတ်ပညာဌာနမှ ပါမောက္ခဌာနမှူးနဲ့ အဖွဲ့တွေဖြစ်ပါတယ်။ ဒီတပ်သားသစ်တွေကတော့ စိတ်ပညာဘာသာရပ်အောင်ပြီးရင် သက်ဆိုင်ရာသင်တန်းကျောင်းအသီးသီးမှာ ကျန်းမာရေးဆေးစစ်ဆေးခြင်းများနဲ့ အခြားလိုအပ်တဲ့အချက်အလက်တွေကိုစစ်ဆေးခံယူပြီးတဲ့အချိန်မှာ သင်တန်းကာလခြောက်လ တက်ရောက်ရမှာ ဖြစ်ပါတယ်။ ခြောက်လပြီးတဲ့အချိန်မှာတော့ ကယားပြည်နယ်အတွင်းရှိ ရဲတပ်ဖွဲ့မှာ ပြန်ပြီးတော့ တာဝန်ချထားမှာ ဖြစ်ပါတယ်" ဟု ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမိုးမောင်သန်းက ပြောကြားသည်။

"အခုဟာကတော့ ပြည်နယ်အတွက် တာဝန်ချထားဖို့ စုဆောင်းတဲ့ ဒေသခံရဲတပ်သားတွေ ဖြစ်ပါတယ်။ လုပ်ငန်းလိုအပ်ချက်အရ အင်အားလိုအပ်ချက်အရ ခေါ်ယူတဲ့ အနေအထားမျိုးဖြစ်ပါတယ်။ ပုံမှန် အမြဲတမ်းခေါ်တဲ့ တစ်နိုင်ငံလုံးမှာ လိုအပ်တဲ့နေရာတွေမှာ ထမ်းဆောင်ကြရမယ့် ရဲတပ်သားသစ်တွေကတော့ အမြဲတမ်းဆက်ပြီး ခေါ်နေမှာ ဖြစ်ပါတယ်။ ဒေသခံ ရဲတပ်သားသစ်ကတော့ အင်အားလိုအပ်ချက်အပေါ် မူတည်ပြီးတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ခွင့်ပြုချက်နဲ့ ခေါ်ယူတာဖြစ်ပါတယ်" ဟုလည်း ပြည်နယ်ရဲတပ်ဖွဲ့မှူးက ဆက်ရှင်းပြသည်။

အဆိုပါ စိတ်ပညာစစ်ဆေးခြင်းတွင် လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၄၆ ဦးရှိပြီး ကယားပြည်နယ် လွိုင်ကော်ခရိုင်နှင့် ဘောလခဲခရိုင်တို့အတွင်းရှိ မြို့နယ်များမှ အမျိုးသား ၁၂၇ ဦးနှင့် အမျိုးသမီး ၂၁၉ ဦး ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ကရင်ပြည်နယ်တွင် ပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်းဆောင်ရွက်သင့်

**နေပြည်တော် ဇူလိုင် ၃၁**
ကရင်ပြည်နယ်သည် မိုးရွာသွန်းမှုများသော်လည်း အလွန်အေးသောဒေသ မဟုတ်သဖြင့် ပိုးစာပင် စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်းလုပ်ငန်းများအတွက် သင့်တော်သောဒေသဖြစ်ကြောင်း သိရသည်။

ပြည်နယ်၏ ရာသီဥတုအခြေအနေသည် ပိုးစာပင်ဖြစ်ထွန်းမှု ကောင်းမည်ဖြစ်ကြောင်း၊ ပိုးစာပင်ကို မြေအမျိုးအစားအရ ရေမဝပ်သောစံ ၅ ဒသမ ၅ မှ ၇ အတွင်းရှိ မြေမျိုးများတွင် စိုက်ပျိုးနိုင်မည်ဖြစ်ရာ ပြည်နယ်အတွင်း တောင်စောင်းကုန်းမြင့်ဖြစ်ပါက ရေတိုက်စားခြင်းမရှိစေရန် ကွန်တိုဖြင့်လည်းကောင်း၊ ကန်သင်းကန့်ဖြင့်လည်းကောင်း စိုက်ပျိုးနိုင်ကြောင်း သိရသည်။

ထို့အပြင် ပိုးမွေးရာတွင်လည်း ပြည်နယ်အတွင်း မိုးများသောလများကိုရှောင်၍ မွေးမြူမည်ဆိုပါက အောင်မြင်နိုင်ကြောင်း၊ မိုးရေချိန်ဇယားအရ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် မိုးလုံးဝမရွာ ခြင်းနှင့် အနည်းငယ်သာ(တစ်လတွင် ၁ ရက်မှ လေး ရက်ခန့်)သာ ရွာခြင်းကြောင့် ပိုးမွေးမြူနိုင်သောလများ ဖြစ်ကြောင်း သိရသည်။ မေလမှ စက်တင်ဘာအထိမှာ မိုးရွာသွန်းမှုများသောလများဖြစ်သဖြင့် အပင်ပေါင်းရှင်းခြင်း၊ မြေသြဇာထည့်ခြင်း၊ ကိုင်းဖြတ်ခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်သင့်သည်။ ထို့နောက် အောက်တိုဘာမှစ၍ ဒီဇင်ဘာလလယ်အထိ အပူချိန်ကိုလိုက်၍ ပိုးမွေးနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ပိုးမွေးလျှင်လည်း တစ်နှစ်တွင် ခြောက်လခန့် ပိုးမွေးနိုင်မည်ဖြစ်သည်။

ကရင်ပြည်နယ်၏ မိုးရေချိန်နှင့် အပူချိန်အရ ပိုးစာရွက် ထွက်နှုန်းကောင်းမည့်အခြေအနေဖြစ်သဖြင့် ပိုးစာတစ်ဧကမှ ပျမ်းမျှ ပိုးငါးကတ်မွေးမြူနိုင်မည် ဖြစ်သည်။ ပိုးတစ်ကတ်လျှင် ပျမ်းမျှ ပိုးအိမ် ပေါင် ၅၀ ထွက်ပါက အနည်းဆုံးပေါင် ၂၅၀ ရရှိမည်ဖြစ်သဖြင့် ပိုးအိမ်တစ်ပေါင်လျှင် ၁၈၀၀၀ ကျပ်နှုန်းဖြင့် ဝင်ငွေကျပ် ၄၅ သိန်းအထိ ရရှိနိုင်သဖြင့် စီးပွားရေးအရလည်း တွက်ခြေကိုက်မည် ဖြစ်ကြောင်း သိရသည်။

ပိုးမွေးရန်အတွက် ပိုးစာပင်ကို စိုက်ပျိုးပါက တစ်ဧကလျှင် ကျပ် ခုနစ်သိန်းမှ ရှစ်သိန်းအထိ ကုန်ကျမည်ဖြစ်ပြီး ပိုးတစ်ကတ်မွေးမည်ဆိုပါက ကျပ် ၅၉၀၀၀၀ ခန့် ကုန်ကျမည်ဖြစ်သည်။ ပိုးစာငါးဧကစိုက်ပျိုးလျှင် တစ်ပြိုင်တည်း ပိုးကတ် ၁၀ ကတ် မွေးမြူ၍ ပိုးအိမ်ပေါင်း ၅၀၀ မှ ပေါင် ၇၀၀ အထိ ထုတ်လုပ်နိုင်မည် ဖြစ်သည်။

ကရင်ပြည်နယ်သည် အမြင့်ဆုံးပျမ်းမျှ အပူချိန် ၃၃ ဒသမ ၂၉ ဒီဂရီစင်တီဂရိတ် ရှိသဖြင့် ပိုးစာပင်စိုက်ပျိုးရန်နှင့် ပိုးမွေးမြူရန်လည်း သင့်တော်ကြောင်း ပညာရှင်များ သုံးသပ်ပြောကြားထားပြီး ပိုးစာပင်သည် နှစ်ရှည်သီးနှံပင်ဖြစ်သဖြင့် စိုက်ပျိုးပြီးနောက်နှစ်များတွင် ပြုစုထိန်းသိမ်းမှုသာ ပြုလုပ်ရမည်ဖြစ်သဖြင့် လုပ်ခစရိတ်များသက်သာသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# မြစ်ကမ်းပြို၍ ပြောင်းရွှေ့ရသော အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်

**အင်္ဂပူ ဇူလိုင် ၃၁**
ရောဝတီမြစ်ရေတိုက်စားပြီး ကမ်းပြိုမှုကြောင့် ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်အတွင်း ခွေးတောက်ချောင်းကျေးရွာအုပ်စု ခွေးတောက်ချောင်းကျေးရွာနှင့်ရွှေသောင်ကျေးရွာတို့မှ နေအိမ်များ ပြောင်းရွှေ့ရသော အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ခွေးတောက်ချောင်းကျေးရွာ ဇောတိကာရုံကျောင်းတိုက် ဓမ္မာရုံ၌ ဇူလိုင် ၂၉ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာက ထောက်ပံ့ငွေပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်ပညာရေးဌာနမှ လက်ထောက်ပညာရေးမှူး ဦးအုန်းသိန်းက ပညာရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစန်းဝင်းက တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ပေးအပ်သော ထောက်ပံ့ငွေနှင့် ပစ္စည်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လှူဒါန်းသော လူသုံးကုန်ပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ခွေးတောက်ချောင်းကျေးရွာမှ ပြောင်းရွှေ့အိမ်ထောင်စု ၁၄ စုနှင့် ရွှေသောင်ကျေးရွာမှ ပြောင်းရွှေ့အိမ်ထောင်စု ၁၁ စုအား ထောက်ပံ့ပေးခဲ့ပြီး တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀၊ ဆန်နှင့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ပြောင်းရွှေ့မိသားစုများအား အားပေးစကားပြောကြားပြီး ကျေးရွာများအတွင်း ရောဝတီမြစ်ရေဝင်ရောက်နေမှုနှင့် မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပေါ်နေသည့်နေရာများသို့ သွားရောက်ကြည့်ရှုခဲ့သည်။

**မန်းကျော်(ပြန်/ဆက်)**

# ကျား/မရေးရာ တန်းတူညီမျှမှုသင်တန်း ပခုက္ကူ၌ဖွင့်

**ပခုက္ကူ ဇူလိုင် ၃၁**
မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် Action aid(Myanmar)က ကြီးမှူး၍ ကျား/မ ရေးရာ တန်းတူညီမျှမှုသင်တန်းကို ပခုက္ကူမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ ဇူလိုင် ၂၉ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ပခုက္ကူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးတာဝန်ခံ ဒေါ်တင်တင်လှက မိတ်ဆက်စကားပြောကြားပြီး ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ဌေးအောင်က Community Centre ကို လူမှုရေးအသင်းအဖွဲ့များအနေဖြင့် ဒေသအကျိုးအတွက် အသုံးချရန်လိုအပ်ပါက ဆွေးနွေးညှိနှိုင်းတိုင်ပင်၍ လာရောက်အသုံးပြုနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယဦးစီးမှူး ဒေါ်ဝင်းမေက အမျိုးသမီးများနှင့် ပြန်ကြားရေးကဏ္ဍအကြောင်းကို မိတ်ဆက်ဆွေးနွေးပြီး Action aid(Myanmmar)မှ နည်းပြများဖြစ်သည့် ဒေါ်ခင်သန်းဆွေနှင့် ဦးထွန်းလင်းကျော်တို့က Gender and Sex၊ Sexuality၊ Gender and Culture၊ Roles စသည့် ခေါင်းစဉ်များအလိုက် ကျား/မ တန်းတူညီမျှရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

သင်တန်းသို့ ရေစကြိုလူငယ်ကွန်ရက်အပါအဝင် လူမှုရေးအဖွဲ့အစည်းများမှ လူငယ်များနှင့် ဒေသခံလူငယ်များ စုစုပေါင်း ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ကိုဇော်(ဓာတု)**

# အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

**ကျောက်ပန်းတောင်း ဇူလိုင် ၃၁**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ အသက်(၁၀)နှစ်ပြည့်ပြီးသော ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်များကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ပြုလုပ်ပေးခဲ့ပြီး ဇူလိုင် ၂၈ ရက်တွင် ကတ်များပေးအပ်ပွဲကို ကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးရာတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အသက် (၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၇၈၈ ဦးတို့အတွက် စာသင်ချိန်မပျက် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ နိုင်ငံသားစိစစ်ရေးကတ်များကို ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူး ဦးမျိုးခိုင်နှင့် အမှတ်(၂) အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ပြုံးရီတို့က ကျောင်းသား ကျောင်းသူများထံ တစ်ဦးချင်းပေးအပ်ခဲ့ကြသည်။ **နေအောင်(ပြန်/ဆက်)**



# ကျောင်းကျန်းမာရေး ကွင်းဆင်းဆောင်ရွက်

**မန်တုံ ဇူလိုင် ၃၁**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ကျန်းမာရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မန်ပတ်ကျေးရွာနှင့် ဟိုချက်ကျေးရွာများမှ ကျောင်းများသို့ ဇူလိုင် ၂၉ ရက်က သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တွဲဖက်ဦးစီးမှူး ဒေါက်တာချစ်ဝင်းလေး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမာလာဆာအေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစည်သူမောင်မောင်တို့က ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးဆိုင်ရာများ အသိပညာပေး ဟောပြောကြပြီး ကျောင်းသား ကျောင်းသူများအား အထွေထွေရောဂါများကို ဒေါက်တာချစ်ဝင်းလေး၊ သွားနှင့်ခံတွင်းရောဂါများကို ဒေါက်တာစိုးဝင်းဇော်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို သူနာပြုဆရာမများက စစ်ဆေးပေးကာ လိုအပ်သည့်ဆေးဝါးများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မှုခင်းကျဆင်းရေးနှင့် ကွမ်းစားသုံးမှုပပျောက်ရေး ကျောက်တံခါးမြို့၌ ပညာပေးဟောပြော

**ကျောက်တံခါး ဇူလိုင် ၃၁**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ဈေးပိုင်းရပ်ကွက် မြို့မဈေးတာဝန်ခံရုံး၌ မှုခင်းကျဆင်းရေးနှင့် ကွမ်းစားသုံးမှုပပျောက်ရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၂၈ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကျောက်တံခါးမြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းထိုက်က မှုခင်းများမဖြစ်ပေါ်စေရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးကို ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့တစ်ခုတည်း၏ တာဝန်မဟုတ်ဘဲ ပြည်သူတစ်ရပ်လုံးကလည်း အသိကိုယ်စီဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာကြရေးတို့ကို အသိပညာပေးဟောပြောကာ နယ်ထိန်းခေါင်းဆောင် ရဲအုပ်လှမြင့်ဦးက ရဲနှင့်ပြည်သူလက်တွဲကူ ဒုစရိုက်ဟူသမျှဖော်ထုတ်ကြ ခေါင်းစဉ်ဖြင့် ဆက်လက်ဟောပြောခဲ့သည်။

ထို့နောက် ကျောက်တံခါးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာသီဟစိုးကလည်း ပြည်သူများ ကွမ်းစားခြင်းမှ ရှောင်ကြဉ်ကြရန်နှင့် ကွမ်းသည် စားသုံးသူအတွက် ကောင်းကျိုးမရှိဘဲ ကျန်းမာရေးအရ အန္တရာယ်ပေးနိုင်သည့်အပြင် စည်းကမ်းမဲ့ကွမ်းထွေးခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများလည်း ဖြစ်ပေါ်စေ၍ ပြည်သူများအနေဖြင့် ကွမ်းစားခြင်းမှ ရှောင်ရှားကြရန် အသိပညာပေးဟောပြောခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**

# တစ်ပတ် ပေါင်တစ်သိန်း လိုချင်တဲ့ မာရက်

ပြီးခဲ့တဲ့ ပရီမီယာလိဂ်မှာ လက်စတာအသင်းကို ဖလားရအောင် အဓိကခြေစွမ်းပြကစားပေးခဲ့သူတွေထဲမှာ မာရက်လည်း ပါဝင်ပါတယ်။ အယ်လ်ဂျီးရီးယားတိုက်စစ်မှူး မာရက်ဟာ ဂျိမ်းဗာဒီနဲ့ အတွဲညီတဲ့ ကစားသမားဖြစ်ခဲ့ပါတယ်။ သူဟာ လက်စတာနဲ့ သုံးနှစ်စာချုပ်ထားရာမှ တစ်ပတ်ကို ပေါင် ၄၀၀၀၀ ပဲရတယ်လို့ ဆိုပါတယ်။ နည်းပြယာနီရေးရီကတော့ အနည်းဆုံးတစ်ရာသီမက လက်စတာအသင်းမှာ ဆက်လက်ကစားပေးဖို့မာရက်ကို လိုလားတယ်လို့ဆိုပါတယ်။ မာရက်ကို လက်စတာနည်းပြက အသင်းမှာ ဆက်လက်ကစားပေးဖို့ လိုလိုလားလားရှိနေတယ်လို့ ဆိုပါတယ်။ သို့သော်လည်း မာရက်က လက်ရှိလစာပေါင် ၄၀၀၀၀ ကနေ ပေါင် တစ်သိန်းအထိ တိုးပေးဖို့ တောင်းဆိုလိုက်ပါတယ်။ ကစားဖော် ဂျိမ်းဗာဒီရနေတဲ့ လစာပေါင် တစ်သိန်းအထိ သူ ရသင့်တယ်လို့ မာရက်က တောင်းဆိုလိုက်ပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိ မာရက် ကို အာဆင်နယ်က ပေါင်သန်း ၄၀ ပေးပြီးခေါ်ယူဖို့ အကြိမ်ကြိမ်ဆက်သွယ်မှုတွေပြု လုပ်နေတယ်လို့ ဆိုပါတယ်။ နည်းပြ ယာနီရေးရီအနေနဲ့ကတော့ မာရက်ကို ဆက်လက် ခေါ်ယူနိုင်ဖို့ ကြိုးစားနေဆဲပါ။




# မန်ယူမှ ကစားသမားကိုးဦးထွက်ခွာနိုင်ဟု နည်းပြ မော်ရင်ဟိုပြောပြီ




မန်ယူကနေ ကစားသမားကိုးဦးထွက်ခွာသွားနိုင်တယ်လို့ အိုးထရက်ဖို့ဒ်နည်းပြသစ် မော်ရင်ဟိုက ပြောဆိုလိုက်ပါတယ်။ ရှဝိန်နှ့စတိုင်ဂါလည်း အပါအဝင်ဖြစ်ပါတယ်။ ကစားသမားကိုးဦးဟာ မန်ယူကနေ အမြဲတမ်း သို့မဟုတ် အငှားကစားသမားအဖြစ် ထွက်ခွာသွားနိုင်တယ်လို့ မော်ရင်ဟိုက အသိပေးပြောဆိုလိုက်တာပါ။ ပြီးခဲ့တဲ့ရာသီက ပြောင်းရွှေ့လာတဲ့ ဂျာမနီလက်ရွေးစင်ကစားသမား ရှဝိန်နှ့စတိုင်ဂါဟာ ပြီးခဲ့တဲ့နှစ် ပရီမီယာလိဂ်မှာ တံခါက်ကြောထိခိုက်ဒဏ်ရာကြောင့် ၁၈ ပွဲသာ ပွဲထွက်ကစားခွင့်ရခဲ့တာပါ။

အသက် ၃၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရှဝိန်နှ့စတိုင်ဂါဟာ ဒီနှစ်နွေရာသီမှာ ကလပ်မှ ထွက်ခွာနိုင်တယ်လို့ မော်ရင်ဟိုက အသိပေးပြောဆိုလိုက်ပါတယ်။ တီမိုတီဖိုဆုမန်ဆက်ကတော့ ပြီးခဲ့တဲ့နှစ် ဗန်ဟားလ်လက်ထက်မှာ ခြေစွမ်းပြကစားခဲ့ပေမယ့် လာမယ့် မော်ရင်ဟိုရဲ့အစီအစဉ်ထဲမှာ မပါဘူးလို့ ဆိုပါတယ်။ ပါရဲယား၊ ဂျိမ်းဝီလ်ဆင်တို့လည်း အငှားချထားနိုင်ပါတယ်။ ဂျာနုဂျက်၊ ဝီကိန်း၊ ဘလက်ကက်နဲ့ ပက်ဒီမက်နဲယားတို့လည်း အမြဲတမ်းအဖြစ် ထွက်ခွာနိုင်တယ်လို့ ဆိုပါတယ်။




# အမြင့်ပျံသန်းမယ့် မစ်ဒယ်ဘရော့တို့ရဲ့ အားမာန်

၂၀၁၆-၂၀၁၇ ဘောလုံးရာသီရဲ့ပရီမီယာလိဂ်ပွဲစဉ်တွေ စတင်တော့မှာဖြစ်ပါတယ်။ ဒီနှစ် ပရီမီယာလိဂ်ဟာ နည်းပြသစ်တွေ၊ ကစားသမားသစ်တွေရောက်ရှိလာမှုကြောင့် ပြိုင်ပွဲမစတင်မီကတည်းက စိတ်လှုပ်ရှားစရာကောင်းနေပါတယ်။ ဒါ့အပြင် ပရီမီယာလိဂ်ကို တန်းတက်လာတဲ့ အသင်းတွေကလည်း ပြင်ဆင်မှုတွေအကောင်းဆုံးပြုလုပ်နေတာမို့ မကြာမီရောက်ရှိဆင်နွှဲတော့မယ့် ပရီမီယာလိဂ်ဟာ ကြိုတင်ရင်ခုန်စရာကောင်းနေပါတယ်။ ဒီနှစ် ပရီမီယာလိဂ်ကို တန်းတက်လာတဲ့ အသင်းတွေထဲမှာ မစ်ဒယ်ဘရော့တို့ရဲ့ပြင်ဆင်ထားမှုကလည်း အားရစရာကောင်းနေတာတော့ အမှန်ပါပဲ။

ပြီးခဲ့တဲ့ ဘောလုံးရာသီရဲ့ ချန်ပီယံရှစ်ပြိုင်ပွဲမှာ ဒုတိယရရှိခဲ့တဲ့ မစ်ဒယ်ဘရော့တို့က ပရီမီယာလိဂ်ကို လွတ်လွတ်ကျွတ်ကျွတ်တန်းတက်လာခဲ့တာဖြစ်ပါတယ်။ မစ်ဒယ်ဘရော့အသင်းရဲ့သမိုင်းမှာတော့ ပရီမီယာလိဂ်ကို ယှဉ်ပြိုင်ခဲ့တဲ့ အကြိမ်ဟာ အခုအကြိမ်နဲ့ဆိုရင် ၁၅ ကြိမ်မြောက်ဖြစ်လို့ ပရီမီယာလိဂ်နဲ့ မစိမ်းတဲ့အသင်းဖြစ်သလို အိမ်ကွင်းမှာ ပြိုင်ဘက်တိုင်းကို ထိတ်လန့်အောင်ကစားနိုင်တဲ့ အစဉ်အလာရှိတဲ့အသင်းလည်း ဖြစ်ပါတယ်။

ဘိုရိုလို့ အမည်ပြောင်ခေါ်ဝေါ်ကြတဲ့ မစ်ဒယ်ဘရော့အသင်းကို နည်းပြ ကာရန်ကာက ကိုင်တွယ်နေတာဖြစ်ပြီး မစ်ဒယ်ဘရော့အသင်းပိုင်ရှင် စတိပ်ဂစ်ဆင်ကလည်း နည်းပြ ကာရန်ကာရဲ့ ကိုယ်တွယ်မှုကို သဘောကျနှစ်သက်နေပြီး အသင်းအတွက် လိုအပ်တဲ့ပြင်ဆင်မှုဖြည့်ဆည်းမှုနဲ့ ကစားသမားသစ်ခေါ်ယူမှုတွေကို စိတ်တိုင်းကျ တည်ဆောက်ခွင့်ပြုထားပါတယ်။ အခုဆိုရင် ဒီနှစ်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလမှာ မစ်ဒယ်ဘရော့အနေနဲ့ ကစားသမားအသစ် ခြောက်ဦးအထိ ခေါ်ယူခဲ့ပြီး အသင်းက ကစားသမားလေးဦးကိုတော့ အသင်းက ထွက်ခွာခွင့်ပြုခဲ့ပါတယ်။

မစ်ဒယ်ဘရော့အသင်းဟာ လာမယ့်ပရီမီယာလိဂ်အတွက် ကစားသမားအသစ်ခေါ်ယူမှုတွေကိုကြည့်ရင် အတ္တလန်တာအသင်းက ကွင်းလယ်ကစားသမား မာတင်ဒီယွန်းကို ပြောင်းရွှေ့ကြေး ပေါင် ၁၂ သန်းနဲ့ ခေါ်ယူခဲ့သလို အေဂျက်အသင်းက တိုက်စစ်မှူး ဖစ်ရှာကိုလည်း ပြောင်းရွှေ့ကြေး ပေါင် ၃ ဒသမ ၈ သန်းနဲ့ ခေါ်ယူထားပြီဖြစ်ပါတယ်။ ဒါ့အပြင် ဗလင်စီယာအသင်းက တိုက်စစ်မှူး နီဂရီဒိုကိုလည်း တစ်ရာသီ အငှားနဲ့ ခေါ်ယူထားသလို ရာမီရက်ဇ်ကိုလည်း ကွင်းလယ်အတွက် အလွတ်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူအားဖြည့်ထားပါတယ်။ နောက်တန်းခံစစ်အတွက်လည်း ဗလင်စီယာအသင်းက ဘာရာဂန်ကိုခေါ်ယူထားသလို အသင်းလက်မဲ့ဖြစ်နေတဲ့ ဘာစီလိုနာဂိုးသမားဟောင်း ဗဲလ်ဒက်စ်ကိုလည်း ခေါ်ယူထားတာမို့ မစ်ဒယ်ဘရော့ဟာ ဂိုး၊ နောက်တန်း၊ ကွင်းလယ်နဲ့ တိုက်စစ်တွေမှာ ဟန်ချက်ညီအောင် အားဖြည့်ပြင်ဆင်ထားတာတွေ့ရပါတယ်။

အခုလာမယ့် ပရီမီယာလိဂ်ရာသီမှာတော့ မစ်ဒယ်ဘရော့တို့အနေနဲ့ တန်းမဆင်းရရေးဦးတည်ပြီး ကစားသွားဖို့ရှိပေမယ့် သူတို့အသင်းက အဆင့် ၁၀ အတွင်း ဝင်နိုင်အောင် ကြိုးစားသွားမယ်လို့ နည်းပြ ကာရန်ကာက ပြောကြားနေပါတယ်။ မစ်ဒယ်ဘရော့အသင်းဟာ ၂၀၁၃-၂၀၁၄ ခုနှစ်က လိဂ်ဖလားဆွတ်ခူးခဲ့ပြီး ၁၉၉၆-၁၉၉၇ ခုနှစ်က အက်ဖ်အေဖလားပွဲမှာ ဒုတိယရရှိခဲ့တဲ့ မှတ်တမ်းရှိသလို ၂၀၀၅-၂၀၀၆ က ယူရိုပါလိဂ်မှာလည်း ဒုတိယရရှိခဲ့တဲ့ အစဉ်အလာကောင်းတွေ ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် မကြာခင် စတင်ဆင်နွှဲတော့မယ့် ပရီမီယာလိဂ်ရာသီမှာ တန်းတက်မစ်ဒယ်ဘရော့တို့ရဲ့ အမြင့်ပျံသန်းမယ့် စွမ်းဆောင်မှုက ဘယ်လောက်အထိ သက်သေပြနိုင်မလဲဆိုတာ စောင့်ကြည့်အကဲခတ်ရတော့မှာပဲဖြစ်ပါတယ်။

❐ မိုးမြင့်လင်းလက် ❐

# အက်သလက်တီကို ပြန်ဖို့ နီးစပ်လာတဲ့ ကော်စတာ

စပိန်လာလီဂါထိပ်တန်းကလပ် အက်သလက်တီကိုက ဒီယေဂိုကော်စတာကို ပြန်ခေါ်ဖို့ စိတ်ဝင်စားနေပြီး လာမယ့်ရက်များအတွင်း တရားဝင်ကမ်းလှမ်းမှုတွေ ပြုလုပ်လိမ့်မယ်လို့ ဆိုပါတယ်။

အက်သလက်တီကိုက ပေါင်သန်း ၄၀ နဲ့ ကမ်းလှမ်းလာလိမ့်မယ်လို့ဆိုပါတယ်။ ချယ်လ်ဆီးတိုက်စစ်မှူး ကော်စတာဟာ ၂၀၁၄ ခုနှစ်က အက်သလက်တီကိုမှ ပေါင် ၃၂ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။ သို့သော်လည်း အက်သလက်တီကိုမက်ဒရစ်က ကော်စတာကို ပြန်လာဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့တယ်လို့ ဆိုပါတယ်။

မဝေးတော့တဲ့ အနာဂတ်မှာ ကော်စတာကို ပြန်ခေါ်ဖို့ ပြင်ဆင်မှုတွေပြုလုပ်နေတယ်လို့ ဆိုပါတယ်။ ဩစတြေးလျနိုင်ငံကို သွားရောက်ကစားနေတဲ့ ဆီမြူနီရဲ့ အသင်းက ပေါင်သန်း ၄၀ ပေးပြီး ကမ်းလှမ်းလိမ့်မယ်လို့ ဆိုပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး ကော်စတာဟာ ချယ်လ်ဆီးအသင်းနဲ့ အတူ နှစ်နှစ်အတွင်း ၅၆ ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဘရာဇီးလ်နွယ်ဖွား စပိန်နိုင်ငံသား ကော်စတာဟာ ချယ်လ်ဆီးအသင်းရဲ့ ဩစတြီးယားနိုင်ငံသို့ သွားရောက်ကစားတဲ့ ပွဲစဉ်နှစ်ပွဲစလုံး ပါဝင်ကစားခဲ့ပါတယ်။ သို့သော်လည်း လော့အိမ်ဂျလိမှာ လီဗာပူးကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရတဲ့ပွဲမှာတော့ ပါဝင်ကစားနိုင်ခြင်း မရှိခဲ့ပါဘူး။ ❐

ကောင်းမြတ်သူ - စုစည်းသည်။



# မိုးခေါင်ပြီး နွားစာရှားလာသဖြင့် ကောက်ရိုးများ ဝယ်ယူစုဆောင်းနေရ

**ငါ့သရောက် ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် ယခုနှစ် မိုးရွာသွန်းမှုလျော့နည်းနေသည့်အပြင် ရွာသွန်းသည့်မိုးမှာလည်း ကွက်ကျားမိုးသာ ရွာသွန်းနေ၍ မြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ ကျေးလက်နေတောင်သူများ စိုက်ပျိုးထားသည့် သီးနှံစိုက်ခင်းများလည်း အောင်မြင်ဖြစ်ထွန်းမှုလျော့နည်းလာခဲ့ကာ ကျေးလက်နေတောင်သူများမှာ မိမိတို့မွေးမြူထားရှိသည့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် အစာရှားပါးမှုအခက်အခဲများနှင့်ပါ ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

"ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ ဒီနှစ်မိုးက ပြီးခဲ့တဲ့နှစ်ကထက် ပိုခေါင်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့မြို့နယ်မှာ မိုးမရွာတာ တစ်လကျော်လောက် ရှိနေပါပြီ။ လနဲ့ချီပြီး မိုးခေါင်နေတာဖြစ်လို့ ကျွန်တော်တို့မြို့နယ်ကတောင်သူတွေ စိုက်ပျိုးထားတဲ့ သီးနှံစိုက်ခင်းတွေလည်း အောင်မြင်ဖြစ်ထွန်းမှုတွေ လျော့နည်းလာခဲ့ပါပြီ။ ဒါ့အပြင် ကျေးရွာအချို့မှာရှိတဲ့ တောင်သူတွေဆိုရင် မိုးမရွာလို့ နွားစာရှားပါးမှုအခက်အခဲတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

နွားစာများ ရှားပါးနေသဖြင့် ငါ့သရောက်မြို့နယ်အတွင်းမှ တောင်သူများမှာ ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာများအထိ ကားဖြင့်သွားရောက်၍ စပါးကောက်ရိုးများကို နွားစာအဖြစ် အခင်းပြတ်ဝယ်ယူကြပြီး စုဆောင်းကျွေးမွေးနေရကြောင်း ငါ့သရောက်မြို့နယ် ကူတောကျေးရွာမှ တောင်သူအချို့က ပြောကြားသည်။

"နွားစာဝယ်ယူရတဲ့ဈေးနှုန်းကတော့ စပါးကောက်ရိုး တစ်ဧကကို နှစ်သောင်းခန့်နဲ့ ဝယ်ယူရပြီးတော့ ကားတစ်စီးကို တစ်ဧကခွဲလောက် ဝယ်ရပါတယ်။ ဒီလိုမျိုး ကားနဲ့ အခင်းပြတ်ဝယ်တဲ့အခါမှာလည်း ကျွန်တော်တို့က လူအများစုပြီး ဝယ်ကြတာပါ။ လူအများစုပြီး ဝယ်တဲ့အတွက် ငွေအကုန်အကျ သက်သာတဲ့အပြင် နွားစာလည်း များများရရှိပါတယ်။ စပါးကောက်ရိုးတွေကိုတော့ ရွာပြန်ရောက်တဲ့အချိန်ကျ နွားစာစဉ်းစက်နဲ့ စဉ်းပြီး နွားစာခြင်းတောင်းနဲ့ရေတွက်ပြီး ခွဲဝေယူကြပါတယ်။ ကျွန်တော်တို့ဒေသမှာ နွားစာရှားပါးမှုရဲ့ အဓိကပြဿနာက မိုးခေါင်လို့ ဖြစ်ရတာဆိုတော့ သီးနှံစိုက်ခင်းတွေလည်း ပျက်စီးဆုံးရှုံးမှု နည်းနိုင်သမျှနည်းအောင်၊ ပြီးတော့ နွားစာရှားပါးတဲ့ အခက်အခဲတွေလည်း ပြေလျော့သက်သာသွားအောင် မိုးရွာသွန်းစေချင်ပါပြီ"ဟု စပါးကောက်ရိုးဝယ်ယူ ပြီးပြန်လာသည့် ကူတောကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ထိုင်းနိုင်ငံအတွင်း နိုင်ငံခြားသားအလုပ်သမားများအား စစ်ဆေးအရေးယူမှု အရှိန်အဟုန်မြှင့်

**ဗန်ကောက် ဇူလိုင် ၃၁**

ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားသား အလုပ်သမားများအား ထိုင်းအာဏာပိုင်အဖွဲ့အစည်းများက ဇူလိုင် ၂၈ ရက်မှစတင်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်ဆေးအရေးယူမှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ဆေးအရေးယူမှုများ ပြုလုပ်ရာတွင် ထိုင်းနိုင်ငံအတွင်း နေထိုင်ခွင့်အထောက်အထား မရှိသူများ၊ အလုပ်လုပ်ခွင့်(Work Permit)မရှိသူများ၊ အလုပ်ရှင်သူဌေးအမည်မတူခြင်းနှင့် အလုပ်နေရာ ကွဲလွဲလုပ်ကိုင်နေသူများ၊ နိုင်ငံခြားသား အလုပ်သမားများအတွက် သတ်မှတ်ထားသည့် အလုပ်နေရာများတွင် အလုပ်လုပ်ကိုင်ခြင်းမပြုဘဲ ကိုယ်ပိုင်ဈေးရောင်းသူများ၊ ကုန်တိုက်များ၊ စူပါမားကက်များတွင် အရောင်းဝန်ထမ်းလုပ်ကိုင်နေသူများ အပါအဝင် ထိုင်းနိုင်ငံ၏ဥပဒေကို ချိုးဖောက်နေထိုင်သူများအားလုံးကို ထိုင်းစစ်တပ်၊ ရဲတပ်ဖွဲ့နှင့် ထိုင်းအာဏာပိုင်များက ရပ်ကွက်၊ ဈေးနှင့် အလုပ်ခွင်များပါမကျန် အဖွဲ့စုံဖြင့် အရှိန်အဟုန်မြှင့် ဝင်ရောက်စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးမဟာမိတ်အဖွဲ့(ACC)မှ သတင်းများအရ သိရသည်။

အထူးသဖြင့် ယခုရက်ပိုင်းအတွင်း မြန်မာလုပ်သားအများစု အလုပ်လုပ်ကိုင်လျက်ရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များအတွင်း ထိုင်းအာဏာပိုင်များက ဝင်ရောက်စစ်ဆေး အရေးယူမှုများ လုပ်ဆောင်လျက်ရှိကာ (Work Permit) မရှိသူများ၊ အလုပ်ရှင်သူဌေး အမည်မတူခြင်းနှင့် အလုပ်နေရာ ကွဲလွဲလုပ်ကိုင်နေသူများအား စစ်ဆေးတွေ့ရှိပါက ထောင်ဒဏ် ၄၈ ရက် ကျခံရမည်ဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံသို့ ပြန်ပို့ခံရမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# နေပြည်တော်၌ ဆီလိမ်းအနှိပ်ခန်းကို ဝင်ရောက်ဖမ်းဆီး

**ပျဉ်းမနား ဇူလိုင် ၃၁**

နေပြည်တော် ပျဉ်းမနား ရွာကောက်ရပ်ကွက် ပေါင်းလောင်း(၃) ချယ်ရီလမ်း၌ ဖွင့်လှစ်ထားသော ဆီလိမ်းအနှိပ်ခန်းတစ်ခုကို ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့များနှင့် ပျဉ်းမနားမြို့မရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များက ဇူလိုင် ၂၇ ရက်က ဝင်ရောက်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါဆိုင်တွင် တရားမဝင်အနှိပ်ခန်း ဖွင့်လှစ်နေကြောင်း သတင်းအရ ဝင်ရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ဖမ်းဆီးရာတွင် ပိုင်ရှင် ဒေါ်မြမြမိုး(၄၀ နှစ်)နှင့်အတူ အနှိပ်သမ သုံးဦးနှင့် အလုပ်သမားတစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး အနှိပ်လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသော လိမ်းဆီ၊ အလှဆီများ၊ နှိပ်နည်းအမျိုးအစားများ ရေးထားသော ဘောက်ချာများကိုလည်း သက်သေများရှေ့၌ သိမ်းဆည်းခဲ့သည်။ အနှိပ်ခန်းမှာ တရားဝင်လိုင်စင်မရှိဘဲ ဖွင့်လှစ်လုပ်ကိုင်နေခြင်းဖြစ်၍ ဖမ်းဆီးရမိသူများအား ဆက်လက်အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

# ကိုရီးယားနိုင်ငံမှ လှူဒါန်းမှုဖြင့် ကျောင်းစာကြည့်တိုက်ဖွင့်လှစ်



**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် (၁၁/၁၄)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကိုရီးယားနိုင်ငံ Shinhan Card အဖွဲ့အစည်းက ထောက်ပံ့လှူဒါန်းသော ကျောင်းတွင်းစာကြည့်တိုက်ဖွင့်ပွဲနှင့် အားကစားကွင်း၊ ရေသန့်စက်နှင့် စာရေးကိရိယာများ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၇ ရက်က ကျင်းပခဲ့သည်။

စာကြည့်တိုက်ဖွင့်ပွဲတွင် Shinhan Card အဖွဲ့မှ ကိုယ်စားလှယ် မစ္စတာဂျွန်ဒယ်ဂျွန်က အမှာစကားပြောကြားပြီး လှူဒါန်းမှုနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် အမက(၁) ကျောင်းသား ကျောင်းသူများက မြန်မာ့ရိုးရာ အကများဖြင့်လည်းကောင်း၊ Shinhan Card အဖွဲ့မှ စေတနာ့ဝန်ထမ်းများက ကိုရီးယားရိုးရာသိုင်းနှင့် အကများဖြင့်လည်းကောင်း ယဉ်ကျေးမှုဖလှယ်၍ ဖျော်ဖြေခဲ့ကြသည်။

စာကြည့်တိုက်ကို ရန်ကုန်မြို့ရှိ မျှဝေကရုဏာ(Share Mercy)နှင့် Habital for Huminity Myanmar အဖွဲ့တို့က ပူးပေါင်းကူညီ၍ ကိုရီးယားနိုင်ငံ Shinhan Card အဖွဲ့အစည်းကြီးက ထောက်ပံ့လှူဒါန်းခဲ့ခြင်းဖြစ်ကာ Shinhan Card အဖွဲ့သည် အင်ဒိုနီးရှားနှင့် သီရိလင်္ကာနိုင်ငံများတွင် စာကြည့်တိုက်နှစ်ခုကို တည်ဆောက်လှူဒါန်းခဲ့ပြီး ယခု ဒလမြို့နယ်၌ ဖွင့်လှစ်သောစာကြည့်တိုက်မှာ မြန်မာနိုင်ငံတွင် ပထမဆုံး တည်ဆောက်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဌေး(ဒလ)၊ ဓာတ်ပုံ-စန်းဝင္ဇာ**

# ယာဉ်အန္တရာယ်ကင်းရှင်းရေး လူထုလှုပ်ရှားမှုများ ဆောင်ရွက်

**ကျောက်ဆည် ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ ယာဉ်မတော်တဆ ဖြစ်ပွားမှုနှုန်း ကျဆင်းစေရေးအတွက် တိုင်းဒေသကြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် ရန်ကုန်မြို့အခြေစိုက် ထက်မီဒီယာ အနုပညာရှင်များအဖွဲ့တို့ ပူးပေါင်းပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေး လူထုလှုပ်ရှားမှုနှင့် ပညာပေးဟောပြောပွဲကို ကျောက်ဆည်မြို့မြောက်ဘက် ရန်ကုန်-မန္တလေးလမ်းဘေး ကေသီဦး စက်သုံးဆီအရောင်းဆိုင်အနီး၌ ဇူလိုင် ၂၈ ရက်က ပြုလုပ်ခဲ့သည်။

လူထုလှုပ်ရှားမှုအဖြစ် ထက်မီဒီယာအဖွဲ့မှ မော်ဒယ်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆိုင်းဘုတ်များ ကိုင်ဆောင်ပြီး စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ်စီးနင်းမှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွားရခြင်းများကို သရုပ်ပြကြကာ ကျောက်ဆည်မြို့ အမှတ်(၈၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်ကျော်စိုးလွင်က ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် ယာဉ်မောင်းသူများသာမက လမ်းသွားလမ်းလာ ပြည်သူများပါ လိုက်နာပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း ပညာပေးဟောပြောသည်။

ထို့နောက် ကျောက်ဆည်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ၁၉၈၉ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေတွင် ပြဋ္ဌာန်းထားသော မော်တော်ဆိုင်ကယ် စီးနင်းသူများ လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ပြည်သူများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့်ပတ်သက်သည့် မေးခွန်းများမေးမြန်းကာ ဖြေဆိုနိုင်သူများအား လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် ပြည်သူများအား တေးသံရှင် အဆိုတော် ဆိုတေးနှင့် အနုပညာရှင်အဖွဲ့များက ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ သင်တန်းဆင်း

**တပ်ကုန်း ဇူလိုင် ၃၁**

နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှောက်ကုန်းကျေးရွာအုပ်စု ရှောက်ကုန်းကျေးရွာ၌ ဖွင့်လှစ်ခဲ့သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကုသရေးဆိုင်ရာ သင်တန်း(၂/၂၀၁၆) ဆင်းပွဲကို ဇူလိုင် ၂၉ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ဟိန်းက ကျေးလက်နေလူငယ်လူရွယ်များ အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းစေရေးနှင့် ပုံမှန်ဝင်ငွေရရှိစေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကာ သင်တန်းဆင်းပွဲအပြီးတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် သင်တန်းသားများသည် တပ်ကုန်းစိုက်ပျိုးရေး သုတေသနခြံတွင် စိုက်ပျိုးထားသည့် စပ်မျိုးနေကြာ၊ ပြောင်းနှင့် ပဲတီစိမ်းစိုက်ခင်းများသို့ သွားရောက်ပြီး သီးနှံစနစ်တကျစိုက်ပျိုးနည်းနှင့် ပိုးမွှားရောဂါများအကြောင်းကို လေ့လာခဲ့ကြသည်။

သင်တန်းသို့ ရှောက်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာငါးရွာမှ သင်တန်းသား ၄၀ တက်ရောက်ခဲ့ကာ သင်တန်းကာလ နှစ်ပတ်အတွင်း မြေဆီလွှာတိုးတက် ကောင်းမွန်ရေး၊ Organic ပိုးသတ်ဆေးရည် ထုတ်လုပ်ရေး၊ သီးနှံများတွင် ကျရောက်တတ်သော ပိုးမွှားများအကြောင်းနှင့် ရောဂါကြိုတင်တားဆီးရေးနည်းများ၊ မြေပဲ၊ နှမ်း၊ ဝါ၊ ပဲတီစိမ်း၊ ငရုတ်သီးနှံမျိုးစုံ စနစ်တကျစိုက်ပျိုးရေး၊ မှိုစိုက်ပျိုးရေးနည်းများနှင့် သဘာဝမြေဩဇာထုတ်လုပ်နည်း၊ ဆိတ်၊ ကြက်၊ ဝက် မွေးမြူရေး၊ မွေးမြူရေးခြံတည်ဆောက်နည်းနှင့် စားကျက်ပညာ၊ အစာပြုပြင်ကျွေးမွေးရေးနှင့် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနည်းများ၊ မွေးမြူရေး ဇီဝလုံခြုံမှု၊ ခြံများတွင် ရောဂါပိုးကင်းရှင်းရေး၊ ရောဂါကာကွယ်ဆေးများနှင့် ကာကွယ်ဆေးပေးမှုစနစ် မှန်ကန်ရေး၊ တီလားပီးယားငါး၊ ငါးရှဉ့်၊ ငါးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူခြင်းတို့ စာတွေ့လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# လူ့အခွင့်အရေးအကြောင်း ရှင်းလင်းဆွေးနွေး

**ဒလ ဇူလိုင် ၃၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့မှ ကြီးမှူး၍ လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၂၇ ရက်က ဒလမြို့ သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အဆိုပါကော်မရှင်အဖွဲ့များဖြစ်ကြသော ဒေါက်တာညဏ်ဇော်က လူ့အခွင့်အရေးဆိုင်ရာ အခြေခံအနှစ်သာရများနှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး ဒေါ်မြမြက ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ တိုင်တန်းချက်လုပ်ထုံးလုပ်နည်းများအကြောင်း သိကောင်းစရာအချက်များကို စိတ်ဝင်စားဖွယ်ဖြစ်ရပ်များဖြင့် ဆွေးနွေးပြောကြားခဲ့သည်။ အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေး အသင်း၊ အမျိုးရေးရာအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး များနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းဌေး(ဒလ)**

ROLLS ROYCE

# မြန်မာနိုင်ငံတွင် Rolls-Royce မော်တော်ကား Service Center ဖွင့်လှစ်လိုက်ပါပြီ။



Rolls-Royce Motor Cars မှ Prestige Automobiles Co., Ltd အား မြန်မာနိုင်ငံ၏ တရားဝင် Rolls-Royce ဝန်ဆောင်မှု ကိုယ်စားလှယ်အဖြစ် ဩဂုတ်လ (၁)ရက် နေ့တွင် ခန့်အပ်လိုက်ပါသည်။

မြန်မာနိုင်ငံရှိ Rolls-Royce မော်တော်ကားပိုင်ရှင်များအနေဖြင့် မိမိတို့၏ Rolls-Royce မော်တော်ကားများကို အကောင်းဆုံး ပြုပြင် ထိန်းသိမ်း စောင့်ရှောက်မှု ပြုလုပ်ရန်အတွက် ၃၆၀ ဒီဂရီ ပြည့်စုံသော စစ်ဆေးမှုအား ရန်ကုန်မြို့ရှိ Rolls-Royce Service Center အသစ်တွင် ပြုလုပ်နိုင်ပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Rolls-Royce မှ စနစ်တကျ သင်ကြားပေးထားသော အရည်အချင်းပြည့်ဝသည့် Technicians များမှ အဆင့်မြင့် Rolls-Royce ကားများကို ပြုပြင်ထိန်းသိမ်းမှုအတွက် နည်းပညာနှင့် အရည်အသွေး ကောင်းမွန်ပြီး ရှာဖွေစမ်းသပ်နိုင်မည့် diagnostics စက်ကိရိယာ အပြည့်အစုံဖြင့် စတုရန်းမီတာ ၆၀၀၀ ရှိသော အဆောက်အဦးတွင် Phatom, Ghost, Wraith နှင့် Dawn အစရှိသည့် Rolls-Royce မော်ဒယ်များအားလုံးကို ဝန်ဆောင်မှု ပေးသွားမည် ဖြစ်သည်။ Rolls-Royce မော်ဒယ်များအတွက် အပိုပစ္စည်းအစုံအလင်ကိုလည်း ရရှိနိုင်မည် ဖြစ်ပါသည်။







**Prestige Automobiles Co.,Ltd. The Authorised Rolls-Royce Service Facilitor in Myanmar**
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar
Service Hotline : 01 2306144 Email : info@pac-bmw.com

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအတွက်**
**ရုံးသုံးစက်ကိရိယာပစ္စည်း (၇)မျိုးဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအတွက် ရုံးသုံး စက်ကိရိယာ ပစ္စည်း(၇)မျိုးကို ပြည်တွင်းသုံး မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | 4 Hi x 2Tower Web Offset Printing M/C | 1 No |
| ၂ | Air Con 1.5 HP (Split Type) | 6 Nos |
| ၃ | Diesel Generator (350 KVA) 3 Phase | 1 No |
| ၄ | Conference Syster အတွက် ဆက်စပ်ပစ္စည်းများ | 1 Lot |
| ၅ | EDMS System Version. 2 အတွက်ဆက်စပ်ပစ္စည်းများ | 1 Lot |
| ၆ | Recorder | 2 Nos |
| ၇ | Digital Camera | 2 Nos |

၂။ အိတ်ဖွင့်တင်ဒါများကို ၂၈-၇-၂၀၁၆ရက်မှ ၁၈-၈-၂၀၁၆ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ ဈေးနှုန်းမပါသော Specification & Catalogue များကို ၁၈-၈-၂၀၁၆ ရက်မှ ၁၉-၈-၂၀၁၆ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ထုတ်လုပ်မှုဌာနသို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၉၀တို့သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန် လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ် ၇၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ | ပြည်တွင်း/ပြည်ပပစ္စည်းများ<br>ဝယ်ယူရေးနှင့်<br>ထုခွဲရောင်းချရေးကော်မတီ<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ် ၇၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၁၂၃၉၀ |

---

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆောင်ရွက်မည့် မန္တလေး-အင်းတော်-ကသာ ဖိုက်ဘာဆက်ကြောင်းသစ်တွင် ပါဝင်သော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါမြို့တို့တွင် ဆက်သွယ်ရေးစခန်းများ၌ အဆောက်အအုံသစ် တည်ဆောက်ခြင်းနှင့် အခန်းအား Renovation ပြုလုပ်ခြင်းတို့အား (၁)Lot အနေဖြင့် လုပ်ကိုင်ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၁။ စဉ့်ကူးမြို့တွင် စက်မှုအဆောက်အအုံ (၁၅'×၂၅'×၁၂') RC တစ်ထပ်(၁)လုံး၊ အုတ်ရေကန်(ဂါလန် ၄၅၀၀)၊ (၁၀'×၁၂'×၆')(၁)ခုနှင့် ရေလောင်းအိမ်သာ(၄'×၄'×၆')(၁)လုံး တည်ဆောက်ခြင်း၊

၂။ တကောင်းမြို့တွင် စက်မှုအဆောက်အအုံ (၁၅'×၂၅'×၁၂')RC တစ်ထပ် (၁)လုံး၊ အုတ်ရေကန် (ဂါလန် ၄၅၀၀)၊ (၁၀'×၁၂'×၆') (၁)ခုနှင့် ရေလောင်းအိမ်သာ (၄'×၄'×၆') (၁)လုံး တည်ဆောက်ခြင်း။

၃။ မတ္တရာအိတ်ချိန်းတွင်ရှိ အခန်းလွတ် (၉.၅'×၁၁.၅')အား Renovation ပြုလုပ်ခြင်း။

| | | |
|---|---|---|
| **တင်ဒါတင်သွင်းမည့်ရက်** | - | ၁-၈-၂၀၁၆ရက်မှ ၁၈-၈-၂၀၁၆ ရက် ညနေ ၁၆း၀၀ နာရီအထိ |
| **တင်ဒါတင်သွင်းမည့်နေရာ** | - | တိုင်းဒေသကြီးမန်နေဂျာရုံး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ |
| **တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်အချိန်** | - | ၂၂-၈-၂၀၁၆ရက် နံနက် ၉း၀၀နာရီ |
| **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - | တိုင်းဒေသကြီးမန်နေဂျာရုံး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ |

**မှတ်ချက်။** အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတိုင်းဒေသကြီးမန်နေဂျာရုံး ၂၅×၂၆လမ်းကြား၊၈၀×၈၁လမ်းကြား မန္တလေးမြို့တွင် ၁-၈-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုသည့်အချက်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာရုံး တယ်လီဖုန်းအမှတ်(၀၂-၇၃၁၀၀)တွင် စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

---

**မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၏**
**အလုပ်အမှုဆောင်အဖွဲ့များအား**
**ရွေးချယ်တင်မြှောက်သည့်စနစ်ဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်**
**ဖြစ်ကြောင်း ကြေညာခြင်း**

၁။ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မပါ)၏ အလုပ်အမှုဆောင်အဖွဲ့များအား ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ အားကစားကိုစိတ်ပါဝင်စားစွာ ဆောင်ရွက်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ အားကစားဝါသနာရှင်များ၊ ဝန်ကြီးဌာနအသီးသီးမှ အားကစားကလပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အားကစားကလပ်/ အသင်းအဖွဲ့များ၊ တတ်ကျွမ်းနားလည်သည့် အားကစားနည်းပြများ၊ ဒိုင်များ၊ လက်ရွေးစင် အားကစားသမားဟောင်းများအား အစုအဖွဲ့အလိုက် ကိုယ်စားပြုရွေးချယ်တင်မြှောက်သည့်စနစ်ဖြင့် ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၏ စွမ်းဆောင်ရည်ပိုမိုတိုးတက်ပြီး ပြည်သူ့ဗဟိုပြုပုံစံဖြင့် အားကစားလှုပ်ရှားမှုများတွင် ပြည်သူများတစ်ခဲနက် ပူးပေါင်းပါဝင်လာစေရန် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၏ အလုပ်အမှုဆောင်အဖွဲ့ကို ပွင့်လင်းမြင်သာစွာဖြင့် ဖွဲ့စည်းရွေးချယ်တင်မြှောက်နိုင်ရေး ကိစ္စရပ်များကို အားကစားလုပ်ငန်းတာဝန်များ၊ အဖွဲ့ချုပ်၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ကြသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော ကြီးကြပ်ရေးအဖွဲ့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ဦးအောင်ဒင် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)<br>ဖုန်း-၀၉-၇၉၉၁၄၀၉၅၄ |
| (ခ) | ဦးစိုးဝင်း | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)<br>ဖုန်း-၀၉-၂၅၄၀၀၈၇၂၆ |
| (ဂ) | ဦးစိုးသိန်း | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)<br>ဖုန်း-၀၉-၅၁၇၃၃၇၈ |
| (ဃ) | ဦးရဲထွဋ်တင် | လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)<br>ဖုန်း-၀၉-၅၀၁၅၅၆၁ |
| (င) | ဒေါက်တာမြလေးစိန် | ညွှန်ကြားရေးမှူး(ငြိမ်း)<br>ဖုန်း-၀၉-၅၀၉၁၁၈၃ |

၃။ သို့ဖြစ်ပါ၍ အားကစားအဖွဲ့ချုပ်အလုပ်အမှုဆောင်အဖွဲ့များ ပြန်လည်ဖွဲ့စည်းရွေးချယ်တင်မြှောက်နိုင်ရေးအတွက် ပါဝင်ဆောင်ရွက်လိုသည့်ဝါသနာရှင်ပုဂ္ဂိုလ်များသည် ကြီးကြပ်ရေးအဖွဲ့ထံ ဖုန်း-၀၁-၄၀၀၈၆၄၊ ဖက်စ်-၀၁-၄၀၀၈၉၁သို့ ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အားကစားနှင့်ကာယပညာဦးစီးဌာန**

---

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**
**ဟားခါးမြို့၊ ချင်းပြည်နယ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ တီးတိန်မြို့နယ်၊ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(ထေးဇန်)အတွက် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ မော်တော်ယာဉ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

ပုစဉ်းခေါင်းထော်လာဂျီ (GBM -7 Plus) -(၁)စီး

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၈-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၇-၈-၂၀၁၆ရက်

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**
**ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(ထေးဇန်)၊ တီးတိန်မြို့နယ်**
**ဖုန်း-၀၉-၄၄၂၀၇၄၈၇၁၊ ၀၉-၄၀၀၃၀၉၄၆၇**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**ပဲခူးမြို့**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း) အသုံးစရိတ်ရန်ပုံငွေအဖြစ် ပဲခူးတိုင်းဒေသကြီးသာသနာရေးမှူးရုံး အဆောက်အအုံအသစ် ဆောက်လုပ်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်နှင့် ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၀-၈-၂၀၁၆ရက်မှစ၍ နေ့စဉ် နံနက် ၀၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၀-၉-၂၀၁၆ရက် ညနေ ၄း၀၀နာရီ နောက်ဆုံးထား တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာ လုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှသာ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ပဲခူးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ပဲခူးမြို့ ဖြစ်ပါသည်။

၄။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ပဲခူးတိုင်းဒေသကြီးသာသနာရေးမှူးရုံး ဖုန်း-၀၅၂-၂၂၂၁၂၄၁နှင့် ၀၅၂-၂၂၀၁၇၇၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီးအိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

**ပညာရေးဝန်ကြီးဌာန**
**ဇီဝနည်းပညာနှင့်ဒြပ်ပစ္စည်းသိပ္ပံသုတေသနဦးစီးဌာန**
**သတ္တုဗေဒသုတေသနဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဇီဝနည်းပညာနှင့် ဒြပ်ပစ္စည်းသိပ္ပံသုတေသနဦးစီးဌာန၊ သတ္တုဗေဒသုတေသနဌာန (အေလာ)တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာငွေ (ကျပ်)ဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) သုတေသနလုပ်ငန်းသုံးပစ္စည်း (၄၁) မျိုး
(ခ) ရုံးသုံးစက်ကိရိယာ (၁၂) မျိုး

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၁-၈-၂၀၁၆ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၆-၈-၂၀၁၆ ရက်
**တင်ဒါရောင်းချတင်သွင်းမည့်နေရာ** - ငွေစာရင်းဌာန သတ္တုဗေဒသုတေသနဌာန (အေလာ)

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၆၀၂၆၄၊ ၀၉-၇၉၀၈၇၂၇၀၅ တို့သို့ စုံစမ်းနိုင်ပါသည်။

**ပစ္စည်းများဝယ်ယူရေးကော်မတီ**
**သတ္တုဗေဒသုတေသနဌာန(အေလာ)**

---

**ပညာရေးဝန်ကြီးဌာန**
**ဇီဝနည်းပညာနှင့်ဒြပ်ပစ္စည်းသိပ္ပံသုတေသနဦးစီးဌာန**
**ကျောက်ဆည်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဇီဝနည်းပညာနှင့်ဒြပ်ပစ္စည်းသိပ္ပံသုတေသနဦးစီးဌာန(ကျောက်ဆည်)တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာငွေ(ကျပ်)ဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) သုတေသနလုပ်ငန်းသုံးပစ္စည်း ၁၅၂ မျိုး
(ခ) ရုံးသုံးစက်ကိရိယာ (၆) မျိုး
(ဂ) ဓာတ်ခွဲခန်းသုံး Lab Benches ၂ မျိုး
(ဃ) Water treatment system ၂ စုံ

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၁-၈-၂၀၁၆ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၆-၈-၂၀၁၆ ရက်
**တင်ဒါရောင်းချတင်သွင်းရမည့်နေရာ** - ငွေစာရင်းဌာန ဇီဝနည်းပညာသုတေသနဌာန၊ ကျောက်ဆည် (တံစိုးဂိတ်)

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၆-၅၀၅၀၈ သို့ စုံစမ်းနိုင်ပါသည်။

**ပစ္စည်းများဝယ်ယူရေးကော်မတီ**
**ဇီဝနည်းပညာသုတေသနဌာန(ကျောက်ဆည်)**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန**
**နေပြည်တော်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ ပညာရေးသုတေသနဦးစီးဌာနအတွက် လိုအပ်သည့် ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-
(က) အသံလွှင့်နှင့် ရုပ်မြင်သံကြားရိုက်ကူးရေးဆိုင်ရာပစ္စည်းများ
(ခ) ရုံးသုံးစက်ပစ္စည်းများ
**တင်ဒါပိတ်ရက်** ၂၉-၉-၂၀၁၆ ရက် (တနင်္လာနေ့) ညနေ ၃း၀၀နာရီ
တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန၊ ရုံးအမှတ် ၅၂၊ နေပြည်တော်တွင် ကြော်ငြာပါသည့်ရက်မှစ၍ တစ်လအတွင်း ဆက်သွယ်ရယူနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန**
**ဖုန်း-၀၆၇-၄၃၀၁၆၂၊ ၀၉-၄၀၀၄၆၈၃၄၁**

---

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန**
**(ရေအရင်းအမြစ်) မကွေးတိုင်းဒေသကြီး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေတင်လုပ်ငန်းများတွင်လိုအပ်သော ပန့်၊ မော်တော၊ ရေတင်ပိုက်၊ စက်အရန်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။
**အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၈-၂၀၁၆ ရက်
**ပိတ်ရက်နှင့်အချိန်** - ၃၁-၈-၂၀၁၆ ရက်
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**(ရေအရင်းအမြစ်)မကွေးတိုင်းဒေသကြီးရုံး**
**တောင်တွင်းကြီးလမ်းနှင့် အဝေရာလမ်းထောင့်၊ မကွေးမြို့**
**ဖုန်း-၀၆၃-၂၃၁၈၇၊ ၀၉-၉၇၁၄၀၄၅၁၄၊ ၀၉-၆၅၆၀၆၀၄၊ ၀၉-၅၃၄၂၀၁၇**

---

**ပညာရေးဝန်ကြီးဌာန**
**စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**နည်းပညာတက္ကသိုလ်(တောင်ကြီး/ပင်လုံ/ကျိုင်းတုံ)**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ နည်းပညာတက္ကသိုလ်(တောင်ကြီး/ပင်လုံ/ကျိုင်းတုံ)တို့တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့်
EP၊ EC သင်ထောက်ကူပစ္စည်းများ ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၁၈-၇-၂၀၁၆ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၇-၈-၂၀၁၆ ရက် ညနေ ၄း၀၀နာရီ
**တင်ဒါရောင်းချတင်သွင်းရမည့်နေရာ** - နည်းပညာတက္ကသိုလ်(တောင်ကြီး/ပင်လုံ/ကျိုင်းတုံ)

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နည်းပညာတက္ကသိုလ်(တောင်ကြီး) ဖုန်း-၀၉-၄၂၈၃၃၅၄၁၈၊ နည်းပညာတက္ကသိုလ်(ပင်လုံ) ဖုန်း-၀၉-၄၀၃၇၃၄၇၅၄၊ နည်းပညာတက္ကသိုလ်(ကျိုင်းတုံ) ဖုန်း-၀၉-၂၆၅၅၁၄၆၃၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**နည်းပညာတက္ကသိုလ်(တောင်ကြီး/ပင်လုံ/ကျိုင်းတုံ)**

---

**ပညာရေးဝန်ကြီးဌာန**
**ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) **စက်ပစ္စည်း**
Hardisk (Seagate) 1 TB **(3)Nos,** Motherboard **(3)Nos,** LCD 20" Monitor **(1)Nos,** Digital Multimeter BM 8320**(22)Nos,** Dell Compellent SC 200 and SC 220 Enclosures**(1) Nos,** 3.5 inch Rpil LCD(A) (1)Nos, Pocket PC HP iP AQ 2215 **(1)Nos,** Sony Digital Voice Recorder LCD **(1)Nos,** Dell Sever HDD 1 TB **(1)Nos,** Motherboard ASUS H87 M-E **(2)Nos,** Memory DDR3 4GB**(2) Nos,** Memory DDR3 8GB **(2)Nos,** Hard Disk 1 TB **(2)Nos,** External Hard Disk 1 TB (1)Nos, Graphic Card GT 630 2Gb **(1) Nos,** Power Supply 750 Watt **(2)Nos,** Samsung Galaxy Note 10.1 for GIS Lab **(1)Nos,** 250 Volt Solar **(1)Nos,** Airconditioner Stand type (5 Hp) **(1)Nos,** Wireless Router **(1)Nos,** Desktop Computer**(6) Nos,** UPS 650 VA **(10)Nos,** Digital Multifunction Copier (Canon IR 2520) **(1)Nos,** Laser Printer (canon LBP-2900B, A4 Size) **(5) Nos,** Fax Printer **(1)Nos,** UPS Battery **(5)Nos**

(ခ) **ပရိဘောဂပစ္စည်း**
Office Table Standard **(2)Nos,** (Single Bed) **(24)Nos,** လက်တန်းမပါ ကုလားထိုင်(သစ်သား) **(20)Nos,** အရာရှိစားပွဲ **(5)Nos,** အမှုထမ်းစားပွဲ **(5) Nos,** Aluminium Locker (LK-118) 4 Shelf **(2)Nos,** Filing Shelf (Leeco) **(3)Nos,** Aluminium SLG 304, Steel, (LEECO) **(4)Nos,** Small Movable White with Triangle **(3)Nos**

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၁-၈-၂၀၁၆ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၂-၈-၂၀၁၆ ရက် (၁၅း၀၀)နာရီ
**တင်ဒါရောင်းချတင်သွင်းရမည့်နေရာ** - ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)

၃။ အသေးစိတ်အချက်အလက်များကို သိလိုပါက ကွန်ပျူတာတက္ကသိုလ်(ပုသိမ်) ဖုန်း-၀၉-၅၂၀၂၈၃၈၊ ၀၉-၂၅၁၁၂၄၈၉၃ တွင် စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေယာဉ်ကွင်းတည်ဆောက်ရေးတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|
| လေယာဉ်ပြေးလမ်းသုံးကတ္တရာ | ၁၂၉၇.၉၁၈ တန် |

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံများအား ၃-၈-၂၀၁၆ ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၁၆-၈-၂၀၁၆ ရက် ၁၅း၀၀နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။ တင်ဒါအချက်အလက်များနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းလိုပါက အောက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး**
**အုပ်ချုပ်စီမံရေးနှင့်နယ်လေဆိပ်များ**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၃၃၀၀၆၊ ၀၁-၅၃၃၀၃၀ လိုင်းခွဲ ၅၀၆**

---

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေ၌ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကြောင့်ဖြစ်ပေါ်ခဲ့သည့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကို ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan)များ ရေးဆွဲခြင်းနှင့်စီမံခန့်ခွဲမှု အစီအစဉ်အတိုင်း အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

